ကြေးမုံ
The Mirror Daily
၁၉၅၇ ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 5 May 2021 ၁၀၃၆၄

# အသိပေးကြေညာချက်

တရားမဝင်အဖွဲ့အစည်းနှင့် သတင်းဌာနအချို့သည် တရားမဝင်သော ဂြိုဟ်တုစလောင်းများမှတစ်ဆင့် ရုပ်သံလိုင်းများတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နေစဉ်ကာလအတွင်း နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးတို့ကို ထိခိုက်စေသော အကြောင်းအရာများနှင့် နိုင်ငံတော်အား သစ္စာဖောက်ဖျက်ပုန်ကန်မှုကျူးလွန်နေသူများကို အားပေးကူညီရာရောက်သည့် အကြောင်းအရာများကို ထုတ်လွှင့်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ထိုတရားမဝင်ဂြိုဟ်တု ရုပ်မြင်သံကြားဖမ်းစက်များကို တပ်ဆင်အသုံးပြုဖမ်းယူကြည့်ရှုမှုများပြုလုပ်ပါက အများပြည်သူ၏ ကောင်းကျိုးကို ရည်ရွယ်ပြဋ္ဌာန်းခဲ့သော တည်ဆဲဥပဒေ၊ နည်းဥပဒေများအား မသိနားမလည်စွာ ကျူးလွန်ဖောက်ဖျက်ရာ ရောက်မိတတ်ပါသည်။

သို့ဖြစ်ပါ၍ ထောင်ဒဏ် ၁ နှစ်၊ ဒဏ်ငွေ ၅ သိန်း အစရှိသည့် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း သိရှိစေရန် စေတနာကောင်းဖြင့် ကြိုတင်အသိပေး ကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
(၄-၅-၂၀၂၁)

# ရန်ကုန်မြို့ ဆိပ်ကမ်းများတွင် ကွန်တိန်နာ အတင်အချလုပ်ငန်းများ ပုံမှန်ဆောင်ရွက်လျက်ရှိ




ရန်ကုန် မေ ၄

ရန်ကုန်မြို့ ကမ်းနားလမ်းတစ်လျှောက်ရှိ နိုင်ငံခြားသင်္ဘောကြီးများ ဆိုက်ကပ်ရာ ဆိပ်ကမ်းများတွင် ကွန်တိန်နာအတင်အချလုပ်ငန်းများ ပုံမှန်အတိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာစက်မှုဆိပ်ကမ်း အထွေထွေမန်နေဂျာ ဦးသိန်းဌေးက "ကျွန်တော်တို့ဆိပ်ကမ်းကတော့ ကုန်သေတ္တာ အတင်အချလုပ်တဲ့ ဆိပ်ကမ်းဖြစ်ပါတယ်။ ကွန်တိန်နာတင် သင်္ဘောကြီးတွေ ဆိုက်ကပ်ရင် ကုန်တင်/ကုန်ချလုပ်ငန်းတွေ ဆောင်ရွက်ပေးတယ်။ ပြီးရင် လုပ်ငန်းရှင်တွေကို ပြန်ပြီးတော့ ပို့ဆောင်ပေးတဲ့အပိုင်းတွေ ဆောင်ရွက်ပေးပါတယ်"ဟု ပြောသည်။

**ဝင်ခွင့်ပြု**

ဆက်လက်၍ ၎င်းက "လုပ်ရိုးလုပ်စဉ်က အိပ်စပို့ကာဂိုနဲ့ အင်ပို့ကာဂို ဆိုပြီးရှိပါတယ်။ အိပ်စပို့ကာဂိုကတော့ ဒီကိုဝင်ရောက်လာပြီး မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကနေ လိုအပ်တဲ့ စာရွက်စာတမ်း အထောက်အထားတွေ ပါလာလို့ရှိရင် ကျွန်တော်တို့ ဆိပ်ကမ်းထဲကို ဝင်ခွင့်ပြုပါတယ်။ ဝင်ခွင့်ပြုပြီး အကောက်ခွန်စစ်ဆေးတဲ့ အပိုင်းတွေ ဆောင်ရွက်ပြီးရင် စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မေ ၄

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ မိုး/ဇလ

## ကြေးမုံ ယနေ့ ဖတ်စရာ

အနာဂတ်ဘဝတွေ မပျောက်ရှရအောင်
ဆောင်းပါး စာမျက်နှာ » ၆

၂၀၂၀ ပြည့်နှစ်၊ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲအောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရန် ကြေညာချက်
စာမျက်နှာ » ၇

# ကြေးမုံ

## မြန်မာပြည်သူပြည်သားအပေါင်းတို့ သုခိမင်္ဂလာဟောတု ဖြစ်ကြပါစေ

ကျွန်ုပ်တို့ ပြည်သူပြည်သားအပေါင်းတို့သည် ဒုက္ခအဖုံဖုံတို့နှင့် ကြုံတွေ့ခဲ့ကြရပါသည်။ ယမန်နှစ် ကိုဗစ်-၁၉ ကပ်ရောဂါဘေးနှင့် ကြုံတွေ့ခဲ့ကြရ၍ အနာရောဂါနှိပ်စက်ဖိစီးခြင်းတို့ကို ခံခဲ့ရသည့်အပြင် နောက်ဆက်တွဲ စီးပွားဥစ္စာ ထိခိုက်ဆုံးရှုံးခြင်းတို့ကိုပါ ခံစားခဲ့ကြရပါသည်။ ယခုနှစ်တွင် တိုင်းပြည်မတည်မငြိမ်ဖြစ်မှုနှင့် ဆူပူအကြမ်းဖက်၊ နှောင့်ယှက်ဖျက်ဆီးမှု အမျိုးမျိုးတို့ကြောင့် ရိုးသားအေးချမ်းစွာ နေထိုင်ကြသော ပြည်သူပြည်သားအပေါင်းတို့ ဒုက္ခအခက်အခဲများ ဆက်လက်ခံစားနေကြရပါသည်။

မည်သူ့မည်သူကိုမျှ ယိုးမယ်မဖွဲ့ဘဲ အများပြည်သူအကျိုးကို ရှေးရှုကြည့်ပါလျှင် ပြည်သူပြည်သားအပေါင်းတို့ စိတ်နှလုံးအေးချမ်းစွာ နေထိုင်နိုင်ကြစေရန်သာ အထူးလိုအပ်လျက်ရှိပါသည်။ သို့သော် တစ်စုံတစ်ဦး၊ အကြောင်းကိစ္စတစ်ခုခုတို့ကို အကြောင်းပြု၍ အမြင်မကြည်လင်မှုများ၊ ရန်လိုမုန်းထားမှုများ၊ ဖျက်လိုဖျက်ဆီးလုပ်လိုမှုများ၊ အကုသိုလ်အမှုဖြစ်စေသည့် ပြောဆိုလုပ်ကိုင်ကြံစည်မှုများကြောင့် ရိုးသားကြိုးစား အေးချမ်းစွာနေထိုင်လိုကြသော ပြည်သူပြည်သားများ ဒုက္ခအခက်အခဲများ ကြုံတွေ့ခံစားနေကြရသည်မှာ စိတ်မချမ်းမြေ့စရာများ ဖြစ်ကြရပါသည်။

ပြည်သူပြည်သားများ အလုပ်အကိုင်ခက်ခဲမှု၊ ငွေရေးကြေးရေး အဆင်မပြေမှု၊ ကျန်းမာရေးအတွက် အခက်အခဲဖြစ်မှု၊ သွားရေးလာရေး နေရေးထိုင်ရေးအတွက် စိုးရိမ်ပူပန်ဖြစ်မှုစသည့် ပြည်သူပြည်သားအပေါင်း၏ အခက်အခဲဖြစ်နေရမှု အားလုံးတို့ကို အမြန်ဆုံးပြေပျောက်စေလိုသည်မှာ အေးချမ်းစွာနေထိုင်စားသောက် သွားလာလုပ်ကိုင်လိုသူ ပြည်သူပြည်သားအပေါင်းတို့၏ ပကတိဆန္ဒအမှန်ဖြစ်သည်ဆိုပါက အငြင်းပွားစရာမရှိပါ။ ယခုအခါတွင် နေထိုင်သွားလာလုပ်ကိုင်မှု၊ ငွေရေးကြေးရေး ပြန်လည်စီးဝင်မှု၊ ရောဂါဘယကင်းဝေးရေး ဆေးကုသမှုစသည့် လူမှုအကျိုးပြုလုပ်ငန်းအရပ်ရပ်တို့ ပြန်လည်အသက်ဝင်လာသည်ကို တွေ့ကြရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်မိပါသည်။

ပြည်သူပြည်သားများ အလုံးစုံအဆင်ပြေသည်မဟုတ်သော်လည်း လိုအပ်နေသော မိမိတို့၏ငွေကြေးများကို ပြန်လည်ထုတ်ယူလာနိုင်ကြပြီဖြစ်သည်။ သွားမှုလာမှု နေမှုအချို့တို့တွင် စစ်ဆေးမှုအချို့ရှိသော်လည်း ဖြောင့်ဖြောင့်တန်းတန်း သွားနိုင်၊ အေးအေးချမ်းချမ်း နေနိုင်ကြပြီဖြစ်သည်။ ပြည်သူပြည်သားများ၏ကျန်းမာရေးနှင့်ပတ်သက်၍ မျှော်လင့်ချက်ကင်းမဲ့နေရာမှ အများပြည်သူဆေးရုံများကို ပြန်လည်ဖွင့်လှစ်ပေးနေပြီဖြစ်၍ လိုအပ်ချက်မှန်သမျှတို့ကို အလုံးစုံအပြည့်အဝမဟုတ်သော်လည်း အရေးပေါ်လိုအပ်မှုမှန်သမျှတို့ကို ပြသကုသမှုခံယူနိုင်ပြီဖြစ်သည်။ နေ့စဉ်နှင့်အမျှဆေးရုံများအား ပြန်လည်ဖွင့်လှစ်ပေးပြီး ရောဂါကုသလိုသော ပြည်သူပြည်သားများလာရောက်ကုသနေသည်တို့ကို မြင်တွေ့ရသည်မှာ စိတ်နှလုံးဝမ်းမြောက်ဖွယ်ရာဖြစ်သည်။

လောကတစ်ခွင် ရှင်သန်ရပ်တည်နေထိုင်ကြသော ပြည်သူပြည်သားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးရေးသည် အထူးလိုအပ်မှု၊ အထူးအားကိုးအားထားပြုရာဖြစ်သည်။ ပြည်သူ့ဆေးရုံများနှင့် ဆရာဝန်၊ ဆရာမများသည် ရောဂါဝေဒနာရှင် ပြည်သူပြည်သားများအတွက် အထူးအားကိုးအားထားစရာများဖြစ်ပါသည်။ ပြည်သူ့ဆေးရုံများတွင် CDM ပြုလုပ်မှုကြောင့် ရောဂါဝေဒနာရှင် ပြည်သူပြည်သားများမှာ အားကိုးအားထားရာ ကွယ်ပျောက်ခဲ့ရပြီး ဝေဒနာရှင်များ၏ အသက်ခန္ဓာများ မဖြစ်သင့်မဖြစ်ထိုက်ဘဲ ထိခိုက်ဆုံးရှုံးပျက်စီးခဲ့ကြရသည်မှာ ဝမ်းနည်းစိတ်မကောင်းစရာများအဖြစ် လူမသိသူမသိဖြစ်ခဲ့ကြရပါသည်။ ပြည်သူ့ဆေးရုံများသည်သာ ပြည်သူများ အားထားရာဖြစ်ပါသည်။ ယခုအခါ တာဝန်သိသော၊ ပြည်သူ့အကျိုးကို သယ်ပိုးထမ်းဆောင်နေသော ဆရာဝန်၊ သူနာပြုများက ပြည်သူပြည်သားတို့၏ အသက်ခန္ဓာများကို အခက်အခဲအမျိုးမျိုးကြားမှ ရှိသည့်အင်အားဖြင့် ကယ်တင်စောင့်ရှောက်ပေးနေကြပြီဖြစ်သည်။

ပြည်သူ ပြည်သားများ၏ နိစ္စဓူဝအခြားအခြားသော လုပ်ငန်းကိစ္စများတွင်လည်း အခက်အခဲအမျိုးမျိုးကြားမှ အတတ်နိုင်ဆုံးလည်ပတ်နိုင်အောင် ဆောင်ရွက်ပေးနေပြီဖြစ်သည်။ နိုင်ငံတော်က ပြည်သူပြည်သားများ၏ အကျိုးစီးပွားများကို ဖြည့်ဆည်းကူညီဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပြည်သူပြည်သားများကလည်း ယုံမှားသံသယကင်းစွာဖြင့် အပြည့်အဝပါဝင်ဆောင်ရွက်ကြဖို့လိုပါမည်။ နှောင့်ယှက်ဖျက်ဆီးဟန့်တားမှုများကို ရှင်းလင်းဖယ်ရှားပြီး ပြည်သူ့လုပ်ငန်းအဝဝတို့ကို ဆောင်ရွက်ပေးနေသည်မှာ ပြည်သူပြည်သားများ၏ အကျိုးစီးပွားအတွက်ဖြစ်ပါသည်။ ပြည်သူပြည်သားများ အေးချမ်းစွာနေထိုင်လုပ်ကိုင်ရပ်တည်နိုင်ရေးအတွက် စိတ်စေတနာရှင်းရှင်းဖြင့် ဆောင်ရွက်ပေးနေခြင်းဖြစ်ပါသည်။

ရှေ့ဆက်လက်၍လည်း နိုင်ငံတော်အစိုးရက နိုင်ငံတော်အနာဂတ်အကျိုးစီးပွား၊ ပြည်သူပြည်သားများ၏ လက်ငင်းအကျိုးစီးပွား၊ အနာဂတ်အကျိုးစီးပွားတို့ကို ဆက်လက်သယ်ပိုးထမ်းဆောင်ပေးနေမည်ဖြစ်ပါသည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ပြည်သူပြည်သားများ အဆင်ပြေလာစေရေးသည် တိုင်းပြည်အတွက်ရော၊ ပြည်သူပြည်သားများအတွက်ပါ ကောင်းသောစေတနာမှ ကောင်းသောမင်္ဂလာတရားများ ထွန်းကားလာခြင်းဖြစ်ပါသည်။ နိုင်ငံရေးသည် ပြည်သူပြည်သားများအား ချနင်းရေးမဖြစ်စေဘဲ နိုင်ငံရေးသည် ပြည်သူပြည်သားများ အကျိုးစီးပွားဖြစ်ထွန်းရေးဖြစ်သည်ကို ခွဲခြားရှုမြင်ကြရမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ယနေ့အချိန်ကာလမှစတင်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးနှင့် မြန်မာပြည်သူပြည်သားအပေါင်းတို့ ကောင်းရာကောင်းကြောင်း ကောင်းကျိုးအဖြာဖြာတို့နှင့်ပြည့်စုံ၍ သုခိမင်္ဂလာဟောတု ချမ်းသာသုခကောင်းသောမင်္ဂလာအပေါင်းနှင့်ပြည့်စုံနိုင်ကြစေရန် အားသွန်ခွန်စိုက်ကြိုးပမ်း ဆက်လက်ထမ်းဆောင်နိုင်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်း။ ။

## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ စာအုပ် စာစောင်များပေးအပ်ရန် အသိပေးကြေညာခြင်း

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ပုံနှိပ်သူ၊ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ခြောက်အုပ် သို့မဟုတ် ခြောက်စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ် ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါစာအုပ် စာစောင်များကို အမျိုးသားစာကြည့်တိုက်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနနှင့် အမျိုးသားစာပေဆုရွေးချယ်ရေးကော်မတီများသို့ ခွဲဝေပေးပို့လျက်ရှိပါသည်။ ထို့အပြင် ပေးပို့လာသော ထုတ်ဝေစာများကို ပြက္ခဒိန်နှစ်အလိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ထုတ်ဝေသော စာအုပ်စာတမ်းများစာရင်းတွင်လည်း ရေးသွင်းထားပြီး နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

သို့ပါ၍ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ (က) ပါ ပြဋ္ဌာန်းချက်များအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာခြောက်အုပ် သို့မဟုတ် ခြောက်စောင်ကို ဖြန့်ချိသည့် နေ့ရက်မှစ၍ ၇ ရက်အတွင်း ပုံနှိပ်သူထံပေးအပ်ပြီး ပုံနှိပ်သူသည် ၁၄ ရက်အတွင်း ပုံစံ ၁၁ ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ မပျက်မကွက်ပေးအပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**




### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၄ - ၅ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၁၀၀ | ၉,၁၀၀ | ၃၀၈ | ၂,၈၀၂,၈၀၀ |
| MTSH | ၃,၄၅၀ | ၃,၄၅၀ | ၃၉၉ | ၁,၃၆၁,၅၅၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၀ | ၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၁ | ၁၉,၅၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၀ | ၀ |
| EFR | ၃,၂၀၀ | ၃,၂၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### ရွှေဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၄

ရန်ကုန်(ရွှေဈေး) ၁၄၇၀၀၀၀

မန္တလေး(ရွှေဈေး) ၁၄၆၇၀၀၀

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၅၀.၉ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၈၆၃.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၃၉.၅၈ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၄၉.၇၄၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၇၆.၅၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၉၈၈ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၉၇.၈ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၆၁.၈ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၁၈.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၇.၉၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဒေါ်အေးအေးသင်းနှင့်အဖွဲ့

# စီးပွားရေး၊ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရေး ကောင်းမွန်မှသာ .....

အစိုးရတစ်ရပ်သည် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရသော အဓိကကျသည့်အဖွဲ့အစည်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရှိပြီး သဘောထားကွဲလွဲမှုများရှိခြင်းကြောင့် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုရှိအောင် ဆောင်ရွက်နေကြောင်း၊ တိုင်းရင်းသားများနှင့် တိုင်းရင်းသားမျိုးနွယ်စုများ၏ စုစည်းသည့်အင်အား ရရှိအောင်လည်း ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းလုံးညီညွတ်ရေးအတွက် ဖွဲ့စည်းပေးထားသည့် သက်ဆိုင်ရာကော်မတီများအလိုက် ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ စီးပွားရေး၊ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရေးကောင်းမွန်မှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၂-၄-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး





နေပြည်တော် မေ ၄

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်အဖွဲ့သည် မေ ၂ ရက် နံနက်ပိုင်းတွင် တနင်္သာရီမြို့နယ် ဘန်လော- ဘန်သဲ -ကျောက်မီးကျောင်း - မြန်မာ အင်းတော်ကျေးရွာချင်းဆက် ၁၀ မိုင် ၁ ဖာလုံ ပေါ်တွင် မြေလမ်းနှစ်မိုင် ဖောက်လုပ်ခြင်းနှင့် ကွန်ကရစ်တံတား ပေ ၈၀ တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

လုပ်ငန်းခွင်များတွင် သက်ဆိုင်ရာကုမ္ပဏီတာဝန်ခံ အင်ဂျင်နီယာများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများကို သတ်မှတ်ဘဏ္ဍာနှစ်အတွင်း အချိန်မီပြီးစီးရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားရန်၊ မြေသားလမ်းဖောက်လုပ်ရာတွင် ရေစီးရေလာကောင်းမွန်စေရေးအတွက် လမ်းဘေးရေမြောင်းများကို သတ်မှတ်ချက်အတိုင်း ဖောက်လုပ်သွားရန်၊ လမ်းပခုံးများကိုလည်း အမာခံရရှိရေးအတွက် ဆောင်ရွက်ရန်၊ တံတားများအတွက် ချဉ်းကပ်လမ်းများ အတက်အဆင်းပြေပြစ်၍ ရေတိုက်စားမှုမဖြစ်စေရေး အထူးဂရုပြုဆောင်ရွက်ရန်၊ မြေထိန်းနံရံများကို ခိုင်ခံ့ကောင်းမွန်အောင် ဆောင်ရွက်ရန်မှာကြားခဲ့ပြီး ဘန်သဲကျေးရွာအုပ်စု ဘန်သဲကျေးရွာ ရပ်မိရပ်ဖများ၏ သောက်သုံးရေအခက်အခဲရှိကြောင်း တင်ပြချက်အပေါ် တာဝန်ရှိသူများက ဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများကို ကွင်းဆင်းစစ်ဆေးတင်ပြသွားရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘုတ်ပြင်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော ဟန်ကပြုကျေးရွာအုပ်စု ဟန်ကပြု-ရွာဟောင်းလူလမ်း ၃၄ မိုင်ပေါ်တွင် မြေသားလမ်းသစ် ငါးမိုင် ဖောက်လုပ်ခြင်းနှင့် ကွန်ကရစ် ပေ ၄၀ တံတားတစ်စင်း၊ ၁၀ ပေ တံတားနှစ်စင်း၊ ၇၅ ပေ တံတားတစ်စင်း၊ ပေ ၇၀ တံတားနှစ်စင်း၊ ပေ ၅၀ တံတားနှစ်စင်း၊ ပေ ၈၀ တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက မကြာမီ မိုးရာသီကာလရောက်ရှိတော့မည်ဖြစ်၍ လုပ်ငန်းများကို အရည်အသွေးပြည့်မီစွာဖြင့် အမြန်ဆုံးပြီးစီးအောင် ဖိဖိစီးစီးဆောင်ရွက်သွားရန်နှင့် ယင်းလမ်းပေါ်တွင် ထပ်မံဆောင်ရွက်ရန် လိုအပ်လျက်ရှိသည့် မြေသားလမ်း၊ ကွန်ကရစ်လမ်း၊ တံတားနှင့် Box Culvert များကို လာမည့်ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက်နိုင်ရေး သေချာစွာ ကွင်းဆင်းစစ်ဆေးတင်ပြရန် မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မေ ၃ ရက် နံနက်ပိုင်းတွင် ဇာဒက်ကြီးကျွန်းရှိ ဓမ္မိကာရာမတပ်ဦးကျောင်းသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်နှင့် သံဃာတော်များအား သွားရောက်ဖူးမြော်ကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဇာဒက်ကြီးကျွန်းပေါ်ရှိ အသက် ၇၀ နှင့်အထက် ဆလုံလူမျိုး အဘိုး၊ အဘွား ၄၇ ဦးအတွက် ဆန်၊ ဆီ၊ ဆား စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ဇာဒက်ကြီးအထကရှိ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအတွက် ကျောင်းဝတ်စုံအဖြူအစိမ်းနှင့် ဗလာစာအုပ်များကိုလည်းကောင်း ထောက်ပံ့ပေးအပ်သည်။

**ညှိနှိုင်းဖြည့်ဆည်း**

ယင်းနောက် ဇာဒက်ကြီးကျွန်းပတ်လမ်း ၆၆ မိုင်ပေါ်တွင် ကျောက်လမ်း နှစ်မိုင်နှင့် ကွန်ကရစ်လမ်း ၁ မိုင် ၄ ဖာလုံခင်းခြင်း၊ ကွန်ကရစ်တံတား ပေ ၁၀၀ တစ်စင်း၊ ငါးပေ Box Culvert ၂၆ စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက လမ်းများရေရှည်ခိုင်ခံ့ကောင်းမွန်စေရေးအတွက် လမ်းပေါ်တွင် ရေမတင်စေရန်နှင့် လမ်းဘေးရေမြောင်းများကို ရေဆင်းကောင်းအောင်ပြုလုပ်ရန်၊ တံတားချဉ်းကပ်လမ်းများကို အလွှာလိုက်ကြိတ်၍ ခိုင်ခံ့အောင်ဆောင်ရွက်ရန်၊ မြေထိန်းနံရံများကို လိုအပ်ပါက တိုးချဲ့ဆောင်ရွက်ရန်၊ လုပ်ငန်းများကို အချိန်မီပြီးစီးရေးနှင့် သတ်မှတ် စံချိန်စံညွှန်း အရည်အသွေး ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ရေးတို့ကိုမှာကြားခဲ့ပြီး လုပ်ငန်းအခက်အခဲများ တင်ပြမှုအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ကော့သောင်းခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးနှင့် ကော့သောင်းမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသခံပြည်သူများအတွက် ထိရောက်ပြီး အကျိုးရှိသည့်လုပ်ငန်းများ ဖြစ်စေရေး စနစ်တကျစိစစ်တင်ပြအကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ သင်တန်းနည်းပြများအနေဖြင့် သင်တန်းသူများကို ဘာသာရပ်အလိုက် ကျွမ်းကျင်စွာသင်ကြားနိုင်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်စေရေးတို့အတွက် မိမိတို့ကိုယ်တိုင် စဉ်ဆက်မပြတ် လေ့လာဆည်းပူးရန် အသိ၊ အမြင်၊ ဗဟုသုတကြွယ်ဝရန်နှင့် အတွေးအခေါ်၊ အယူအဆ မှန်ကန်ရန်လိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်သည့်အားလျော်စွာ ရိုးသားမှု၊ စနစ်တကျနေထိုင်တတ်မှု၊ ကြိုးစားလိုစိတ်၊ အချင်းချင်း အထက်အောက်ရိုသေလေးစားပြီး စည်းလုံးညီညွတ်စွာဖြင့် နေထိုင်သွားကြရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ဝန်ထမ်းများအတွက် တူညီဝတ်စုံများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကော့သောင်းမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးပညာ သင်တန်းကျောင်းနှင့် ကော့သောင်းခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးအတွင်းရှိ ဝန်ထမ်းအိမ်ရာများ၊ စားရိပ်သာများ၊ လက်ရှိဘဏ္ဍာနှစ်တွင် တည်ဆောက်လျက်ရှိသည့် မော်တာအပ်ချုပ်စက်သင်တန်းဆောင် တည်ဆောက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း လမ်းတံတားလုပ်ငန်းများ၊ အိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်းများ၊ ရေရရှိရေးလုပ်ငန်းများစသည့် လုပ်ငန်းအရေအတွက် စုစုပေါင်း ၅၀ ကို ရန်ပုံငွေကျပ် ၅၀၂၄ ဒသမ ၄၂၃ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းနှင့် လုပ်ငန်းများအားလုံး သတ်မှတ်ဘဏ္ဍာနှစ်ကာလအတွင်း ပြီးစီးနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။ နိုင်ငံနဲ့လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ်ဆောင်ရွက်ကြရမှာ။**

ကြေးမုံ
မေ ၅၊ ၂၀၂၁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**နေပြည်တော် မေ ၄**



ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စားသုံးသူ ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မူပိုင်ခွင့်ဥပဒေဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ပြည်တွင်း ကုန်စည်စီးဆင်းမှုအခြေအနေများနှင့်ပတ်သက်၍ အပတ်စဉ်ကျင်းပသည့် ဝန်ကြီးဌာနတွင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းတက်ရောက် အမှာစကား ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ရှေးဦးစွာ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များက မြန်မာ့အထူးစီးပွားရေးဇုန်ဆိုင်ရာကိစ္စရပ်များ၊ ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့် မူဝါဒဆိုင်ရာ ကိစ္စရပ်များ၊ အဆောက်အအုံနှစ်ရှည်ငှားရမ်းခွင့်ကိစ္စရပ်များ၊ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းနှင့်ပတ်သက်သည့် ကိစ္စရပ်များ၊ ဝန်ထမ်းရေးရာနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို အသီးသီးဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဦးစီးဌာနများမှ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ထမ်းများအနေဖြင့် ချမှတ်ထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်နိုင်စေရေး၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုများကို Time Frame ထားရှိဆောင်ရွက်ကြရန်နှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဦးစီးဌာနများရှိ လက်အောက်ဝန်ထမ်းများကိုလည်း မိမိဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကို သိရှိနိုင်စေရေးအသိပေးရန်တို့ကို မှာကြားခဲ့ပြီး လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုး တွံတေး - မအူပင်လမ်းပေါ်ရှိ လမ်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းခွင်များ ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၄**

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးသည် ကောင်စီအဖွဲ့ဝင် ဦးအောင်သန်းဦးနှင့်အတူ မေ ၃ ရက် နံနက် ၁၁ နာရီက တွံတေးမြို့နယ် တွံတေး - မအူပင်လမ်းပေါ်ရှိ လမ်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းခွင်များအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ဇီးဖြူကုန်းတံတားရှင်းလင်းဆောင်တွင် ရန်ကုန်တိုင်းဒေသကြီးလမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ)ဦးထင်ကျော်က တွံတေး- မအူပင်လမ်းပေါ်ရှိ လမ်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းခွင်များဖြစ်သည့် အရှည်ပေ ၂၄၀ ရှိ ဇီးဖြူကုန်းတံတား၊ အရှည်ပေ ၁၂၀ ရှိအောင်ထွန်းချောင်းတံတားများ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက် သုံးပေခွဲဖြင့် တည်ဆောက်ပြီးစီးမှု၊ ဇီးဖြူကုန်းနှင့် အောင်ထွန်းချောင်းတံတားချဉ်းကပ်လမ်းများ ဆောင်ရွက်နေမှု၊ အရှည်ပေ ၂၁၀ ရှိ တကလဲ့တံတားမှာ Girder နှစ်ခန်းလောင်းပြီးကြောင်း၊ Overlay Slab လောင်းခြင်းမှာ တစ်ခန်းပြီးကြောင်း၊ သတ်မှတ်ကာလမတိုင်မီ ဩဂုတ်လကုန်တွင် လုပ်ငန်းများအားလုံး ပြီးစီးနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။



တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး တည်ဆောက်ရေးလုပ်ငန်းခွင်များအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

○ ရှေ့ဖုံးမှ

သင်္ဘောတင်ဖို့အတွက် စုပုံဖို့ လုပ်ပါတယ်။ ဒါကတော့ အိပ်စပို့ပိုင်းဖြစ်ပါတယ်။ အင်ပို့ပိုင်းကျတော့ သင်္ဘောကြီးကချတဲ့ ပစ္စည်းတွေကို ဆိပ်ကမ်းမှာ ယာယီစုပုံတယ်။ လုပ်ငန်းရှင်တွေက လိုအပ်တဲ့ စာရွက်စာတမ်း အထောက်အထားတွေ ပြည့်စုံလို့ရှိရင် အခွန်အခတွေ ပေးဆောင်ပြီးလို့ရှိရင် ပို့တာပါပဲ။

ဒီမှာတော့ အင်တာနက် ဝိုင်ဖိုင်အသုံးပြုပြီး လုပ်ငန်းတွေ ဆောင်ရွက်ပါတယ်။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နဲ့ရော အကောက်ခွန်ဦးစီးဌာနနဲ့ရော ကျွန်တော်တို့က အင်တာနက်နဲ့ ချိတ်ဆက်ပြီးတော့ ကုန်တင်ကုန်ချလုပ်ငန်းတွေ ဆောင်ရွက်ပါတယ်။ ပြီးခဲ့တဲ့ ၂ လပိုင်းမှာတော့ အင်တာနက်တွေ ပြတ်တောက်တဲ့အခါကျတော့ အခက်အခဲလေးတွေရှိခဲ့ပါတယ်။ သို့သော်လည်း မကြာခင်မှာ ပြန်ပြီးအဆင်ပြေသွားတဲ့အတွက်ကြောင့် အခုတော့ ကုန်ထုတ်ပေးတဲ့ လုပ်ငန်းတွေ အိပ်စပို့လုပ်ငန်းတွေ ချောချောမွေ့မွေ့နဲ့ ဆောင်ရွက်ပေးနိုင်တဲ့ အနေအထား ရှိနေပါတယ်” ဟု ပြောသည်။

မြန်မာစက်မှုဆိပ်ကမ်းအနေဖြင့် ရန်ကုန်မြို့ ဆိပ်ကမ်းသို့ ဝင်ရောက်လာသည့် ကွန်တိန်နာ ကုန်သေတ္တာ ၄၀ ရာခိုင်နှုန်းကို ကိုင်တွယ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုနှစ် ဖေဖော်ဝါရီလအထိ လစဉ်သင်္ဘောအစင်းရေ ၂၀ မှ ၃၀ကြား ဝင်ရောက်လျက်ရှိပြီး မတ်လတွင် သင်္ဘောအဝင်အထွက် အနည်းငယ် ကျဆင်းသွားကြောင်း သိရသည်။

“ကျွန်တော်တို့အနေနဲ့ လုပ်ငန်းရှင်တွေကို ပြောချင်တာက ကျွန်တော်တို့ ဆိပ်ကမ်းက လက်ရှိပုံမှန်လုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ တစ်ခါတစ်ရံ အကောက်ခွန်နဲ့ ညှိပြီးရင် ရုံးပိတ်ရက်တွေမှာလည်းပဲ အချိန်ပိုဆင်းပြီး ဆောင်ရွက်ပေးနေတာရှိတဲ့အတွက်ကြောင့် ယုံကြည်စိတ်ချစွာနဲ့ ကျွန်တော်တို့ဆီလာပြီးတော့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ပြောချင်ပါတယ်”ဟု မြန်မာစက်မှုဆိပ်ကမ်း အထွေထွေ မန်နေဂျာ ဦးသိန်းဌေးက ပြောသည်။

ရန်ကုန်ဆိပ်ကမ်းသည် ရေစူး ၉ မီတာနှင့် အလျား ၁၆၇ မီတာရှိသည့် တန်ချိန် တစ်သောင်းခွဲရှိ နိုင်ငံခြားသင်္ဘောကြီးများ ဝင်ထွက်သွားလာနိုင်ကြောင်း သိရသည်။

**သတင်း- လင်းလက်**
**ဓာတ်ပုံ- ကိုဇော်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင် ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဒုတိယဝန်ကြီး ဦးကိုကိုလွင် သာဂရစက်မှုနယ်မြေရှိ စက်ရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၄**

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုလွင်သည် ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရစက်မှုနယ်မြေရှိ အမှတ်(၃) စက်မှုသင်တန်းကျောင်း(သာဂရ) အစည်းအဝေးခန်းမ၌ အမှတ်(၁၄) အကြီးစားစက်ရုံ၊ အမှတ်(၁၅)အကြီးစားစက်ရုံနှင့် အမှတ်(၂၆) အကြီးစားစက်ရုံတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။



**စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး**

တွေ့ဆုံစဉ် စက်မှုဝန်ကြီးဌာနအနေဖြင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနများ ပြုလုပ်ခြင်း၊ စံချိန်စံညွှန်းများရေးဆွဲခြင်း၊ ဓာတ်ခွဲခန်းများ ထူထောင်ခြင်း၊ စက်မှုဇုန်များဖွံ့ဖြိုးရေးနှင့် စက်မှုလုပ်ငန်းများ ကြီးကြပ်စစ်ဆေး ဆောင်ရွက်ခြင်းဖြင့် Regulatory Body အဖြစ် ရပ်တည်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများကို တဖြည်းဖြည်း လျှော့ချ၍ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် Private Public Partnership–PPP အဖြစ် အသွင်ကူးပြောင်း ဆောင်ရွက်လျက်ရှိကြောင်း၊ သာဂရစက်မှုနယ်မြေရှိ စက်ရုံ၊ အလုပ်ရုံများအား ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်ရန် EoI ခေါ်ယူခဲ့သော်လည်း လျှောက်ထားတင်ပြလာသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ မရှိခဲ့ပါကြောင်း၊ အချို့နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများကို နိုင်ငံတော်အတွက် အကျိုးရှိအောင် အသုံးချနိုင်မည့် အခြားသင့်လျော်သည့် ဝန်ကြီးဌာနတစ်ခုခုက တောင်းခံလာပါက လွှဲပြောင်းပေးရမည်ဖြစ်ကြောင်း။

**ပူးပေါင်းဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ဝန်ထမ်းများအတွက် Management နှင့် Operation System သာ ပြောင်းလဲသွားမည်ဖြစ်ပြီး မိမိတို့၏ မူလတာဝန်များကိုသာ ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် Active ပြန်လည်ဖြစ်လာမည်ဖြစ်ကြောင်း၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန် စက်မှုသင်တန်းကျောင်းများမှလည်း စက်မှုကျွမ်းကျင်လုပ်သားများကို လေ့ကျင့်ပြုစုပျိုးထောင်ပေးခြင်းနှင့် နိုင်ငံ့ဝန်ထမ်းများကို Up Skilling နှင့် Re Skilling များ ပြုလုပ်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် ရာထူးအနွယ် ပိုင်ဆိုင်ခွင့်၊ အလုပ်ခွင်တည်မြဲခွင့် ရရှိမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့ကျွမ်းကျင်တတ်မြောက်ထားသည့် ပညာရပ်များကို နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် အကျိုးရှိအောင် အသုံးပြုသွားရမည်ဖြစ်ကြောင်း၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

# ချောင်းမငယ်ဆည်ဝန်းကျင် သီးနှံသစ်တော ရောနှောစိုက်ခင်းဧရိယာတွင် ပါဝင်သည့် တောင်သူများအတွက် နည်းပညာပေးသင်တန်းများ စတင်ဆောင်ရွက်

**နေပြည်တော် မေ ၄**

ချောင်းမငယ် ရေလှောင်တမံ ရေရှည်တည်တံ့ခိုင်မြဲရေး၊ သဘာဝပတ်ဝန်းကျင် လိုက်လျောညီထွေသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ထွန်းကားလာစေရန်၊ သစ်တောသစ်ပင်များ စိမ်းလန်းဝေဆာသည့် ခရီးသွားဝန်းကျင်သစ်တစ်ခု ဖြစ်ပေါ်လာစေရန် နေပြည်တော် လယ်ဝေးမြို့နယ်မှ ၁၂ မိုင်ခန့်အကွာတွင် တည်ရှိသည့် ချောင်းမငယ် ရေလှောင်တမံ ဧရိယာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ သီးနှံသစ်တောရောနှောစိုက်ခင်းများ ထူထောင်ဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါ ဒေသနေ တောင်သူလယ်သမားများအား စိုက်နည်းစနစ်အလေ့အကျင့်ကောင်းများနှင့် ရာသီအလိုက် ဆောင်ရွက်သွားမည့် အစီအစဉ်များ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မဒေါ့ပင်ကျေးရွာ စိုက်ပျိုးရေးအသိပညာပေးစင်တာ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထိန်နှင့် တာဝန်ရှိသူများက အချိန်ကာလအလိုက် ဆောင်ရွက်မည့် တောင်သူပညာပေး စိုက်ကွက်ဆောင်ရွက်မည့်နေရာကို တောင်သူများ စိတ်ကြိုက်နေရာ ရွေးချယ်သတ်မှတ်ရေး၊ သတ်မှတ်ထားသည့် သီးနှံအမျိုးအစားများမှ မိမိနှစ်သက်ရာ ရွေးချယ်စိုက်ပျိုးရေး၊ မျိုးစေ့ပျိုးပင်များ အသုံးပြုနိုင်ရေး၊ ရာသီအလိုက် စိုက်ပျိုးမည့် အစီအစဉ်များနှင့် ရာသီအလိုက် ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးကြသည်။

ချောင်းမငယ် ရေလှောင်တမံနှင့် ရုံးပင်သစ်တောကြိုးဝိုင်း ဧရိယာဝန်းကျင်တွင် သီးနှံသစ်တော ရောနှောစိုက်ခင်းထူထောင်သွားမည်ဖြစ်ရာ အဆိုပါဒေသရှိ ကျေးရွာများမှ တောင်သူများအား စိုက်ပျိုးနည်းပညာ သင်တန်းငါးကြိမ်နှင့် ဆွေးနွေးပွဲငါးကြိမ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် ပထမအကြိမ် သင်တန်းနှင့် ဆွေးနွေးပွဲတွင် သက်ဆိုင်ရာ ပညာရှင်များက ပို့ချဆွေးနွေးကြမည်ဖြစ်ကြောင်း၊ နှစ်ရှည်ပင် သီးနှံများအဖြစ် ကော်ဖီ၊ ငှက်ပျော၊ သရက်၊ ပိန္နဲများထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပြီး လိုအပ်သော မျိုးစေ့ပျိုးပင်နှင့် နည်းပညာများကို အနီးကပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းတွင် ချောင်းမငယ်ရေလှောင်တမံ ဧရိယာရှိ ကျေးလက်နေပြည်သူများ လူမှုအဆင့်အတန်းမြင့်မားရေး၊ ဒေသနေ တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများတွင် ခေတ်မီနည်းပညာများ အသုံးပြုနိုင်ရေး၊ လယ်ယာသုံးစက်ကိရိယာများ အသုံးပြုမှု ပိုမိုဖွံ့ဖြိုးလာရေး၊ ကျေးရွာကုန်ထုတ်လမ်းများ ဖောက်လုပ်ရေးနှင့် လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆည်၏ အထက်ဘက်ရေအဝင်လမ်းတစ်လျှောက်ရှိ ပေပင်ကျေးရွာနှင့် သရက်ချောင်းကျေးရွာများတွင် မြေဆီလွှာပြုန်းတီးမှုသက်သာစေရန် နှစ်ရှည်ပင်များ စိုက်ပျိုးထူထောင်ပေးခြင်း၊ စနစ်တကျ စိုက်ပျိုးသော အလေ့အကျင့်ကောင်းများ ပညာပေးခြင်းကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



**ညီညီသန်း(နေပြည်တော်)**

# အနာဂတ်ဘဝတွေ မပျောက်ရှရအောင်

## ထွန်းထွန်း(ခရေရိပ်)

နှစ်စဉ် ဇွန်လကိုရောက်ပြီဆိုရင် ဝသန်မိုးရဲ့ ကြိုဆိုနှုတ်ဆက်မှုနဲ့အတူ စာသင်နှစ်တစ်နှစ် စတင်ပါတော့တယ်။ "ပန်းကလေးများ ပွင့်တော့မည်၊ ဖူးတံဝင့်လို့ချီ၊ နေခြည်မှာ ရွှေရည်လောင်း၊ ငါတို့စာသင်ကျောင်း" အစရှိတဲ့ ကဗျာရွတ်ဆိုသံ၊ စာအံသံ၊ ကျောင်းတက်ခေါင်းလောင်းသံတို့ဟာ နွေရာသီကာလအတွင်း သွေ့ခြောက်နေခဲ့ရတဲ့ ကျောင်းတွေကို ပြန်လည်သက်ဝင် စိုပြည်စေမြဲ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့နှစ်က ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် စာသင်ကျောင်းတွေကို ပိတ်ထားခဲ့ရပြီး ကျောင်းသား ကျောင်းသူတွေဟာ ပညာသင်နှစ်တစ်နှစ်တာကို အိမ်မှာနေရင်း အချိန်တွေ အလဟဿ ကုန်ဆုံးခဲ့ရပါတယ်။ နာရီ၊ မိနစ်၊ စက္ကန့်တွေနဲ့ ဖွဲ့စည်းထားတဲ့ အချိန်တွေဟာ ဘဝတွေဖြစ်တာမို့ နိုင်ငံတော်အနေနဲ့ရော ကျောင်းသား ကျောင်းသူတွေ၊ မိဘတွေပါ ထိခိုက်နစ်နာခဲ့ရတဲ့အတွက် နိုင်ငံတော်အစိုးရက ယခုနှစ်မှာ ကျောင်းတွေကို ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်နိုင်ရေး အားထုတ်ကြိုးပမ်းလျက်ရှိပါတယ်။

တစ်ဖက်မှာလည်း ကမ္ဘာ့နိုင်ငံအများစုမှာ မျိုးဗီဇပြောင်း ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုနှုန်း မြင့်တက်နေတဲ့အချိန်ဖြစ်တာကြောင့် ကူးစက်မှုအန္တရာယ်ကနေ ကာကွယ်တားဆီးနိုင်ရေးအတွက် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး စည်းကမ်းချက်တွေနဲ့အညီ ကျောင်းတွေ ပြန်လည်ဖွင့်လှစ်သွားမှာဖြစ်တယ်လို့လည်း နိုင်ငံတော်အစိုးရက ပြောကြားထားပါတယ်။

**သတင်းထုတ်ပြန်ထား**

မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်တွေက ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ဖွင့်လှစ်ခဲ့တဲ့ နောက်ဆုံးနှစ်သင်တန်းတွေ၊ မဟာဘွဲ့(ရေး၊ ဖြေ) သင်တန်းတွေ၊ သက်မွေးပညာကျောင်းတွေက A.G.T.I သုံးနှစ်ဒီပလိုမာသင်တန်းတွေရဲ့ နောက်ဆုံးနှစ် အတန်းတွေနဲ့ အစိုးရနည်းပညာအထက်တန်းကျောင်းတွေရဲ့ နောက်ဆုံးနှစ်သင်တန်းတွေကို မေ ၅ ရက်မှာ ပြန်လည်ဖွင့်လှစ်တော့မယ်လို့ သတင်းထုတ်ပြန်ထားတာ တွေ့ရပါတယ်။

အခြေခံပညာကျောင်းတွေကိုတော့ ဇွန်လ ၁ ရက်မှာ ပုံမှန်စာသင်နှစ်အတိုင်း ဖွင့်လှစ်တော့မှာဖြစ်တဲ့အတွက် မေလ ၂၄ ရက်မှ ၃၁ ရက်အထိကို ကျောင်းအပ်နှံရေး ရက်သတ္တပတ်အဖြစ် သတ်မှတ်ထားပြီး ကျောင်းအပ်နှံရာမှာ အခကြေးငွေမကောက်ခံဘဲ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် Mask နဲ့ Face Shield တွေကို အခမဲ့ ထောက်ပံ့သွားမယ်လို့လည်း သိရပါတယ်။

**တိုက်တွန်းနှိုးဆော်**

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာမှာ ပညာရေးကဏ္ဍဟာ အရေးတကြီး ဦးစားပေး တည်ဆောက်ရမယ့်ကဏ္ဍဖြစ်တာကြောင့် ကျောင်းနေအရွယ် ကလေးအားလုံး ပညာသင်ယူခွင့် ရရှိဖို့ ကျောင်းအပ်နှံကြပါစို့လို့လည်း ပညာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်နေပါတယ်။

ပညာဆိုတာ ဉာဏစွမ်းရည်၊ အတတ်ပညာစွမ်းရည်၊ တွေးခေါ်မြော်မြင်နိုင်စွမ်း၊ ဆင်ခြင်စဉ်းစားနိုင်စွမ်း၊ အကြောင်းအကျိုး အကောင်းအဆိုးကို ဝေဖန်ပိုင်းခြားနိုင်စွမ်းတွေနဲ့ ပေါင်းစုထားတာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပညာရေးဆိုတာဟာ စိတ်ကူးတွေ၊ စွမ်းဆောင်ရည်တွေ၊ ကိုယ်ကျင့်တရားတွေကို သင်ကြားပေးခြင်းဖြစ်ပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ပညာရေးကဏ္ဍဟာ နိမ့်ကျနေသေးတာကြောင့် ကျောင်းသား ကျောင်းသူ၊ လူငယ်တွေဟာ တွေးခေါ်ဆင်ခြင်နိုင်မှု (Critical Thinking) အားနည်းနေတတ်ပြီး အလုပ်အကိုင်အခွင့်အလမ်းနဲ့ ဘဝရည်မှန်းချက်တွေဟာ ဝေဝါးနေမှာဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေရဲ့ ပညာရေး နှောင့်နှေးခြင်းဟာ နိုင်ငံအနာဂတ်တိုးတက်မှု နှေးကွေးခြင်းပဲ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကြောင့် မောင်ကျောင်းသားတို့ စာသင်နှစ်တစ်နှစ် ကုန်ဆုံးခဲ့ရပြီးပါပြီ။

ပညာရေးနဲ့ ပတ်သက်ရင် ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတိုင်းက ပညာရေးကဏ္ဍကို အပြည့်အဝ အားပေးဆောင်ရွက်လျက်ရှိတာကို လေ့လာတွေ့ရှိရပါတယ်။ တိုင်းပြည်တစ်ခုရဲ့ ဖွံ့ဖြိုးတိုးတက်ရေးဟာ ပညာရေးကို အခြေခံတဲ့အတွက် ကျောင်းသားကျောင်းသူတွေဟာ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးပါတဲ့ လူသားအရင်းအမြစ်တွေလည်း ဖြစ်ပါတယ်။ ဒါကြောင့် ၂၁ ရာစု ပညာခေတ်မှာ ဂိမ်းတွေ၊ YouTube တွေ၊ တန်ဖိုးမရှိတဲ့အရာတွေနဲ့ အချိန်တွေ မကုန်ဆုံးသွားဖို့ လိုပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံတွေနဲ့ ချမ်းသာကြွယ်ဝတဲ့ နိုင်ငံတွေကို နှိုင်းယှဉ်ကြည့်တဲ့အခါ ပညာရေးကွာဟချက် မြင့်မားတာကို တွေ့ရပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေရဲ့ ကောင်းမွန်တဲ့ ပညာရေးစနစ် အခြေခံအုတ်မြစ်ကြောင့် လူတစ်ဦးချင်းစီမှာ အလုပ်အကိုင်အခွင့်အလမ်းကောင်းတွေ ဖန်တီးပေးနိုင်ပြီး လုပ်ခလစာ မြင့်မားတာ၊ ဝင်ငွေတိုးတက်ရရှိတာတွေကြောင့် လူနေမှုဘဝတွေ အဆင့်မြင့်ကြတာကို တွေ့ရပါတယ်။

**ပညာရေးနဲ့ပတ်သက်ရင် ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတိုင်းက ပညာရေးကဏ္ဍကို အပြည့်အဝ အားပေးဆောင်ရွက်လျက်ရှိတာကို လေ့လာတွေ့ရှိရပါတယ်။ တိုင်းပြည်တစ်ခုရဲ့ ဖွံ့ဖြိုးတိုးတက်ရေးဟာ ပညာရေးကို အခြေခံတဲ့အတွက် ကျောင်းသားကျောင်းသူတွေဟာ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးပါတဲ့ လူသားအရင်းအမြစ်တွေလည်း ဖြစ်ပါတယ်။ ဒါကြောင့် ၂၁ ရာစု ပညာခေတ်မှာ ဂိမ်းတွေ၊ YouTube တွေ၊ တန်ဖိုးမရှိတဲ့အရာတွေနဲ့ အချိန်တွေ မကုန်ဆုံးသွားဖို့လို။**

**အကျိုးဆက်အဖြစ် လက်ခံရရှိ**

ပညာတတ်တွေနဲ့ တည်ဆောက်ထားတဲ့ တိုင်းပြည်ဟာ ဆင်းရဲချမ်းသာလူတန်းစား ကွာဟချက်နည်းပြီး တန်းတူညီမျှမှု၊ လူ့အခွင့်အရေးတွေကို အပြည့်အဝရရှိကြတဲ့အတွက် လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှုရှိတဲ့ဘဝတွေကို ပိုင်ဆိုင်ကြရမှာ ဖြစ်ပါတယ်။ ဘဝအာမခံချက် အပြည့်အဝပေးနိုင်တဲ့ လူနေမှုဘဝပုံစံ၊ အရည်အသွေးကောင်းမွန်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေကိုလည်း အကျိုးဆက်အဖြစ် လက်ခံရရှိကြမှာ ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံသားတစ်ဦးချင်းစီအတွက် သာမက နိုင်ငံအတွက် ပညာရေးဟာ အဓိက ဖြစ်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ပညာဆိုတာ ဝိဇ္ဇာဆိုတဲ့ အသိပညာနဲ့ သိပ္ပံဆိုတဲ့ အတတ်ပညာတို့ကို ပေါင်းစပ်ထားခြင်းဖြစ်ပါတယ်။ ပညာအားနည်းတဲ့အခါ ဘဝမှာကြုံတွေ့ရမယ့် အကျိုးတရားတွေကို အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရက ကိုးခန်းပျို့မှာ "ဝိဇ္ဇာသိပ္ပ၊ လူ့ကိစ္စကို ငယ်ကမသင်၊ ပျော်ပါးလွင်မူ၊ အကြင်သူအား စကားချေတင်၊ သဘင်မပြဲ၊ ခံတွင်းမဲ့သို့၊ ချို့တဲ့ပညာ၊ ညှိုးမျက်နှာနှင့် ရှုံ့ရှာလန့်ထိတ် အသံဆိတ်၏" လို့ ရေးဖွဲ့ခဲ့ပါတယ်။

ဘဝတစ်ခုမှာ ပထမအရွယ် ပညာရှာ၊ ဒုတိယအရွယ် ဥစ္စာရှာ၊ တတိယအရွယ် တရားရှာလို့ ဆိုကြပါတယ်။ ပထမအရွယ်ပညာရှာချိန်မှာ ပညာမရှာခဲ့မိရင် ဘဝခရီးလမ်းကို လျှောက်လှမ်းရာမှာ ခက်ခဲပင်ပန်းမှာဖြစ်ပါတယ်။ တကယ်တော့ ပထမအရွယ် ပညာရှာချိန်ဆိုတာ အသက်အရွယ်အားဖြင့် ငယ်နုပြီး တွေးခေါ်မြော်မြင်နိုင်စွမ်းကလည်း နည်းနေသေးတာကြောင့် ကိုယ်ဖြစ်ချင်တဲ့ ဝါသနာ၊ ဘဝရည်မှန်းချက်၊ ပန်းတိုင်တွေက မကွဲပြားသေးပါဘူး။ ပတ်ဝန်းကျင်ရဲ့ လွှမ်းမိုးမှုတွေကိုလိုက်ပြီး ကျောင်းသား ကျောင်းသူ၊ လူငယ်တွေရဲ့စိတ်က လိုက်ပါပြောင်းလဲတတ်တာကလည်း သဘာဝပဲမို့ အပြစ်ဆိုစရာ မဟုတ်ပါဘူး။

အဲဒီလိုအရွယ်မှာ မိဘတွေက မိမိတို့သားသမီးတွေကို ဘဝလမ်းကြောင်းဖြောင့်တန်းအောင်၊ တွေးခေါ်မှုတွေလမ်းကြောင်းမလွဲစေဖို့ ထိန်းမတ်ပေးရမှာဖြစ်ပါတယ်။ မှန်ကန်တဲ့ အရာတွေကိုသာ ဆုံးဖြတ်လုပ်ကိုင်တတ်အောင် ပဲ့ပြင်ဆုံးမရမှာဖြစ်ပါတယ်။

ကျောင်းသား ကျောင်းသူ လူငယ်တို့ရဲ့ နုပျိုလန်းဆန်းတက်ကြွတဲ့ အားမာန်တွေ၊ ထက်သန်ပြင်းပြတဲ့လုံ့လတွေကို ရည်ရွယ်ချက်မှန်မှန်နဲ့ အသုံးချတတ်ဖို့က ငြိမ်းချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ဖို့လိုပါတယ်။ ငယ်ရွယ်တဲ့၊ ဖြူစင်နုနယ်တဲ့၊ ဘာအရောင်မှ အစွန်းအထင်းမရှိသေးတဲ့ ပညာသင်ရမယ့်အရွယ် လူငယ်တွေဟာ ပညာရေးတစ်ပိုင်းတစ်စနဲ့ အယူအဆတွေ လွဲမှားပြီး အနာဂတ်ဘဝတွေ မပျောက်ရှရအောင် မိဘနဲ့ဆရာတို့က ဘေးရန်ဆီးကာကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။

ပညာပြည့်ဝမှသာ ကောင်းဆိုးနှစ်တန်ကို ဝေဖန်ပိုင်းခြားနိုင်ကြမှာ ဖြစ်တဲ့အတွက် မှန်မှန်ကန်ကန် ပျိုးထောင်နိုင်ဖို့၊ အသိအမြင်တွေ ကျယ်ပြန့်လာအောင်၊ ပိုမိုစည်းကမ်းကျနတဲ့ ဘဝတစ်ခုကို တည်ဆောက်လာနိုင်အောင် မိဘတွေအနေနဲ့လည်း မိမိတို့ရင်သွေးငယ်တွေကို ကျောင်းအပ်နှံကြဖို့၊ စာသင်ခန်းတွေဆီ ပို့ဆောင်ကြဖို့ တိုက်တွန်းလိုပါတယ်။ ။

**ကျောင်းသား ကျောင်းသူ လူငယ်တို့ရဲ့ နုပျိုလန်းဆန်းတက်ကြွတဲ့ အားမာန်တွေ၊ ထက်သန်ပြင်းပြတဲ့လုံ့လတွေကို ရည်ရွယ်ချက် မှန်မှန်နဲ့ အသုံးချတတ်ဖို့က ငြိမ်းချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ဖို့ လိုပါတယ်။ ငယ်ရွယ်တဲ့၊ ဖြူစင်နုနယ်တဲ့၊ ဘာအရောင်မှ အစွန်းအထင်းမရှိသေးတဲ့ ပညာသင်ရမယ့်အရွယ် လူငယ်တွေဟာ ပညာရေးတစ်ပိုင်းတစ်စနဲ့ အယူအဆတွေ လွဲမှားပြီး အနာဂတ်ဘဝတွေ မပျောက်ရှရအောင် မိဘနဲ့ဆရာတို့က ဘေးရန်ဆီးကာကြပါလို့ မေတ္တာရပ်ခံလို။**

# ၂၀၂၀ ပြည့်နှစ်၊ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲအောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန် ကြေညာချက်

၂၀၂၀ ပြည့်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားနိုင်ရန်အတွက် မိမိတို့စာမေးပွဲဖြေဆိုခဲ့သော စာစစ်ဌာနကြီးကြပ်ရေးမှူးများ (အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ) ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ် ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရမည့်ပုံစံ စာအိတ်ကို မေလ (၁၁) ရက် (အင်္ဂါနေ့)မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန် ဖြစ်ပါသည်။

အောက်ဖော်ပြပါ သီးခြားဝင်ခွင့်ရွေးချယ်မည့် တက္ကသိုလ်များသို့ ပထမဦးစားပေး လျှောက်ထားပါက လျှောက်လွှာများကို အဆိုပါတက္ကသိုလ်များသို့ တိုက်ရိုက်တင်သွင်း လျှောက်ထားရမည်ဖြစ်ပါသည်-

(၁) ရန်ကုန်တက္ကသိုလ်
(၂) မန္တလေးတက္ကသိုလ်
(၃) ရန်ကုန်နည်းပညာတက္ကသိုလ်
(၄) မန္တလေးနည်းပညာတက္ကသိုလ်
(၅) နည်းပညာတက္ကသိုလ် (မန္တလေး)
(၆) ရန်ကုန်ကွန်ပျူတာတက္ကသိုလ်
(၇) သတင်းအချက်အလက်နည်းပညာတက္ကသိုလ်
(၈) မန္တလေးကွန်ပျူတာတက္ကသိုလ်
(၉) ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီးနယ်မြေ)
ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)
(၁၀) ရန်ကုန်ပညာရေးတက္ကသိုလ်
(၁၁) စစ်ကိုင်းပညာရေးတက္ကသိုလ်
(၁၂) ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
(၁၃) မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
(၁၄) နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)
(၁၅) မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ မိတ္ထီလာမြို့

ဆေးတက္ကသိုလ်များနှင့် ဆေးပညာ နီးနွယ်တက္ကသိုလ်များ၊ တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေးအဖွဲ့မှ ရွေးချယ်မည့်တက္ကသိုလ်များသို့ ပထမဦးစားပေးလျှောက်ထားပါက လျှောက်လွှာများကို အောက်ဖော်ပြပါ တက္ကသိုလ်၊ ကောလိပ်များသို့ တင်သွင်းလျှောက်ထားရမည် ဖြစ်ပါသည်-

(၁) မြစ်ကြီးနားတက္ကသိုလ်
(၂) လွိုင်ကော်တက္ကသိုလ်
(၃) ဘားအံတက္ကသိုလ်
(၄) ဟားခါးတက္ကသိုလ်
(၅) မုံရွာတက္ကသိုလ်
(၆) ရွှေဘိုတက္ကသိုလ်
(၇) စစ်ကိုင်းတက္ကသိုလ်
(၈) ထားဝယ်တက္ကသိုလ်
(၉) တောင်ငူတက္ကသိုလ်
(၁၀) ပြည်တက္ကသိုလ်
(၁၁) ပဲခူးတက္ကသိုလ်
(၁၂) မကွေးတက္ကသိုလ်
(၁၃) ပခုက္ကူတက္ကသိုလ်
(၁၄) မန္တလေးအဝေးသင်တက္ကသိုလ်
(၁၅) မိတ္ထီလာတက္ကသိုလ်
(၁၆) ကျောက်ဆည်တက္ကသိုလ်
(၁၇) မော်လမြိုင်တက္ကသိုလ်
(၁၈) စစ်တွေတက္ကသိုလ်
(၁၉) တောင်ကုတ်တက္ကသိုလ်
(၂၀) ရန်ကုန်အဝေးသင်တက္ကသိုလ်
(၂၁) တောင်ကြီးတက္ကသိုလ်
(၂၂) လားရှိုးတက္ကသိုလ်
(၂၃) ကျိုင်းတုံတက္ကသိုလ်
(၂၄) ပုသိမ်တက္ကသိုလ်
(၂၅) ဟင်္သာတတက္ကသိုလ်
(၂၆) မအူပင်တက္ကသိုလ်

တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်များကို မေလ (၁၁)ရက်မှ ဇွန်လ (၁၄)ရက်အထိ စနေနေ့၊ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်များ အပါအဝင် (ပိတ်ရက်မရှိ) အထက်ပါတက္ကသိုလ်များ၌ လက်ခံမည် ဖြစ်ပါသည်။

သတ်မှတ်ရက်ကျော်လွန်မှ လျှောက်ထားသူများသည် အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားရမည်။

အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁၇-၅၃၇၆၇၇ နှင့် ၀၁၇-၅၂၅၆၁၂၊ ၀၁၇ -၅၀၃၁၄၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန**
**ပညာရေးဝန်ကြီးဌာန**



## မုံရွာတက္ကသိုလ်၊ မုံရွာစီးပွားရေးတက္ကသိုလ်နှင့် မုံရွာနည်းပညာတက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်ရေး ပါမောက္ခချုပ်များ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ မုံရွာတက္ကသိုလ်၊ မုံရွာစီးပွားရေးတက္ကသိုလ်နှင့် မုံရွာနည်းပညာတက္ကသိုလ်များသို့ မေ ၃ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဦးမောင်မောင်လင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဖြိုးသန့်နှင့် အဖွဲ့ဝင်များ သွားရောက်၍ မေ ၅ ရက်မှစ၍ တက္ကသိုလ်များ၏ နောက်ဆုံးစာသင်နှစ်များ ပြန်လည်ဖွင့်လှစ်သင်ကြားမည့် အခြေအနေများနှင့်ပတ်သက်၍ တက္ကသိုလ်ရှိ ပါမောက္ခချုပ်များ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် တက္ကသိုလ်အသီးသီးရှိ ပါမောက္ခချုပ်များနှင့် ဒုတိယပါမောက္ခချုပ်များက မေ ၅ ရက်တွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က နောက်ဆုံးစာသင်နှစ်သို့ တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများ စာသင်ကြားချိန်တွင် စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးနှင့် နေထိုင်ရေး၊ သွားလာရေး၊ စားသောက်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




**ခေတ်သစ်နယ်ချဲ့ အလိုကျ ရူးရူးနှမ်းနှမ်း လိုက်ပါမိရင် ဘဝတွေကြွေလွင့်ကြရမယ်။**
**မကောင်းမှုရှောင်ကာ ကောင်းမှုဆောင်နိုင်ကြပါစေ။ စိတ်ဖြူနှုတ်ဖြူ - အလုပ်ဖြူတဲ့ လူငယ်တွေ။**

## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးအစီအစဉ်ဆိုင်ရာသိရှိရန်အချက်များ
## “၂၀၂၁ -၂၀၂၂ ပညာသင်နှစ်”

၁။ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေးအပါအဝင် မည်သည့်အခကြေးငွေကိုမျှ လုံးဝမကောက်ခံပါ။

၂။ ကျောင်းအပ်နှံရာတွင်အခမဲ့ထောက်ပံ့မှုများ

(က) သူငယ်တန်း (KG) Workbook
၁။ သင်္ချာအခြေခံ ၂။ ပုံဆွဲခြင်းနှင့် ဆေးခြယ်ခြင်း ၃။ သင်ယူမှုရလဒ်မှတ်တမ်း
၄။ ဗျည်းအက္ခရာ၊ ကိန်းဂဏန်းတွေအရေးကျင့်ကြမယ်စာအုပ် ၅။ Mask (၂) ခု ၆။ Face shield (၁) ခု

(ခ) ပထမတန်း (Grade 1) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ
၇။ ဗလာစာအုပ် (၁) ဒါဇင် ၈။ ခဲတံ (၄) ချောင်း ၉။ Mask (၂) ခု ၁၀။ Face shield (၁) ခု

(ဂ) ဒုတိယတန်း (Grade 2) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ
၇။ ဗလာစာအုပ် (၁) ဒါဇင် ၈။ ခဲတံ (၄) ချောင်း ၉။ Mask (၂) ခု ၁၀။ Face shield (၁) ခု

(ဃ) တတိယတန်း (Grade 3) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ
၇။ ဗလာစာအုပ် (၁) ဒါဇင် ၈။ ခဲတံ (၄) ချောင်း ၉။ Mask (၂) ခု ၁၀။ Face shield (၁) ခု

(င) စတုတ္ထတန်း (Grade 4) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ
၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ)
၁၁။ ဗလာစာအုပ် (၁) ဒါဇင် ၁၂။ ခဲတံ (၄) ချောင်း ၁၃။ Mask (၂) ခု ၁၄။ Face shield (၁) ခု

(စ) ဆဋ္ဌမတန်း (Grade 6) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ(၁) ၄။ သင်္ချာ(၂) ၅။ သိပ္ပံ ၆။ ပထဝီဝင် ၇။ သမိုင်း ၈။ စာရိတ္တနှင့်ပြည်သူ့နီတိ
၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁) ဒါဇင်
၁၃။ ဘောပင် (၂) ချောင်း၊ ခဲတံ (၂) ချောင်း ၁၄။ Mask (၂) ခု ၁၅။ Face shield (၁) ခု

(ဆ) သတ္တမတန်း (Grade 7) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ(၁) ၄။ သင်္ချာ(၂) ၅။ သိပ္ပံ ၆။ ပထဝီဝင် ၇။ သမိုင်း ၈။ စာရိတ္တနှင့်ပြည်သူ့နီတိ
၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁) ဒါဇင်
၁၃။ ဘောပင် (၂) ချောင်း၊ ခဲတံ (၂) ချောင်း ၁၄။ Mask (၂) ခု ၁၅။ Face shield (၁) ခု

(ဇ) သတ္တမတန်း (Grade 8) သင်ရိုးဟောင်း
၁။ မြန်မာကဗျာလက်ရွေးစင် ၂။ ဇာတကဝတ္ထုများ ၃။ မြန်မာသဒ္ဒါ(အတွဲ-၁)၊ အခန်း(၃) ၄။ အင်္ဂလိပ်စာ
၅။ သင်္ချာ(၁) ၆။ သင်္ချာ(၂) ၇။ အထွေထွေသိပ္ပံ ၈။ ပထဝီဝင် ၉။ သမိုင်း ၁၀။ ဗလာစာအုပ် (၁) ဒါဇင်
၁၁။ ဘောပင် (၂) ချောင်း၊ ခဲတံ (၂) ချောင်း ၁၂။ Mask (၂) ခု ၁၃။ Face shield (၁) ခု

(ဈ) အဋ္ဌမတန်း (Grade 9) သင်ရိုးဟောင်း
၁။ မြန်မာကဗျာလက်ရွေးစင် ၂။ မဟော်သဓာဇာတ်တော်ကြီး(ပထမတွဲ) ၃။ မြန်မာသဒ္ဒါ(အတွဲ-၁)၊ အခန်း(၃)
၄။ အင်္ဂလိပ်စာ ၅။ သင်္ချာ(၁) ၆။ သင်္ချာ(၂) ၇။ အထွေထွေသိပ္ပံ ၈။ ပထဝီဝင် ၉။ သမိုင်း ၁၀။ ဗလာစာအုပ်
(၁)ဒါဇင် ၁၁။ ဘောပင် (၂) ချောင်း၊ ခဲတံ (၂) ချောင်း ၁၂။ Mask (၂) ခု ၁၃။ Face shield (၁) ခု

(ည) ဒသမတန်း (Grade 10) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ရူပဗေဒ ၆။ ဇီဝဗေဒ ၇။ ဘောဂဗေဒ ၈။ ပထဝီဝင်
၉။ သမိုင်း ၁၀။ စိတ်ကြိုက်မြန်မာစာ ၁၁။ လူမှုရေးသိပ္ပံ(ပထဝီဝင်သမိုင်း+ဘောဂဗေဒ) ၁၂။ သိပ္ပံ(ဓာတုဗေဒ+
ရူပဗေဒ + ဇီဝဗေဒ) ၁၃။ ပထဝီဝင် + သမိုင်း ၁၄။ ကာယပညာ(သို့မဟုတ်) အနုပညာ(ပန်းချီ) (သို့မဟုတ်)
အနုပညာ(ဂီတ) ၁၅။ စာရိတ္တနှင့်ပြည်သူ့နီတိ ၁၆။ ဗလာစာအုပ် (၁) ဒါဇင် ၁၇။ ဘောပင် (၂)ချောင်း၊ ခဲတံ
(၂) ချောင်း ၁၈။ Mask (၂) ခု ၁၉။ Face shield (၁) ခု

(ဋ) ဒသမတန်း (Grade 11) သင်ရိုးဟောင်း
၁။ မြန်မာကဗျာလက်ရွေးစင် ၂။ မြန်မာစကားပြေ ၃။ ရေသည်ပြဇာတ် ၄။ မြန်မာသဒ္ဒါ(အတွဲ-၂)၊ အခန်း(၆)
၅။ အင်္ဂလိပ်စာ ၆။ သင်္ချာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ ဇီဝဗေဒ ၁၀။ ဘောဂဗေဒ ၁၁။ ပထဝီဝင်
၁၂။ မြန်မာ့သမိုင်း ၁၃။ ကမ္ဘာ့သမိုင်း ၁၄။ စိတ်ကြိုက်မြန်မာစာ ၁၅။ ဗလာစာအုပ် (၁) ဒါဇင်
၁၆။ ဘောပင် (၂) ချောင်း၊ ခဲတံ (၂) ချောင်း ၁၇။ Mask (၂) ခု ၁၈။ Face shield (၁) ခု

# လက်ပံတန်းမြို့နယ်အတွင်း ပထမအကြိမ် ဂရန်အင်းများ လေလံတင်ရောင်းချ

**လက်ပံတန်း မေ ၄**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်အတွင်းရှိ ၂၀၂၁-၂၀၂၂ လုပ်ငန်းရာသီနှစ်အတွက် ပထမအကြိမ် ဂရန်အင်း လေလံတင်ရောင်းချခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက လက်ပံတန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး၌ ပြုလုပ်သည်။

အဆိုပါအခမ်းအနားကို ဒုတိယတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးမှူး ဦးစိုးမင်းနှင့် သာယာဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးစောထွန်းဦးတို့၏ ကြီးကြပ်မှုဖြင့် သာယာဝတီခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်ထွန်း ခေါင်းဆောင်သော ခရိုင်လေလံရောင်းချရေးအဖွဲ့ဖြင့် လေလံရောင်းချခဲ့သည်။

ပထမအကြိမ်လေလံရောင်းချရာတွင် စုစုပေါင်း လေလံအင်း ၂၅ အင်းမှ ၁၁ အင်းအား ကျပ် ၄၀၂၂၀၀၀၀ ဖြင့် ရောင်းချနိုင်ခဲ့သည်။ အစုအဖွဲ့လျှောက်ထားသည့် အင်းခြောက်အင်းရှိပြီး ကြမ်းခင်းဈေးမမီသည့် အင်းသုံးအင်းနှင့် ဆွဲဝယ်သူမရှိသည့် အင်းငါးအင်း ရှိသည်။ အစုအဖွဲ့လျှောက်ထားသည့် အင်းခြောက်အင်းအား ဒုတိယအကြိမ် အင်းလေလံသို့ ချိန်းဆိုထားပြီး အဆိုပါအင်းလေလံရောင်းချပွဲသို့ လေလံဆွဲဝယ်သူ ၉၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေးဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ ကျင်းပမည်

**နေပြည်တော် မေ ၄**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ကြီးမှူးကျင်းပသည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကို မေ ၁၃ ရက်မှ ၁၄ ရက်အထိ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ် (၃၅) ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

**ကြိုတင်စာရင်းပေးသွင်းနိုင်**

အဆိုပါ စာတမ်းဖတ်ပွဲသို့ မည်သူမဆို စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကျန်းမာရေးညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရသဖြင့် လူဦးရေကန့်သတ်ချက်ရှိသောကြောင့် တက်ရောက်လိုသူများအနေဖြင့် ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ) ဖုန်း-၀၆၇-၄၀၈၄၁၈၊ ဒုတိယညွှန်ကြားရေးမှူး(စီမံ/ဘဏ္ဍာ) ဖုန်း-၀၆၇-၄၀၈၀၂၉၊ လက်ထောက်ညွှန်ကြားရေးမှူး ဖုန်း-၀၆၇-၄၀၈၀၄၀ တို့သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ပါကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**



# မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်လှစ်

**နေပြည်တော် မေ ၄**

ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရန် ရည်ရွယ်၍ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်းပညာရပ်များကို ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် “Training Course On Food Processing” စီမံကိန်း၏ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း အမှတ်စဉ်(၂၇) သင်တန်းဖွင့်ပွဲကို မေ ၂ ရက် နံနက်ပိုင်းက နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**အခမဲ့သင်ကြား ပို့ချသွားမည်**

သင်တန်းတွင် ကိတ်နှင့်ကွတ်ကီးအမျိုးမျိုးပြုလုပ်ခြင်း၊ ရေခဲချောင်း၊ ရေခဲမုန့်နှင့် Milkshake အမျိုးမျိုးပြုလုပ်ခြင်း၊ သစ်သီးယိုအမျိုးမျိုးပြုလုပ်ခြင်း၊ သစ်သီးဖျော်ရည် အမျိုးမျိုးပြုလုပ်ခြင်း၊ သစ်သီးဝိုင်များပြုလုပ်ခြင်း၊ တာရှည်ခံသစ်သီးနှင့် သီးနှံခြောက် အမျိုးမျိုးပြုလုပ်ခြင်း၊ သစ်သီးဆော့စ်များပြုလုပ်ခြင်းများနှင့် အစားအစာဘေးကင်းလုံခြုံရေးဆိုင်ရာဘာသာရပ်များကို အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရှိ သင်တန်းနည်းပြများက မေ ၃ ရက်မှ ၉ ရက်အထိ စာတွေ့လက်တွေ့ အခမဲ့သင်ကြား ပို့ချသွားမည်ဖြစ်သည်။

မဲခေါင်-လန်ချန်းအထူးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် “Training Course On Food Processing” စီမံကိန်း၏ စားသောက်ကုန်နှင့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ ယခုဖွင့်လှစ်သည့် (၂၇)ကြိမ်မြောက် သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၁၀ ဦး တက်ရောက်ခဲ့ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၇၅ ဦးကို စားသောက်ကုန်နှင့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာများ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးနိုင်ခဲ့ကာ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းငယ်များ လုပ်ကိုင်လာနိုင်သည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်လျက်ရှိကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# လူမှုကွန်ရက်စာမျက်နှာပေါ်က အကုသိုလ်လက်ညှိုး

စာချစ်သူ

Generation – X ဟု ဆိုကြသည့် ကျွန်တော်တို့ ခေတ်ပြိုင် မျိုးဆက်တွေခေတ်က ငယ်ပေါင်းကြီးဖော်ကိုပြပါဆိုလျှင် စာအုပ်စာပေတွေကိုသာ ညွှန်ပြရပေမည်။

"စာအုပ်စင်ဟာ ပိုင်ရှင်ရဲ့စရိုက်နဲ့ အကြိုက်ကို ပြောပြနိုင်လေ့ရှိပါတယ်" ဆိုစကားနှင့်အညီ ကျွန်တော်တို့ခေတ်ပြိုင်မျိုးဆက်တွေရဲ့ လက်ထဲက စာအုပ်ကို စေ့ငုလေ့လာကြည့်ရုံဖြင့် သူ့ရဲ့စရိုက်နှင့် အကြိုက်ကို အနီးစပ်ဆုံး အကဲဖြတ်မြင်တွေ့နိုင်ပါသည်။

### ကိုယ်စီကိုယ်စီ ကိုင်ဆောင်နိုင်

၂၀၁၁-၂၀၁၅ နှစ်များမှာတော့ ခေတ်က ပြောင်းသွားသည်။ ၂၀၁၀ ပြည့်နှစ်ကာလက ပြည်သူလူထုအတွင်း လက်ကိုင်တယ်လီဖုန်း ကိုင်ဆောင်နိုင်မှုမှာ လူဦးရေ စုစုပေါင်း၏ ၂ ဒသမ ၇ ရာခိုင်နှုန်း၊ အင်တာနက်အသုံးပြုနိုင်သည့် ဦးရေမှာ သုည ဒသမ ၃ ရာခိုင်နှုန်း (လူဦးရေ တစ်သိန်းစွန်းစွန်း) မျှသာရှိခဲ့ရာမှ သမ္မတ ဦးသိန်းစိန် အစိုးရလက်ထက်တွင် ဆင်းကတ်များကို ငွေကျပ် ၁၅၀၀ ဖြင့် ရောင်းချပေးခဲ့သဖြင့် ပြည်သူသန်းပေါင်းများစွာတို့မှာ မိုဘိုင်းလ်လက်ကိုင်ဖုန်းများကို ကိုယ်စီကိုယ်စီ ကိုင်ဆောင်လာနိုင်ကြသည်။

ထိုသောအခါ ဖေ့စ်ဘွတ် လူမှုကွန်ရက် ယဉ်ကျေးမှုကြီးသည်လည်း မြန်မာနိုင်ငံအတွင်း တစ်မုဟုတ်ချင်းကြီးထွားလာလေသည်။ လူတိုင်း လူတိုင်း အနည်းဆုံးတော့ ကိုယ်ပိုင်ဖေ့စ်ဘွတ် အကောင့်တစ်ခုစီ ဖွင့်လှစ်သုံးစွဲလာကြသည်။

ကျွန်တော်တို့ခေတ်သို့နှယ် လူတို့၏ စရိုက်နှင့် အကြိုက်ကို သိလိုလျှင် လက်ထဲကစာအုပ်နှင့် ကိုယ်ပိုင်စာအုပ်စင်ကို အကဲခတ်စရာမလိုတော့၊ သူတို့၏လူမှုကွန်ရက် စာမျက်နှာပေါ်က ရေးသားဖော်ပြဖြန့်ဝေမှုများကို ကြည့်ရုံဖြင့် သူဘယ်လိုလူစားဟူ၍ အလွယ်တကူ အကဲဖြတ်သိမြင်နိုင်ပါတော့သည်။

အချို့က အလှကြိုက်သည်၊ အချို့က အစား၊ အချို့က ခရီးသွား၊ အချို့က အားကစား၊ စာပေ၊ ဂီတ၊ အနုပညာ စသဖြင့် သူတို့၏စရိုက်နှင့် အကြိုက်ကို ဆဝါးသိမြင်နိုင်ပါသည်။

သို့တစေများသောအားဖြင့်မူ ဖေ့စ်ဘွတ်ပေါ်တွင် အကုသိုလ်လက်ညှိုးများကား အသိန်းအသောင်း၊ အသိန်းအသန်းမက များပြားလွန်းလှသည်။

လူ့ဘောင်လူ့လောက လူ့အသိုင်းအဝိုင်းတွင် ထားရှိရမည့် လူ့ကျင့်ဝတ် လူ့စည်းကမ်း၊ လူ့စည်းဘီလူးစည်း၊ လူ့ဂုဏ်သိက္ခာတို့ကို အများစုက မသိ၊ မမြင်၊ နားမလည်ကြတော့။ လူချင်းသိသိ မသိသိ၊ ကိုယ့်သဘောထားအမြင် မှတ်ချက်များကို ဝင်ရေးကြသည်။ အမြင်ချင်းမတူပါက ကဲ့ရဲ့ပြစ်တင်၊ ပုတ်ခတ်ရှုတ်ချကြသည်။ အမနာပ၊ သမ္ဖပ္ပလာပဝါစာ သိမ်ဖျင်းသော၊ အကျိုးမရှိသော စကားတို့ကို ဝင်ရောက်ရေးသားကြပြန်သည်။

အဆိုးရွားဆုံးကတော့ ဂုဏ်သိက္ခာကြီးမြင့်သူများပါမကျန်အောင် ဆဲရေးတိုင်းထွာခြင်း အမှုများကို ကျူးလွန်သည်အထိ ဆိုးရွားလာလေသည်။

မှတ်မိသေးသည်။ သမ္မတဦးသိန်းစိန် အစိုးရခေတ်တွင် ဒုတိယသမ္မတတစ်ဦးက ခေတ်ပညာတတ်လူငယ် ဒုတိယဝန်ကြီးတစ်ပါးကို လုပ်ငန်းဆောင်တာကိစ္စရပ်များအား ပြည်သူများသိရှိရန် ဖေ့စ်ဘွတ် လူမှုကွန်ရက်စာမျက်နှာအသုံးပြု၍ ဖော်ပြရန် လမ်းညွှန်ပြောကြားခဲ့ရာ အဆိုပါ လူငယ်ဒုတိယဝန်ကြီးက "အဆဲခံရမှာ ကြောက်၍ ဖေ့စ်ဘွတ်ကို ယခင်က အသုံးမပြုခဲ့ပါကြောင်း" ပြန်လည်တင်ပြလေ၏။

### နိုင်ငံရေးကစားကွင်း တစ်ခုအဖြစ် အသွင်ပြောင်းလဲ

ပစ္စက္ခကာလတွင်မူ လူမှုကွန်ရက်စာမျက်နှာထက် အကုသိုလ်လက်ညှိုးများက ပို၍ပို၍ဆိုးရွားပြင်းထန်လာပါတော့၏။ လက်ရှိမြန်မာ့နိုင်ငံရေး အပြောင်းအလဲဖြစ်စဉ်အပေါ် မူတည်၍ ဖေ့စ်ဘွတ်သည် နိုင်ငံရေးသမားတို့၏ နိုင်ငံရေးကစားကွင်း တစ်ခုအဖြစ် အသွင်ပြောင်းလဲသွားလေတော့သည်။

ဖေ့စ်ဘွတ်စာမျက်နှာအစား မူလဘူတယ်ပေါင်း မိတ်ဆွေဖြစ်ခဲ့သည့် စာအုပ်စာပေ စာမျက်နှာတွေပေါ်၌သာ ပို၍ကျင်လည်ကျက်စားဖြစ်ပါတော့၏။

တိုက်တိုက်ဆိုင်ဆိုင် ယခုလက်ရှိ ကျွန်တော်ဖတ်ရှုနေသော ဆရာမြသန်းစံ ရေးသားပူဇော်သည့် ပါမောက္ခချုပ် ဆရာတော် အရှင်နန္ဒမာလာဘိဝံသ၏ ဘဝခရီးနှင့် ဓမ္မဆီမီး အတ္ထုပ္ပတ္တိစာအုပ်တွင် "ဖေ့စ်ဘွတ် မီဒီယာသုံးစွဲသူများအတွက် အဆုံးအမ" အခန်းတစ်ခန်း ပါရှိလေသည်။

ဗုဒ္ဓဘာသာဝင် အမျိုးကောင်းသား အမျိုးကောင်းသမီးတို့အတွက် လောကဓမ္မ အကျိုးကျေးဇူးကြီးမား

**ပြတင်းတံခါး ဖွင့်လိုက်သောအခါ လေတွေတော့ ဝင်လာပါ၏။ သို့သော် ပိုးကောင်၊ ယင်ကောင်တွေပါ လေနှင့်အတူ ရောဝင်လာလေ၏။ နိုင်ငံကြီးသားဆန်သော စိတ်တွေ မမွေးနိုင်သေးမီ နည်းပညာအသစ်က လက်ထဲရောက်လာသောအခါ အကိုင်အတွယ်မတတ်၊ အထိန်းအသိမ်းမတတ်သဖြင့် Facebook သည် တစ်စထက်တစ်စ ဒေါသ၊ အာဃာတတို့ ဖော်ထုတ်ဖောက်ခွဲရာမျက်နှာစာ ဖြစ်မှန်းမသိ ဖြစ်လာတော့သည်။ အချင်းချင်း အပြန်အလှန် ပုတ်ခတ်သံ၊ ဆဲဆိုသံတွေသည် Facebook မီဒီယာအပေါ်တွင် ဆူညံပွဲတင်ထပ်လာ၏။ မည်သူက မှန်၊ မှား မသိသော ပြဿနာတွေ၏ နောက်ကွယ်၌ ဆဲဆိုသံတွေသာ ပွဲတင်ထပ်ကျန်ရစ်။**

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်စေရန်လှုံ့ဆော်ခြင်း၊ မမှန်သတင်းများဖြန့်ဝေခြင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေပြီး ဆူပူအုံကြွမှုဖြစ်ပေါ်လာစေရန်နှင့် အများပြည်သူ အထိတ်တလန့်ဖြစ်စေရန်အတွက် သွေးထိုးလှုံ့ဆော်မှုများပြုလုပ်ခြင်း၊ အထူးသဖြင့် ငါနှင့်မတူ ငါ့ရန်သူဟု သတ်မှတ်ကာ Social Punishment ပြုလုပ်ခြင်းများအထိပါ လက်ရဲဇက်ရဲ ကျူးလွန်လုပ်ဆောင်လာကြသည်။

ဖေ့စ်ဘွတ်လောကကြီးသည် ယခင်ကလို ပျော်စရာမကောင်းတော့ပါ။ ရန်လိုမုန်းတီးမှုများနှင့် တင်းကျမ်းပြည့်နှက်နေလေပြီ။

သို့နှင့် ယခုနောက်ပိုင်းတွင် ဖေ့စ်ဘွတ်ကို ယခင်သို့နှယ် နေ့နေ့ညည ကျွန်တော် မသုံးစွဲတော့။ ခဏတစ်ဖြုတ်။ ထိုခဏတစ်ဖြုတ် ကြည့်မိသည့် အချိန်ပိုင်းလေးမှာပင် "သူလျှိုတွေ၊ ဒလန်တွေ" ဟူသည့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေမည့် စွပ်စွဲချက်များ၊ "သူငယ်ချင်း၊ မိတ်ဆွေအရင်းကြီးတွေထဲမှာတောင် ခရီးသွားခါတ်ပုံတွေ၊ အလှခါတ်ပုံတွေတင်နေကြပြီ။ သွေးအေးကုန်ပြီလား၊ ကျဆုံးသွားတဲ့ကလေးတွေကို မေ့ကုန်ကြပြီလား" စသဖြင့် လူပုဂ္ဂိုလ်တစ်ဦးချင်း၏ လွတ်လပ်ခွင့်များကိုပါ ကျူးကျော်ထိပါး စော်ကားလာကြသည့် မိတ်ဆွေသူငယ်ချင်းအချို့၏ ရေးသားဖော်ပြမှုများကိုပါ မြင်တွေ့လာရသဖြင့် စိတ်ပျက်လက်ပျက်ဖြင့် ဆက်လက်မကြည့်ဖြစ်တော့။

### မူလဘူတ ယပ်ပေါင်းမိတ်ဆွ

လူမှုကွန်ရက်စာမျက်နှာပေါ်က အကုသိုလ် လက်ညှိုးများသည် ပို၍ပို၍ များပြားလာသည်။ သို့အတွက် အပြန်အလှန် တုံ့မယူလိုတော့။ သည်မို့ အောက်ပါအတိုင်းပြန်လည်ဖော်ပြအပ်ပါ၏။

"၂၀၁၀ ပြည့်နှစ် မြန်မာ့နိုင်ငံရေးပြောင်းလဲမှုနှင့်အတူ ဆက်သွယ်ရေးကဏ္ဍသည်လည်း ထူးထူးခြားခြား ပြောင်းလဲလာခဲ့၏။ တယ်လီဖုန်း အော်ပရေတာကုမ္ပဏီများ တိုးပွားလာ၏။ ယခင် MPT ဆက်သွယ်ရေးတစ်လိုင်းတည်းရှိနေရာမှ Telenor၊ Ooredoo နှင့် Mytel အထိ ဆက်သွယ်ရေးကုမ္ပဏီတွေ လုပ်ပိုင်ခွင့်ရလာခဲ့၏။ တယ်လီဖုန်း Sim Card တွေ ပေါများလာခဲ့ပြီ။ လူတိုင်းလိုလို လက်ကိုင်ဖုန်းတွေနှင့်ဖြစ်ကုန်ကြပြီ။ သတင်းတွေကို ဂျာနယ်၊ မဂ္ဂဇင်း၊ ရေဒီယို၊ ရုပ်မြင်သံကြားမှတစ်ဆင့် စောင့်မျှော်နားဆင်ကြည့်ရှုရန် မလိုတော့။ Print Media ၏ အခန်းကဏ္ဍသည် ဖျော့တော့မှေးမှိန်လာပြီ။ လက်ဖဝါးပေါ်ရှိ ဖုန်းတွေထဲသို့ လတ်တလော အဖြစ်အပျက်သတင်းတွေ ရောက်လာခဲ့ပြီ။

### သတင်းသမားတွေ ဖြစ်လာ

သတင်းတစ်ပုဒ်သည် အယ်ဒီတာစားပွဲ၊ ဂျာနယ်၊ မဂ္ဂဇင်းတိုက်များကို ဖြတ်သန်းစရာမလိုတော့။ နေရာအနှံ့ရှိ လူအားလုံး သတင်းသမားတွေ ဖြစ်လာကြပြီ။ သတင်းမရေးတတ်လျှင် Video ဖိုင်တင်၍ စကားပြောနှင့် တင်နိုင်၏။ နိုင်ငံသားအချင်းချင်း အပြန်အလှန်ဆက်သွယ်ရေး (Citizen Media) သည် အားကောင်းလာခဲ့ပြီ။

ထိုအထဲတွင် မြန်မာနိုင်ငံသားတို့ အသုံးအများဆုံးမှာ Facebook ဖြစ်၏။ Facebook ကို နိုင်ငံတော်အစိုးရမှအစ ပြည်သူလူထုအဆုံး အကုန်သုံးကြလေပြီ။ နိုင်ငံရေးပါတီတွေကလည်း Facebook၊ စီးပွားရေး၊ လူမှုရေး၊ ကြော်ငြာရှင်များ၊ အနုပညာ၊ အားကစားနယ်ပယ်မှ ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများကလည်း Facebook၊ ယုတ်စွအဆုံး ရဟန်းသံဃာများသည်ပင်လျှင် Facebook မီဒီယာနှင့် မကင်း။

ပြတင်းတံခါး ဖွင့်လိုက်သောအခါ လေတွေတော့ ဝင်လာပါ၏။ သို့သော် ပိုးကောင်၊ ယင်ကောင်တွေပါ လေနှင့်အတူ ရောဝင်လာလေ၏။ နိုင်ငံကြီးသားဆန်သော စိတ်တွေ မမွေးနိုင်သေးမီ နည်းပညာအသစ်က လက်ထဲရောက်လာသောအခါ အကိုင်အတွယ်မတတ်၊ အထိန်းအသိမ်း မတတ်သဖြင့် Facebook သည် တစ်စထက်တစ်စ ဒေါသ၊ အာဃာတတို့ ဖော်ထုတ်ဖောက်ခွဲရာ မျက်နှာစာ ဖြစ်မှန်းမသိ ဖြစ်လာတော့သည်။ အချင်းချင်း အပြန်အလှန် ပုတ်ခတ်သံ၊ ဆဲဆိုသံတွေသည် Facebook မီဒီယာအပေါ်တွင် ဆူညံပွဲတင်ထပ်လာ၏။ မည်သူက မှန်၊ မှား မသိသော ပြဿနာတွေ၏ နောက်ကွယ်၌ ဆဲဆိုသံတွေသာ ပွဲတင်ထပ်ကျန်ရစ်တော့သည်။

ထို့ကြောင့် ပါမောက္ခချုပ် ဆရာတော်ကြီးသည် ကိုယ်တိုင်ဖြတ်သန်းနေရသော ခေတ်ကာလကြီးအတွင်း ဖြစ်ပေါ်နေသော ပြဿနာများကို ရိပ်စားမိသဖြင့် Facebook မီဒီယာကို အသုံးပြုရင်း အကုသိုလ်မများကြစေဖို့ ဆုံးမဩဝါဒပေးရပြန်၏။

### လက်ညှိုးအကုသိုလ်

ဒီနေ့ Facebook မှာ ဖြစ်နေကြတာကို ပါချုပ်ဆရာတော်ကြီး အရှင်နန္ဒမာလာဘိဝံသ ဟောသွားတဲ့ တရားလေး ...

ဆရာတော်ကြီးက ဖေ့စ်ဘွတ်ခေတ်မှာ ဖြစ်နေကြတာတွေကို မြင်ပြီးဟောထားတာ ထင်ပါရဲ့။

တချို့ အလကားနေရင်း ရန်လုပ်ကြတယ်။ အပြင်မှာ ရန်မလုပ်ရရင် ဖေ့စ်ဘွတ်ကနေ ရန်လုပ်တယ်။ အလကားနေရင်း ပွတ်ပြီးနှိပ်နေတာပဲ။

ပါးစပ်နဲ့မဆဲဘဲ ဖေ့စ်ဘွတ်မှာရေးပြီး ဆဲတာ။ ဘယ်သူ့ဆဲရမတုံး ဆဲလိုက်၊ ဘယ်သူ့အတင်းပြောရမတုံး ပြောလိုက်၊ အဲဒါတွေဟာ အကုသိုလ် ဖြစ်နေတာပဲ။

တကယ်တော့ ပါးစပ်နဲ့ဆဲရင် ဝစီကံ။ ဝစီကံကို "ဝစီဒွါရ" (ပါးစပ်)နဲ့ဖော်ဆောင်တာ ရှိသလို၊ "ကာယဒွါရ" (ကိုယ်အပြုအမူ)နဲ့ ဖော်ဆောင်တာလည်းရှိတယ်။

ဥပမာ ပါးစပ်နဲ့မဆဲဘူး။ ဖေ့စ်ဘွတ်မှာ ရေးဆဲတယ်။ အဲဒါ ကာယဒွါရ ဝစီကံ အကုသိုလ်ကံ။

ဝစီဒွါရ မုသာဝါဒါ၊ ကာယဒွါရ မုသာဝါဒါ။

ဝစီဒွါရ ဖရုသဝါစာ၊ ကာယဒွါရ ဖရုသဝါစာ။

ရဟန်းတွေမှာဆို ပါရာဇိက ကျတဲ့အထိ ဖြစ်နိုင်တယ်။ သေခြင်းတရားကို ချီးမွမ်းပြီး စာရေးမယ်ဆိုရင် အဲဒါကို သဘောကျပြီး သေသွားရင် အပြစ်ဖြစ်တယ်။

"မရဏဝဏ္ဏံ ဝါ သံဝဏ္ဏေယျ" ဆိုတဲ့ အပိုဒ်ပါတယ်။ လိမ်ရာမှာလည်း အတူတူပဲ။ ပုံမှန်ပါးစပ်နဲ့ပြောပြီး လိမ်တာ "ဝစီဒွါရဝစီကံ"။ စာရေးပြီး (ဖေ့စ်ဘွတ်က) လိမ်တာ "ကာယဒွါရဝစီကံ"။ ဖော်ဆောင်တာကို "ဒွါရ" ခေါ်တယ်။ ကိုယ်ကာယနဲ့ ဖော်ဆောင်တယ်။ လက်ညှိုးလေးနဲ့တို့လိုက်ရင် အဲဒါ ဆဲရေးခြင်းကိစ္စ၊ လိမ်ခြင်းကိစ္စ အထမြောက်သွားတယ်။

"လူတွေ လမ်းလွဲအောင် မဟုတ်တာတွေ လျှောက်ရေးရင် ဒါဟာ သမ္ဖပ္ပလာပဝါစာ"

"စိတ်က ဖြောင့်မတ်မှန်ကန်မှုမရှိရင် စိတ်က တွေးသမျှ၊ နှုတ်ကပြောသမျှ၊ ကိုယ်ကလုပ်သမျှ အကုသိုလ်တွေချည်းပဲ။ ဒီအကုသိုလ်တွေကို ဘယ်သူခံရမလဲ"

"လုပ်သူပဲ ခံရမှာ"။ ။

# ဗုဒ္ဓဘာသာကလျာဏယုဝအသင်းချုပ်နှင့် အလှူရှင်များက ရန်ကုန်မြို့ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီးနှင့် တပ်မတော်ဆေးရုံကြီးသို့ ခွဲစိတ်ခန်းသုံး နှာခေါင်းစည်းနှင့် အာဟာရဒါနများ လှူဒါန်း



**နေပြည်တော် မေ ၄**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)တို့တွင် တက်ရောက်ဆေးဝါးကုသမှုခံယူနေသူများအတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းချုပ်(YMBA)နှင့် အလှူရှင်များက ခွဲစိတ်ခန်းသုံး နှာခေါင်းစည်းနှင့် အာဟာရဒါနကျွေးမွေးရန် ငါးမြစ်ချင်းများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ တပ်မတော်ဆေးရုံများ၌ ပြုလုပ်သည်။

လှူဒါန်းပွဲများတွင် ဆေးရုံတပ်မှူးများက အဖွင့်အမှာစကားပြောကြားပြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်းချုပ်(YMBA)ဥက္ကဋ္ဌ ဦးရဲထွန်းက အလှူရှင်များကိုယ်စား လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူရှင်များဖြစ်ကြသည့် China Myanmar Economic Cooperation and Development Promotion Association Co.,Ltd မှ President ဖြစ်သူ Mr. LI FUQUAN က ခွဲစိတ်ခန်းသုံး နှာခေါင်းစည်း ၅၀၀၀၀ ကို လည်းကောင်း၊ ဦးရဲနိုင် မိသားစု Gold Luck Co.,Ltd က ငါးမြစ်ချင်းပိဿာ ၅၀ ကို လည်းကောင်း၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းချုပ်(YMBA)ဥက္ကဋ္ဌ ဦးရဲထွန်းမိသားစုက ငါးမြစ်ချင်းပိဿာ ၁၀၀ ကို လည်းကောင်း၊ ဦးစိုးထွန်းငြိမ်း+ဒေါက်တာသီရိဖြိုး (လမင်းတစ်ရာကုမ္ပဏီ)က ငါးမြစ်ချင်းပိဿာ ၅၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းရာ ဆေးရုံတပ်မှူးများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား တပ်မတော်ဆေးအဖွဲ့က COVID-19 ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မေ ၄**

ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအား COVID-19 ရောဂါနှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ် (၁၀)မြို့နယ် အဆောင်၌ Quarantine ထားရှိခဲ့သည်။

ထိုသို့ Quarantine ထားရှိသည့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၅၂ ဦးကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မေ ၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၆ ဦး တွေ့ရှိ

### COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
### (၄ - ၅ - ၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၃-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၄-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း(၂,၀၅၆)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၆)ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၈၃,၁၅၇)ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၈၅၈) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၈) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၉၉၇) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၂၃၉၇၁ | ၂၅၉၁၀၂၈၇ | ၅၉၁၅၄၄ |
| ၂။ | အိန္ဒိယ | ၂၀၄၀၀၈၅၂ | ၁၆၇၁၆၇၉၄ | ၂၂၃၂၈၄ |
| ၃။ | ဘရာဇီး | ၁၄၇၉၁၄၃၄ | ၁၃၃၃၆၄၇၆ | ၄၀၈၈၂၉ |
| ၄။ | ပြင်သစ် | ၅၆၅၆၀၀၇ | ၄၆၅၆၄၁၈ | ၁၀၅၁၃၀ |
| ၅။ | တူရကီ | ၄၉၀၀၁၂ | ၄၅၁၅၈၁၉ | ၄၁၁၉၁ |
| ၆။ | ရုရှား | ၄၈၃၉၅၁၄ | ၄၄၅၇၀၄၄ | ၁၁၁၅၃၅ |
| ၇။ | ဗြိတိန် | ၄၄၂၁၈၅၀ | ၄၂၁၀၇၅၀ | ၁၂၇၅၃၉ |
| ၈။ | အီတလီ | ၄၀၅၀၇၀၈ | ၃၅၀၅၇၁၇ | ၁၂၁၄၃၃ |
| ၉။ | စပိန် | ၃၅၄၀၄၃၀ | ၃၂၂၆၉၇ | ၇၈၂၉၃ |
| ၁၀။ | ဂျာမနီ | ၃၄၃၉၇၃၀ | ၃၀၆၁၅၀၀ | ၈၄၁၄၃ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၆၈၆၃၇၃ | ၁၅၄၁၁၄၉ | ၄၆၁၃၇ |
| ၂။ | ဖိလစ်ပိုင် | ၁၀၆၇၈၉၂ | ၉၈၄၂၁၀ | ၁၇၆၂၂ |
| ၃။ | မလေးရှား | ၄၂၀၆၃၂ | ၃၈၇၅၄၂ | ၁၅၇၄ |
| ၄။ | မြန်မာ | ၁၄၂၈၅၈ | ၁၃၁၉၉၇ | ၃၂၀၉ |
| ၅။ | ထိုင်း | ၇၂၇၈၈ | ၄၂၄၇၄ | ၃၀၃ |
| ၆။ | စင်ကာပူ | ၆၁၂၅၂ | ၆၀၈၀၆ | ၃၁ |
| ၇။ | ကမ္ဘောဒီးယား | ၁၆၂၉၉ | ၅၇၉၁ | ၁၀၇ |
| ၈။ | ဗီယက်နမ် | ၂၉၉၅ | ၂၅၆၀ | ၃၅ |
| ၉။ | လာအို | ၁၀၂၆ | ၆၀ | ၀ |
| ၁၀။ | ဘရူနိုင်း | ၂၂၈ | ၂၁၈ | ၃ |

# လက်ပံတန်းမြို့နယ် ပြည်သူ့ဆေးရုံတွင် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပုံမှန်ဆောင်ရွက်ပေးလျက်ရှိ

**လက်ပံတန်း မေ ၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ပြည်သူ့ဆေးရုံတွင် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပုံမှန်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ လက်ပံတန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန့်စင်က ယနေ့နံနက်ပိုင်းတွင် မြို့နယ်ပြည်သူ့ဆေးရုံ၌ တက်ရောက်၍ ဆေးဝါးကုသမှုခံယူနေသော ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ထားရှိမှုများနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှုများအား ကြည့်ရှုခဲ့ကြောင်း သိရသည်။



**အပတ်စဉ်ကုသပေးလျက်ရှိ**

လက်ပံတန်းမြို့နယ် ပြည်သူ့ဆေးရုံတွင် ထိခိုက်ဒဏ်ရာရလူနာများ၊ ဖျားနာလူနာများ၊ အထွေထွေရောဂါကုသလူနာများ၊ မွေးလူနာများ စုစုပေါင်း ၂၄ ဦး တက်ရောက် ကုသလျက်ရှိပြီး ပြင်ပလူနာဌာနတွင် တနင်္လာနေ့မှ သောကြာနေ့အထိ အပတ်စဉ် ကုသပေးလျက်ရှိရာ နေ့စဉ် လူနာ ၂၀ ဝန်းကျင်အား ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိကြောင်း မြို့နယ်ပြည်သူ့ဆေးရုံမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

မြို့နယ်
(ပြန်/ဆက်)

○ ကျောဖုံးမှ

အခုဆို ဆေးရုံကြီးမှာ အထူးကုဆရာဝန်တွေ တော်တော်များများ စုံနေပါပြီ။ သူတို့က ပြင်ပလူနာတွေကိုကြည့်ပြီး ရောဂါတွေကို ကုသပေးနေပါတယ်”ဟု မန္တလေးအထွေထွေရောဂါကုဆေးရုံအုပ်ကြီးက ပြောသည်။

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးကို မတ် ၁၇ ရက်က စတင်၍ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ထားပြီး ပြင်ပလူနာများ၊ အတွင်းလူနာများအပါအဝင် အရေးပေါ်ခွဲစိတ်ကုသမှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

“နောက်တစ်ဆင့်အနေနဲ့က လူနာဆောင်တစ်ခုကို ဖွင့်လှစ်ပြီး ဆေးရုံတက်ကုသဖို့လိုတဲ့ လူနာတွေကို ကုသပေးနေပါတယ်။ အရေးပေါ်ခွဲစိတ်ကုသဖို့ လိုတဲ့လူနာတွေလည်း ခွဲစိတ်ပေးနေပါတယ်။ အရေးပေါ်လူနာတွေကို အဓိကထား ကုသပေးတယ်။ လိုအပ်တဲ့လူနာတွေကိုလည်း တပ်မတော်ဆေးရုံကို လွှဲပြောင်းကုသပေးနေပါတယ်။ မန္တလေးဆေးရုံကြီးဆိုရင် နိုင်ငံတော်ရဲ့ ပံ့ပိုးမှုနဲ့ စက်ကိရိယာအစုံ၊ ဆေးဝါးအစုံရှိပါတယ်။ ဒီမှာရှိတဲ့ ဆရာဝန်တွေကလည်း လူနာတွေကို ကုသပေးဖို့ အဆင်သင့်ရှိနေပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းခွင်ဝင်ဖို့ နောက်ကျနေတဲ့ ဆရာဝန်တွေ၊ ဆရာမတွေလည်း တဖြည်းဖြည်း ပြန်လည်ဝင်ရောက်လာပါတယ်။ ဒီထက်ပိုပြီး ကျန်းမာရေးနဲ့ပတ်သက်တဲ့ စောင့်ရှောက်မှုတွေ ပေးနိုင်အောင်လည်း လုပ်ဆောင်နေပါတယ်” ဟု ၎င်းက ပြောသည်။

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် အထူးကုပြင်ပလူနာဌာနအပါအဝင် အခြားသော သက်ဆိုင်ရာ ဆေးကုသမှုဌာနများ ဖွင့်လှစ်ကာ ပြင်ပလူနာ၊ အတွင်းလူနာများအား ဆေးဝါးကုသလျက်ရှိရာ တစ်နေ့လျှင် လူနာ ၁၀၀ ကျော် လာရောက်ပြသပြီး ဆေးဝါးကုသမှုများ ခံယူလျက်ရှိကြောင်း သိရသည်။

တင်လင်းထက်



# ပုဗ္ဗသီရိမြို့နယ် ခုတင်- ၃၀၀ ဆံ့ ဆေးရုံကြီး၌ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိ

**နေပြည်တော် မေ ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ခုတင်- ၃၀၀ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ဆေးရုံအုပ် ဒေါက်တာသီတာစိုးအပါအဝင် ကျန်းမာရေးဝန်ထမ်း ၁၈၀ ခန့်ဖြင့် လူနာများအား နေ့ညမပြတ် လက်ခံကုသပေးလျက်ရှိသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့် ကာလတစ်လျှောက်လုံးတွင်လည်း သံသယလူနာများနှင့် ပိုးတွေ့လူနာများကို သီးသန့်လူနာဆောင် သုံးခုထားရှိပြီး လက်ခံကုသပေးလျက်ရှိသည်။

ပုဗ္ဗသီရိမြို့နယ်တွင် ခုတင်-၃၀၀ဆံ့ ပြည်သူ့ဆေးရုံကြီးအပြင် သွားနှင့် ခံတွင်း အထူးကုဆေးရုံကြီး၌လည်း အစိုးရရုံးပိတ်ရက်များမှအပ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ကုသပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# သင်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ လူနာများအား ဆေးဝါးကုသမှုများ ပြန်လည်ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိ

**ရန်ကုန် မေ ၄**

သင်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ အထူးကုပြင်ပလူနာဌာနအပါအဝင် အခြားသောသက်ဆိုင်ရာ ဆေးကုသမှုဌာနများ ပြန်လည်ဖွင့်လှစ်ကာ ပြင်ပလူနာ၊ အတွင်းလူနာများအား ၂၄ နာရီ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆေးရုံကြီးကို ဝန်ထမ်းအင်အား အခြေအနေအရ ဖေဖော်ဝါရီလ ဒုတိယပတ်မှ စတင်ပြီး အတွင်းလူနာဌာနနှင့် အချို့သောဌာနများကို ယာယီပိတ်ထားခဲ့ရကာ ပြင်ပလူနာဌာနနှင့် ပုံမှန်ကာကွယ်ဆေးထိုး လုပ်ငန်းများကိုသာ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

သင်္ကြန်ကာလအပြီးမှသာ ဆရာဝန်အင်အား ၈၁ ဦး၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများက အတွင်းလူနာ ၄၀ ခန့်နှင့် အခြားသောဌာနများကို ပုံမှန်လည်ပတ်ကုသပေးလျက်ရှိသည့်အပြင် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများကိုပါ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ သံသယရှိလူနာများအား Swab ယူစစ်ဆေးပေးပြီး တိုင်းကျန်းမာရေးအစီအစဉ်ဖြင့် ဖောင်ကြီး ကိုဗစ်-၁၉ ကုသရေးစင်တာသို့ ပို့ဆောင်ပေးလျက်ရှိသည်။

ယခုအခါ သင်္ဃန်းကျွန်းစံပြဆေးရုံကြီးသို့ တစ်နေ့လျှင် ပြင်ပလူနာဦးရေ ၅၀ ကျော်ခန့် လာရောက်ပြသလျက်ရှိပြီး အတွင်းလူနာဦးရေ ၄၀ ခန့် တက်ရောက်၍ ဆေးကုသမှုခံယူလျက်ရှိကြောင်း ဆေးရုံတာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

စန္ဒာမိုး(ပြန်/ဆက်)



# လှိုင်းဘွဲ့မြို့နယ် ပြည်သူ့ဆေးရုံတွင် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လက်ခံကုသပေးလျက်ရှိ

**လှိုင်းဘွဲ့ မေ ၄**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ပြည်သူ့ဆေးရုံတွင် မတ် ၁၉ ရက်မှစတင်၍ ကျန်းမာရေးဝန်ထမ်းများက ဒေသခံပြည်သူများ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လက်ခံကုသပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ပြည်သူ့ဆေးရုံကြီးတွင် ကျန်းမာရေးနှင့် ကုသရေးဆိုင်ရာ ကိစ္စရပ်များကို ဆရာဝန်တစ်ဦး၊ သူနာပြုဆရာမ ၁၁ ဦး၊ လက်ထောက်ကျန်းမာရေးမှူး လေးဦး၊ အမျိုးသားကျန်းမာရေးမှူး တစ်ဦး၊ သားဖွားဆရာမ ၁၃ ဦး၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၁)/(၂) ရှစ်ဦးနှင့် အခြားကျန်းမာရေးဝန်ထမ်း ၁၈ ဦးတို့က သတ်မှတ်ရက်အလိုက် လူနာများအား ကြည့်ရှုကုသပေးလျက်ရှိရာ အရေးပေါ်ကျန်းမာရေးကိစ္စများကိုလည်း ကုသစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မက္ကဆီကိုနိုင်ငံ၌ တံတားတစ်စင်း ပြိုကျမှုကြောင့် ၂၃ ဦးထက်မနည်းသေဆုံးပြီး ၇၀ ခန့်ဒဏ်ရာရ



**မက္ကဆီကိုစီးတီး မေ ၄**
မက္ကဆီကိုနိုင်ငံ၏မြို့တော် မက္ကဆီကိုစီးတီးမြို့ တောင်ဘက်တွင် ယမန်နေ့ညက မြေအောက်ရထားလမ်းရှိ တံတားတစ်စင်း ပြိုကျမှုတစ်ခု ဖြစ်ပွားခဲ့ပြီးနောက် လူ ၂၃ ဦးထက်မနည်း သေဆုံးပြီး ၇၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ယနေ့ပြောကြားသည်။

ဖြစ်စဉ်မှာ မြေအောက်ရထားလမ်းပေါ်ရှိ တံတားတစ်စင်းပေါ်တွင် မြေအောက်ရထားတစ်စင်းဖြတ်ကူးနေစဉ် ကွန်ကရစ်ဖြင့် တည်ဆောက်ထားသော တံတား၏ ရက်မကျိုးခဲ့ပြီးနောက် တံတားပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း မက္ကဆီကိုစီးတီးမြို့တော်ဝန်ကလော်ဒီယာရှိန်ဘွန်းက ဒေသဆိုင်ရာ ရုပ်သံလိုင်းတစ်ခုနှင့် တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ထည့်သွင်းပြောကြားခဲ့သည်။

အခင်းဖြစ်မှုနှင့် ပတ်သက်၍ တာဝန်ရှိသူများ အနေဖြင့် စုံစမ်းစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ အလွန်ပင် စိတ်မကောင်းဖြစ်မိပါကြောင်း ကလော်ဒီယာရှိန်ဘွန်းက ထပ်မံပြောကြားခဲ့သည်။

မြေအောက်ရထားလမ်းတံတားမှ ပြုတ်ကျသွားသည့် အဆိုပါရထားသည် မတည်ငြိမ်သောအနေအထားတွင် ရှိနေသေးသည့်အတွက် လက်ရှိအချိန်တွင် ကယ်ဆယ်ရေးလုပ်ငန်းများကို အဟန့်အတားဖြစ်စေခဲ့ကြောင်း သိရသည်။

ထို့အပြင် အဆိုပါမတော်မဆမှုတွင် ထိခိုက်ဒဏ်ရာရရှိသွားသူများကို ဆေးဝါးကုသမှုခံယူရန် နီးစပ်ရာဆေးရုံများသို့ ပို့ဆောင်ထားကြောင်း သိရသည်။ ပြိုကျသွားသော အဆိုပါ မြေအောက်ရထားလမ်းတံတားသည် ၂၀၁၂ ခုနှစ်မှစ၍ အသုံးပြုလျက်ရှိသည့် တံတားတစ်စင်းဖြစ်သည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – ဂျေတီ

# ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ လေးသိန်းကျော်ရှိလာ



**ရီယိုဒီဂျနေးရိုး မေ ၄**
ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၉၈၃ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၀၈၆၂၂ ဦးအထိရှိလာခဲ့ကြောင်း ဘရာဇီးနိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားခဲ့သည်။

ထို့ပြင် ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၄၆၁၉ ဦး ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၄၇၇၉၅၂၉ ဦးအထိ ရှိလာကြောင်း သိရသည်။

ဘရာဇီးနိုင်ငံသည် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုတွင် အမေရိကနိုင်ငံ၏ နောက်တွင် ဒုတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုတွင်မူ အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏နောက်၌ တတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

တောင်အမေရိက နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် စတင်တွေ့ရှိခဲ့ပြီး လက်ရှိအချိန်တွင်လည်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု မြင့်တက်လျက်ရှိကြောင်း သိရသည်။

ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်

# အီဂျစ်နိုင်ငံက ပြင်သစ်နိုင်ငံထုတ် ရာဖေးလ်ဂျက်တိုက်လေယာဉ် အစင်း ၃၀ ဝယ်ယူမည်

**ကိုင်ရို မေ ၄**
အီဂျစ်အစိုးရသည် နိုင်ငံ၏ကာကွယ်ရေးစွမ်းပကားကို မြှင့်တင်ရန် ပြင်သစ်ကာကွယ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် Dassault Aviation မှ ထုတ်လုပ်သည့် ရာဖေးလ်ဂျက် တိုက်လေယာဉ် အစင်း ၃၀ ဝယ်ယူရန် မှာယူထားကြောင်း အီဂျစ်တပ်မတော်က ယနေ့ အတည်ပြု ပြောကြားခဲ့သည်။

အီဂျစ်တပ်မတော်သည် ၂၀၁၅ ခုနှစ်က ပြင်သစ်ကာကွယ်ရေးကုမ္ပဏီထံမှ ရာဖေးလ်ဂျက်တိုက်လေယာဉ် ၂၄ စင်းဝယ်ယူရေးဆိုင်ရာ အရောင်းအဝယ်စာချုပ်တစ်ရပ် လက်မှတ်ရေးထိုးခဲ့ပြီးနောက် နောက်ထပ် ဂျက်တိုက်လေယာဉ် အစင်း ၃၀ ကို ထပ်မံမှာယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ စစ်လက်နက် အရောင်းအဝယ်စာချုပ်သည် အီဂျစ်နှင့် ပြင်သစ်အကြား သဘောတူခဲ့ပြီးသော အမေရိကန်ဒေါ်လာ ၄ ဒသမ ၈ ဘီလီယံနီးပါး တန်ကြေးရှိသည့် သဘောတူစာချုပ်တစ်ရပ်၏ အစိတ်အပိုင်းဖြစ်ကြောင်း အီဂျစ်ထောက်လှမ်းရေးနှင့် နီးစပ်သည့် သတင်းရင်းမြစ်က မေ ၃ ရက်တွင် ဖော်ပြထားသည်။

အီဂျစ်နိုင်ငံသည် ဆော်ဒီအာရေဗျနှင့် အိန္ဒိယနိုင်ငံတို့ပြီးနောက် ကမ္ဘာပေါ်တွင် စစ်လက်နက် တတိယအများဆုံး တင်သွင်းသည့်နိုင်ငံ ဖြစ်လာကြောင်း စတော့ခ်ဟုမ်းနိုင်ငံတကာ ငြိမ်းချမ်းရေးသုတေသနအဖွဲ့၏ ပြောကြားချက်အရ သိရသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း အီဂျစ်နိုင်ငံ၏ စစ်လက်နက်ဝယ်ယူမှုနှုန်းမှာ ၁၃၆ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ပြီး ယင်းစစ်လက်နက်များကို အမေရိကန်ပြည်ထောင်စုအပြင် ပြင်သစ်၊ ဂျာမနီနှင့် ရုရှားနိုင်ငံများမှ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း စတော့ခ်ဟုမ်းနိုင်ငံတကာ ငြိမ်းချမ်းရေးသုတေသနအဖွဲ့က ထပ်မံပြောကြားသည်။

ကိုးကား – အေအက်ဖ်ပီ
ဘာသာပြန် – ဂျေတီ



# ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၃၈ ဦး ထပ်မံတွေ့ရှိ



**ဖနောင်ပင် မေ ၄**
ကမ္ဘောဒီးယားနိုင်ငံ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၃၈ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ အရေအတွက် ၁၆၂၉၉ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

ယခုရောဂါကူးစက်ခံရသူများတွင် မြို့တော်ဖနောင်ပင်မှ ၆၀၈ ဦး၊ ကန်ဒယ်ပြည်နယ်မှ ၁၇၅ ဦး၊နှင့် ပရီဆီဟာနေပြည်နယ်မှ ၇၇ ဦး တို့ ပါဝင်သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါကူးစက်ခံရမှုမှ ပြန်လည်ကျန်းမာလာသူပေါင်း ၅၇၉၁ ဦးရှိပြီး အဆိုပါ ရောဂါကြောင့် သေဆုံးသူ ၁၀၇ ဦး ရှိခဲ့ကြောင်း သိရသည်။ ဖေဖော်ဝါရီ ၂၀ ရက်မှ စတင်ပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ တတိယအကြိမ်မြောက် အစုလိုက်အပြုံလိုက် ဖြစ်ပွားမှုများ စတင်ခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ မြင့်မားနေသော်လည်း မေ ၆ ရက်မှစတင်ပြီး ဖနောင်ပင်နှင့်အနီးတစ်ဝိုက်ရှိ တာကာမုမြို့တို့တွင် အသွားအလာကန့်သတ်မှုများ ဖြေလျှော့ပေးမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဆန်ဒက်ဟွန်ဆန်က ပြောကြားသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းကို ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ပြီး ယခုလက်ရှိအချိန်အထိ နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ထိုးနှံပြီးစီးသူဦးရေ ၁ ဒသမ ၄၆ သန်းရှိကြောင်း သိရသည်။

ကိုးကား–ဆင်ဟွာ
ဘာသာပြန်–စိုးသူရ

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း သန်း ၂၀ ကျော်အထိရှိလာ

**နယူးဒေလီ မေ ၄**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၅၇၂၂၉ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၂၀၂၈၂၈၃၃ ဦးအထိရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။



ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၄၄၉ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၂၂၄၀၈ ဦး အထိရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၁၆၆၁၃၂၉၂ ဦးရှိခဲ့ခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ ၃၄၄၇၁၃၃ ဦးရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု ရှိ၊ မရှိ လူဦးရေ ၁၆၆၃၇၄၂ ဦးအား စမ်းသပ်စစ်ဆေးခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု ရှိ၊ မရှိစစ်ဆေးပြီးသူ ၂၉၃၃၁၀၇၇၉ ဦးအထိရှိလာကြောင်း အိန္ဒိယနိုင်ငံ ဆေးဘက်ဆိုင်ရာ သုတေသနကောင်စီက ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

မြို့တော်နယူးဒေလီသည် အိန္ဒိယနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကူးစက်မှုအများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၄၄၈ ဦးရှိခဲ့ခြင်းကြောင့် မြို့တော်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၇၄၁၄ ဦးအထိ ရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု တတိယအဆင့်ကို မေ ၁ ရက်တွင် စတင်ခဲ့ခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီလအတွင်းက စတင်ခဲ့ရာ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁၅၈ သန်းကျော် သုံးစွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အာဂျင်တီးနားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၆၅၀၀၀ နီးပါးအထိရှိလာ

**ဗျူနိုအေးရိစ် မေ ၄**

အာဂျင်တီးနားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၄၀ ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၆၄၇၉၂ ဦးအထိရှိလာခဲ့ကြောင်း အာဂျင်တီးနားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

အာဂျင်တီးနားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၅၉၂၀ ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၀၂၁၁၇၉ ဦးအထိရှိလာကြောင်းလည်း သိရသည်။

ဗျူနိုအေးရိစ်ပြည်နယ်သည် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုအများဆုံးခံရသည့် ပြည်နယ်ဖြစ်ပြီး လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၃၁၉၅၄၃ ဦးရှိခဲ့ခြင်းကြောင်း အာဂျင်တီးနားနိုင်ငံတစ်နိုင်ငံလုံး ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အရေအတွက်၏ ၄၃ ဒသမ ၆၇ ရာခိုင်နှုန်းရှိကြောင်းလည်း သိရသည်။

အာဂျင်တီးနားနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဒီဇင်ဘာလအတွင်းက စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၈၁၃၉၅၂၆ လုံးအထိ အသုံးပြုပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**




# တရုတ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၂၇၉ သန်း သုံးစွဲခဲ့ပြီးဖြစ်

**မော်စကို မေ ၄**

တရုတ်ကျန်းမာရေးအာဏာပိုင်များသည် ယခုနှစ် ဇွန်လကုန်ပိုင်းတွင် နိုင်ငံ၏လူဦးရေ ၄၀ ရာခိုင်နှုန်းခန့်အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးရန် စီစဉ်ထားခြင်းနှင့်အတူ လက်ရှိအချိန်အထိ ပြည်တွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ သန်း ၂၈၀ နီးပါး သုံးစွဲခဲ့ပြီးဖြစ်ရာ ကာကွယ်ဆေးသုံးစွဲမှု ပမာဏတွင် အမေရိကန်ပြည်ထောင်စုကို ကျော်လွန်ကြောင်း သိရသည်။

တရုတ်ကျန်းမာရေးအာဏာပိုင်များသည် ပြည်တွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု တိုက်ဖျက်ရန် လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၂၇၉ ဒသမ ၀၅ သန်းကို ပြည်သူများအား ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း တရုတ်အစိုးရက မေ ၃ ရက်တွင် ကြေညာသည်။

အမေရိကန်ပြည်ထောင်စုတွင် လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၂၄၆ သန်းခန့် သုံးစွဲခဲ့ပြီးဖြစ်၍ ၎င်းတို့အနက် ကာကွယ်ဆေးအလုံးရေ သန်း ၁၀၀ ကျော်ကို ပြည်သူများအား ဒုတိယအကြိမ် ထိုးနှံပေးခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် မကြာသေးမီက ပြည်တွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပြတ်လပ်မှုနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ပြီးနောက် ပြီးခဲ့သည့်သီတင်းပတ်မှစ၍ ပြည်တွင်း ကာကွယ်ဆေးထိုးနှံပေးမှုအရှိန် ပြန်လည် မြင့်တက်လာကာ အမေရိကန် ပြည်ထောင်စုကို ကျော်လွန်ခဲ့ခြင်းဖြစ်သည်။

တရုတ်အစိုးရသည် ဒေသတချို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပြတ်လပ်မှုကို ကျော်လွှားနိုင်ရန် ရှန်းကန်လှုပ်ရှားလျက်ရှိပြီး လာမည့်လများတွင် ပြည်တွင်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဖြန့်ဖြူးမှုကို တိုးမြှင့်သင့်ကြောင့် တရုတ်နိုင်ငံ၏ အမျိုးသားကျန်းမာရေး ကော်မရှင်မှ ညွှန်ကြားရေးမှူး ဇန်ဇောင်ဝေက ဧပြီလက ပြောကြားခဲ့သည်။

တရုတ်အစိုးရသည် ယခုနှစ် ဇွန်လကုန်ပိုင်းတွင် နိုင်ငံ၏ လူဦးရေသန်း ၅၆၀ ခန့် သို့မဟုတ် နိုင်ငံ၏ လူဦးရေ ၄၀ ရာခိုင်နှုန်းခန့်ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးရန် စီစဉ်ထားကြောင်း ဂလိုဘယ်လ်တိုင်းမ် သတင်းစာ၏ ဖော်ပြချက်အရ သိရသည်။

**ကိုးကား - ရှရှားတူဒေး၊**
**ဘာသာပြန် - ဂျေတီ**

☆

# ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၆၈၃ ဦး ထပ်မံတွေ့ရှိ

**မနီလာ မေ ၄**

ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ ၅၆၈၃ ဦးကို ယနေ့ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ ၁၀၆၇၈၉၂ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်မှာ ၁၇၆၂၂ ဦး ရှိခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနကပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ဗြိတိန်မှ ပျံ့နှံ့လာသော B.1.1.7ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၈၉ဦး၊ တောင်အာဖရိကမှပျံ့နှံ့လာသော B.1.351 ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၈၀ နှင့် ဖိလစ်ပိုင်နိုင်ငံ၌ တွေ့ရှိရသော P.3 ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ကိုးဦးတွေ့ရှိရကြောင်း သိရသည်။

အဆိုပါဗီဇပြောင်း ဗိုင်းရပ်စ်သုံးမျိုးကို နိုင်ငံရပ်ခြားမှပြန်လည်ရောက်ရှိလာသူ ဖိလစ်ပိုင်လူမျိုးများနှင့် ဖိလစ်ပိုင်နိုင်ငံရှိ ဒေသခံများတွင် တွေ့ရှိခဲ့ရကြောင်းသိရသည်။ယခုကဲ့သို့နိုင်ငံအတွင်းဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်မှုများတွေ့ရှိရသဖြင့် ဖိလစ်ပိုင်နိုင်ငံသားများအား ကျန်းမာရေးဆိုင်ရာစည်းမျဉ်းများကို လိုက်နာကြရန် ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ နိုင်ငံအတွင်း ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်မှုများရှိလာသဖြင့် ပြည်သူလူထုအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်ကြရန် သမ္မတရိုဒရီဂိုဒူတာတေးက ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၅၄၂၈၆၉၈၂ | ဦး |
| သေဆုံးသူ | ၃၂၂၉၀၉၃ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၃၁၇၀၆၄၆၀ | ဦး |



# ဖားကန့်မြို့နယ်၌ ငွေကျပ်သိန်းတစ်ထောင်ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော်  မေ  ၄**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ ငွေကျပ်သိန်း ၁၀၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွ ရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မေ ၃ ရက် ညနေပိုင်းတွင် ဖားကန့်မြို့နယ် ဆိပ်မူ-ဝေခါသွား ကားလမ်း ဂျမ်ဂါကျေးရွာအနီး၌ စောင့်ဆိုင်းနေစဉ် လောက်ယီ(ခ)ဇော်ဂမ်(၂၈) နှစ်၊ ဒွဲအောင်(၂၈)နှစ်နှင့် အိုင်ဆွေမြင့် (၂၆)နှစ်တို့ သုံးဦး ဆိုင်ကယ်နှစ်စီးဖြင့် သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုးငွေကျပ် ၁၀၄၆ သိန်းကျော် တန်ဖိုးရှိစိတ်ကြွရူးသွပ်ဆေးပြား ၆၉၇၅၀ သိမ်းဆည်း ရမိခဲ့ကြောင်း၊ စစ်ဆေးပေါ်ပေါက်ချက်များအရ သိမ်းဆည်းရမိသော စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်မှ ကချင်ပြည်နယ် ဖားကန့်မြို့နယ်သို့ သယ်ဆောင် ရောင်းဝယ်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို စစ်ဆေးဖော် ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




# ရွှေကူ၊ သာကေတနှင့် တာမွေမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော်  မေ  ၄**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ညနေ ၅ နာရီခွဲတွင် ရွှေကူမြို့ အမှတ်(၃)ရပ်ကွက် သီရိလမ်းတွင် ကျော်သူအောင် မောင်းနှင်ပြီး မအေးအေးသန်း လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေး ရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၁ ကီလိုကို လည်းကောင်း။



မအေးအေးသန်း၊ ကျော်သူအောင်တို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့် အတူ တွေ့ရစဉ်။

**အရေးယူထား**

ထို့အတူ ယင်းနေ့မွန်းလွဲ ၂ နာရီခွဲတွင် သာကေတမြို့နယ် အမှတ်(၁) အနော်မာရပ်ကွက် မင်းနန္ဒာလမ်းတွင် သူရိန်ဌေး(ခ)လုံးလုံး မောင်းနှင်လာပြီး ကျော်ကျော်မိုး လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေး ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ညနေ ၄ နာရီခွဲတွင် တာမွေမြို့နယ် ကျောက်မြောင်းရပ်ကွက် ဗညားဒလလမ်း သီတာကားမှတ်တိုင် အနီးတွင် နေမျိုးအောင်(ခ)သစ္စာထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ထပ်မံ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# မိုင်းဖြတ်၌ ပြောင်းဆန်များ တင်ဆောင်လာသည့် ခြောက်ဘီးယာဉ်တစ်စီး အရှိန်လွန်တိမ်းမှောက်မှုဖြစ်ပွား

**မိုင်းဖြတ်  မေ  ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် ပြောင်းဆန်များတင်ဆောင်လာသည့် ခြောက်ဘီးယာဉ်သည် မေ ၂ ရက် မွန်းလွဲ ၂ နာရီခန့်က နားမွန်းကျေးရွာအနီး ကျိုင်းတုံ-မိုင်းဖြတ်-တာချီလိတ်သွား ပြည်ထောင်စုလမ်းမကြီးပေါ်တွင် အရှိန်လွန်ကာ တိမ်းမှောက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း စိုင်းကျောက် ဟိုခိုကျေးရွာ ကျိုင်းတုံမြို့နေသူ မောင်းနှင်သည့် Hino ခြောက်ဘီးယာဉ်သည် ပြောင်းဆန်အိတ် ၂၃၀ တင်ဆောင်လာပြီး ကျိုင်းတုံ-မိုင်းဖြတ်-တာချီလိတ်သွားပြည်ထောင်စုလမ်းမကြီးပေါ် မိုင်တိုင်အမှတ် (၇၁၄) ကီလိုမီတာအနီးတွင် အရှိန်မထိန်းနိုင်ဘဲ လမ်းအလယ်၌ လဲကျတိမ်းမှောက်မှုဖြစ်ပွားခဲ့ပြီး ယာဉ်မောင်းနှင့် ယာဉ်ပေါ်လိုက်ပါလာသည့် ၎င်း၏ သမီးဖြစ်သူ မနန်းစီကျောက်မှာ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်အား မဆင်မခြင်မောင်းနှင်သူ စိုင်းကျောက်အား မိုင်းဖြတ်မြို့မရဲစခန်းက အမှုဖွင့်လှစ်ထားရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ပုသိမ်မြို့၌ နေအိမ်သုံးမီးအားမြှင့်စက် အပူရှိန်လွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား

**ပုသိမ်  မေ  ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကုသိနာရုံ(၁)လမ်းနေ ဦးအာရွတ်၏ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုးနေအိမ်၌ ယနေ့နံနက် ၄ နာရီခန့်တွင် မီးလောင်မှုကြောင့် တိုင်းမီးသတ်ဦးစီးဌာနမှ သန္ဓေမီးသတ်တပ်အဖွဲ့ဝင် ၅၀ နှင့် မီးငြှိမ်းသတ်ယာဉ်တစ်စီး၊ အထောက်အကူပြုယာဉ်တစ်စီး၊ ပုသိမ်ခရိုင်မီးသတ်ဦးစီးဌာနမှ မီးငြှိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ အထောက် အကူပြုယာဉ်တစ်စီး၊ ပုသိမ်နယ်မြေမီးသတ်စခန်းမှ မီးငြှိမ်းသတ် ယာဉ်တစ်စီး၊ အထောက်အကူပြုယာဉ်တစ်စီး၊ ငဝန်ကျွန်းသာ မီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီးနှင့် မနောဖြူလူမှုကူညီရေးအသင်းမှ ရေသယ်ယာဉ်နှစ်စီး၊ အရန် မီးသတ် ၂၀ တို့ ပါဝင်ပူးပေါင်းရာ ၄ နာရီ ၅၅ မိနစ်တွင် မီးငြိမ်း သွားခဲ့သည်။

မီးလောင်မှုနှင့်ပတ်သက်၍ တိုင်းမီးသတ်ဦးစီးဌာနမှူးနှင့် နယ်မြေရဲစခန်းမှ ဒုရဲမှူးကျော်ဦးနှင့် တာဝန်ရှိသူတို့က စစ်ဆေး ရာ အိမ်ရှင်ဦးအာရွတ် ၆၄ နှစ် (ဘ-ဦးမူတူး)၏ နေအိမ်တွင် အသုံးပြုသော မီးအားမြှင့်စက်မှ အပူလွန်ကဲမှုကြောင့် နေအိမ် အကာပျဉ်များ မီးလောင်ရာမှ အိမ်ချင်းနီးကပ်နေသော နှစ်ထပ် အုပ်ညှပ်၊ သွပ်မိုးနေအိမ်များပါ မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ လူ၊ တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

ထို့ကြောင့် မီးပေါ့ဆသူ ဦးအာရွတ် ၆၄ နှစ် (ဘ-ဦးမူတူး) အား ပုသိမ်နယ်မြေရဲစခန်းက တရားစွဲဆိုထားကြောင်း သိရ သည်။

ပုသိမ်လှကြည်

# လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပန်းခင်းစီမံချက်လုပ်ငန်းစဉ်အား ရှင်းလင်းတင်ပြခြင်းအခမ်းအနားပြုလုပ်



**မန္တလေး မေ ၄**

မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပန်းခင်းစီမံချက်လုပ်ငန်းစဉ်အား ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ပြုလုပ်ရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်ကိုတက်ရောက်ပြီး အမှာစကား ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မန္တလေးတိုင်းဒေသကြီးဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးယဉ်ထွေးနှင့် ခရိုင်၊ မြို့နယ်အလိုက် မြို့နယ်ဦးစီးမှူးများ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များနှင့်အညီ မြန်မာနိုင်ငံသား တိုင်းရင်းသားများနှင့် ဥပဒေအရ နိုင်ငံသားများအား ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော ကတ်တစ်မျိုးမျိုး ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ စီမံချက်တွင် လုပ်ငန်း(၄) မျိုးကို အဆင့်(၄)ဆင့် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ရာ လက်ရှိဒေသတွင် အိမ်ထောင်စုစာရင်းရှိပြီး ကိုင်ဆောင်ကတ်ပြားမရှိသူများ၊ လက်ရှိဒေသတွင် အိမ်ထောင်စုစာရင်းနှင့် ကိုင်ဆောင်ကတ်ပြားမရှိသူများ၊ ရွှေ့ပြောင်းနေထိုင်သူများတွင် မူလဒေသ၌ အိမ်ထောင်စုရှိပြီး ကိုင်ဆောင်လက်မှတ်မရှိသူများ၊ ရွှေ့ပြောင်းနေထိုင်သူများတွင် မူလဒေသတွင်ရော လက်ရှိနေထိုင်သည့် နေရပ်တွင် အိမ်ထောင်စုစာရင်းနှင့် ကိုင်ဆောင်ကတ်ပြားမရှိသူများအား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပန်းခင်းစီမံချက်အား အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်သွားရန်နှင့် တိကျမြန်ဆန်မှန်ကန်မှုရှိစေရေးကို အလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၆) တိုင်းဒေသကြီး လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးယဉ်ထွေးက ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူးရုံးများပြုပြင်ပြောင်းလဲမှု စနစ်များကိုလည်းကောင်း၊ ပြည်ဝင်ဗီဇာအမျိုးမျိုးဖြင့် ဝင်ရောက်နေထိုင်သော နိုင်ငံခြားသားများအား မှတ်တမ်းစာအုပ်များ စနစ်တကျရေးသွင်း၍ ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်နေမှုများကိုလည်းကောင်း Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ရှင်းလင်းတင်ပြမှုနှင့်ပတ်သက်၍ တက်ရောက်လာသူများက ဆွေးနွေးခဲ့ရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုက ဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ပန်းခင်းစီမံချက်စတင်ဆောင်ရွက်ခြင်း အထိမ်းအမှတ်ပန်းခြင်းကို မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့ တိုင်းဒေသကြီး ဦးစီးမှူးက ဂါရဝပြုပေးအပ်သည်။

မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဆောင်ရွက်မည့် ပန်းခင်းစီမံချက်ကို ၂၀၂၂ ခုနှစ် မေ ၃ ရက်တွင်စတင်ပြီး နိုဝင်ဘာ ၃ ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရေပေးဝေရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၄**

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၂)၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့၊ အဖွဲ့ဝင် (၄) ဦးဇော်ဝင်းတို့သည် ယနေ့နံနက် ၁၁ နာရီက မင်္ဂလာဒုံမြို့နယ် နွယ်ခွေကျေးရွာ အမှတ် (၃) လမ်းမဘေးရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် အောင်တံခွန်ရေပေးဝေရေးစခန်း လုပ်ငန်းဆောင်ရွက်နေမှုများနှင့် မင်္ဂလာဒုံမြို့နယ်၊ ပန်းခြံကုန်း၊ လေယာဉ်ထုတ်လုပ်ရေးနှင့်ပြင်ဆင်ရေး ဌာနချုပ် ဝင်းရှေ့ ပြည်လမ်းမကြီးတွင် ရေပိုက်လိုင်းချပြီး လမ်းသားပြန်လည်ခင်းကျင်းနေမှုလုပ်ငန်းများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အောင်တံခွန်ရေပေးဝေရေးစခန်းသည် ငမိုးရိပ်ဆည်မှရေအား တူးမြောင်းနှင့်သွယ်ယူပြီး ညောင်နှစ်ပင်ရေသန့်စင်စက်ရုံ၌ ရေအားသန့်စင်စေပြီး ရေဂါလန်သန်း ၄၀ အား လှော်ကားရေလှောင်ကန်သို့ နေ့စဉ်ရေအားဖြည့်တင်းပေးနေကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဗိုလ်ဌေးနှင့် ဦးဇော်ဝင်းတို့သည် မင်္ဂလာဒုံမြို့နယ် ပန်းခြံကုန်း လေယာဉ်ထုတ်လုပ်ရေးနှင့် ပြင်ဆင်ရေးဌာနချုပ်ဝင်းရှေ့ ပြည်လမ်းမကြီးတွင် ရေရရှိရေးနှင့် ရေပေးဝေရေး လုပ်ငန်း တာဝန်ခံအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် အရှည် ပေ ၂၇၀၀ ရှိ ၆၆ လက်မ Ø DI ရေပိုက်လိုင်းချပြီး လမ်းသားပြန်လည်ခင်းကျင်းနေမှုလုပ်ငန်းခွင်သို့ ရောက်ရှိ စစ်ဆေးရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြို့တော်ဝန် ဦးဗိုလ်ဌေးက လုပ်ငန်းများ သတ်မှတ်အချိန်အတွင်း စံချိန်စံညွှန်းကိုက်ညီစွာဖြင့် ပြီးစီးရေးနှင့် လုပ်ငန်းခွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ အဆိုပါ ခင်းကျင်းလျက်ရှိသည့် လမ်းအား အရှည် ပေ၂၇၀၀၊ အကျယ် ၁၀ ပေ၊ ၃ ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းပြီး အပေါ်၌ AC ထပ်လောင်းခင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

**နေပြည်တော် မေ ၄**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ၂၀၁၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရရှိသည့် စာရေးဆရာ မောင်နေခြည် (ပြည်) ၏ “နှလုံးသားထဲက ခဲလက်ရေးနှင့် အခြားဝတ္ထုတိုများ” စာအုပ်ကို ဖြန့်ချိရောင်းချလျက် ရှိသည်။

ယင်းစာအုပ်တွင် နှလုံးသားထဲက ခဲလက်ရေး၊ မြေအိုးတစ်လုံး၏လားရာ၊ ကျွန်တော်တို့ ရွာသားစကားဥပမာ၊ လောကဇာတ်ခုံ အလုံးစုံ၊ အဖေ၏ဆန္ဒ စသည့် ဝတ္ထုတို (၁၁) ပုဒ် ပါဝင်သည်။ အဆိုပါ ဝတ္ထုများသည် ကျေးရွာအခြေပြု ဝတ္ထုများဖြစ်ပြီး ပန်းရန်သံလက်ကိုင်၊ ကောက်စိုက်စည်းသူကြီး၊ ငှက်ထောင်သမား၊ ငါးဖမ်းသူ စသည့် အခြေခံလူတန်းစားများ ဖြတ်သန်းကြရသော ဘဝအတွေ့အကြုံများကို ပေါ်လွင်ထင်ရှားအောင် ရေးဖွဲ့ထားသည့်အတွက် စာဖတ်ပရိသတ်များအား သုတရောရသပါ ပေးစွမ်းနိုင်မည့် စာအုပ်ကောင်း တစ်အုပ်ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ကျပ် (၁၃၀၀) ဖြင့် အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)၊ အမှတ် (တ- ၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပခုက္ကူစာပေဆုရ စာအုပ်ဖြန့်ချိရောင်းချ

**နေပြည်တော် မေ ၄**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ၂၀၁၈ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု၊ ဝတ္ထုတိုပေါင်းချုပ် ပထမဆုရရှိသည့် စာရေးဆရာမ နန္ဒာခင်(သက္ကလမြေ)၏ “မျိုးနှင့်အခြားရသစာစုများ” စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် သားသမီးဇောကြောင့် အတ္တစိတ်ဟူသော မျိုးဥရှိနေသူများအကြောင်း ရေးဖွဲ့ထားသည့် “ဥ”၊ အလှအပကိုခုံမင်လွန်းသူ အိမ်ထောင်ရှင်မတစ်ဦး၏ မေ့လျော့နေသောဝတ္တရားများ အကြောင်းရေးဖွဲ့ထားသည့် “မေ့”၊ လူ့လောကအရှုပ်များကို တရားဖြင့် ရှင်းထုတ်လေ့ရှိသူအကြောင်း ရေးဖွဲ့ထားသည့်“ရှင်း”၊ သစ်ပင်ပန်းပင်များ၊ တိရစ္ဆာန်များကို နိုင်ငံခြားမျိုးများနှင့် မျိုးစပ်ပြီး စိုက်ပျိုးမွေးမြူခြင်းသည် လုပ်သင့်သောအလုပ် ဖြစ်သော်လည်း ခံစားချက်များ၊ ထောက်ထားစရာ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် မျိုးနွယ်ကိုထိန်းသိမ်းရမည့်တာဝန်များ၊ မျိုးချစ်စိတ်ဓာတ်များရှိနေသည့် မြန်မာတိုင်းရင်းသားများအဖို့ မျိုးရိုးဗီဇကို သီးသန့်တန်ဖိုးထားသင့်ကြောင်း ရေးဖွဲ့ထားသည့် “မျိုး” စသည်တို့အပါအဝင် ရသစာစု (၁၃)ပုဒ်ပါဝင်သော စာအုပ်ကောင်း တစ်အုပ်ဖြစ်ပါသည်။

အဆိုပါ စာအုပ်ကို ရောင်းဈေးကျပ် (၇၀၀) ဖြင့် အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)၊ အမှတ် (တ- ၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

၂၀၂၂ ခုနှစ် မေလ ၅ ရက် (၇၅) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဆောင်းပါး

# ကျွန်တော်နှင့် ကိုထွန်းရွှေ

**မြင့်သူ**

ကျွန်တော်နှင့် ကိုထွန်းရွှေဟုသာ ပြောရသည်။ ကိုထွန်းရွှေနှင့် ကျွန်တော်က အသက်အတော်လေး ကွာသည်။ သူကမွေးမှ သူ့သားအရွယ်လောက်ပဲ ရှိနေသေးသည့် ကျွန်တော်က သူ့ကို ကိုထွန်းရွှေဟုခေါ်တော့ အမြင်အကြားနှင့်ဆို ရိုင်းသည်ဟုဆိုနိုင်သည်။ သို့သော်လည်း ကိုထွန်းရွှေဆိုတာ အနုပညာသမားတစ်ယောက်ဖြစ်သည့်အတွက် သူ့ကို အနုပညာအရ လေးစားသောအနေဖြင့် ဒီဆောင်းပါးတွင် သူ၏အနုပညာနာမည် ကိုထွန်းရွှေလို့ ရေးသားပြောပါရစေဟု ဆိုချင်ပါသည်။

## ခြောက်ပေါက်သံအဆိုတော်

တကယ်တော့ ကိုထွန်းရွှေနှင့် ကျွန်တော်က မနီးစပ်ပါ။ ကျွန်တော်က သီချင်းဆိုတာ မပြောနှင့်၊ လေချွန်တာကိုပင် ဖြောင့်အောင်ချွန်နိုင်သည် မဟုတ်ပါ။ ကိုထွန်းရွှေက တစ်ခေတ်တစ်ခါက နာမည်ကြီး ဓာတ်ပြားအဆိုတော် တစ်ယောက်၊ ရှားပါးလှသည့် အသံဩဇာနှင့် (သူ့ကို ခြောက်ပေါက်သံအဆိုတော်ဟု ဆိုကြပါသည်) သီချင်းပေါင်းများစွာကို သီဆိုခဲ့၊ ဓာတ်ပြားပေါင်းများစွာ ထုတ်လုပ်နိုင်ခဲ့သည့် အဆိုတော်ကြီးတစ်ယောက်ဖြစ်သည်။ သို့သော်လည်း ပြီးခဲ့သည့်လတုန်းက သူနှင့်ကျွန်တော် အကြောင်းအားလျော်စွာ ဆုံဖြစ်ခဲ့ကြသည်။ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ကျန်းမာရေးလမ်းတွင်ရှိသည့် သူ့အိမ်တွင်ဖြစ်သည်။ သူ၏ မှတ်တိုင်တစ်ခုဖြစ်သော "မီးသတိပြု" သီချင်းကိုအကြောင်းပြုပြီး တွေ့ဖြစ်ကြတာဖြစ်သည်။

ကိုထွန်းရွှေနှင့်ကျွန်တော် တစ်ယောက်ကိုတစ်ယောက် မိတ်ဆက်အပြီး သူက "ခင်ဗျားကို ကျွန်တော်သိတယ်ဗျ" ဆိုပြီး ပြောလာသည်။ ကျွန်တော်ကတော့ ရိုးသားစွာပဲ သူ့ကိုမသိသည့်အကြောင်း ပြောပြရသည်။ သို့သော် သူက သေသေချာချာပြောသည်။ "ဟိုတုန်းက ခင်ဗျားလွယ်အိတ်စလွယ်သိုင်းနဲ့လေ" ဆိုတော့ တစ်ခုခုတော့မှားနေပြီဆိုတာ သိလိုက်သည်။ လွယ်အိတ်စလွယ်သိုင်းတာ သိမှတော့ သူနှင့် ကျွန်တော် အနည်းဆုံးတော့ ခင်မင်ရင်းစွဲတစ်ခုခု ရှိခဲ့ဖူးသည်ဆိုတာ သေချာသည်။ ဒါပေမယ့် ကျွန်တော်သူ့ကို ဘယ်လိုမှ မမှတ်မိပါဘူး။ သူက အသက် ၈၈ နှစ်၊ ကျွန်တော်က ၆၀ မပြည့်တပြည့်။ နောက်တော့မှ ကျွန်တော်တို့တွေ ဆူးလေဘုရားလမ်းမှာရှိသည့် အကော်ဒီယံ ဦးအုန်းကျော်၏အခန်းမှာ မကြာခဏဆုံကြတာ ဖြစ်နေပါသည်။ ထိုအချိန် (၁၉၉၀ ပြည့်နှစ်ဝန်းကျင်) ကျွန်တော်က ဟာသတကိုမြင့်ငွေနှင့်ပတ်သက်ပြီး အကော်ဒီယံ ဦးအုန်းကျော်အခန်းမှာ နေ့တိုင်းခြေစကြာကျနေခဲ့သည့်အချိန် ဖြစ်သည်။



၂၁-၄-၂၀၁၈ ရက်နေ့ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ထိန်ပင်အမှိုက်ပုံ မီးလောင်မှုအား မီးသတ်တပ်ဖွဲ့က ငြိမ်းသတ်နေမှုမြင်ကွင်း။

## "မီးသတိပြု" သီချင်း

ကျွန်တော်က သူသီဆိုခဲ့သည့် "မီးသတိပြု" သီချင်းနှင့်ပတ်သက်၍ သိချင်သည်။ သီချင်းရေးသူကို သိချင်သည်။ သီချင်းရေးဖြစ်ပုံကို သိချင်သည်။ သီချင်းဆိုဖြစ်ပုံကို သိချင်သည်။ ငယ်စဉ်ကတည်းက နွေရာသီရောက်ပြီဆိုလျှင် သူ့သီချင်းသံကို မကြားချင်အဆုံး နေ့စဉ်ကြားရသည်။ မနက်ခင်းလည်း ကြားရသည်။ နေ့လယ်လည်း ကြားရသည်။ ညနေစောင်းပြီဆိုလျှင်တော့ မပြောနှင့်တော့။ အကြိမ်ကြိမ်ကြားနေရသည်။ ထိုသီချင်းကို ကြားရတိုင်း သီချင်းဆိုသူက မည်သူဆိုတာ ကလေးရော လူကြီးပါ သိချင်မှ သိကြလိမ့်မည်ဖြစ်သည်။ သို့သော် မြန်မာတစ်နိုင်ငံလုံးရှိ လူတိုင်းနီးပါးသည် ထိုသီချင်းတစ်ပုဒ်လုံး မဟုတ်သော်လည်း အောက်ဖော်ပြပါ သံပြိုင်အပိုဒ်မှ သီချင်းစာသားကိုမူ အလွတ်ရနေကြသည်။ လူတိုင်းလိုက်ပြီး သီဆိုဖူးကြသူချည်းဖြစ်သည်။

"မီးဘေးရှောင်လို့ မလောင်ခင်တားကြပါ။ ရန်သူထိုမီးကို အကြွင်းအကျန်ထားလျှင် မှားကြလိမ့်မည်။ အမှိုက်ကစ လောင်တတ်တာမို့ အိမ်တွင်းအိမ်ပြင် သန့်ရှင်းစေချင်တာ၊ လူတိုင်းလူတိုင်း မီးသတိပြုပါဗျာ"

ခေတ်အဆက်ဆက် မီးဘေးအန္တရာယ်ကာကွယ်ရေးလှုံ့ဆော်တေးများ ရေးသားစပ်ဆိုခဲ့ကြသော်လည်း ထိုသီချင်းကို ကျော်လွှားနိုင်ခြင်းမရှိခဲ့။ သီချင်းစာသားများ၏အဓိပ္ပာယ်ကလည်း အပိုအလိုမရှိ။ သီချင်းဆိုသူ၏ အသံကလည်း အသံဩဇာအပြည့်။ တေးဂီတသံကလည်း ရိုးရိုးလေးနှင့် ဆွဲဆောင်မှုရှိသည်။ နွေရာသီ တောင်လေလေး တဖြူးဖြူးတွင် ထိုသီချင်းသံကြားလိုက်ရသည်နှင့် သတိအနေအထားကို ရောက်စေသည်ကတော့ အမှန်ဖြစ်သည်။

ထိုမီးသတိပေးသီချင်းကို သီဆိုသူက ယခု ကျွန်တော်နှင့်တွေ့နေသူ ဓာတ်ပြားအဆိုတော် ကိုထွန်းရွှေဖြစ်သည်။ ၁၉၃၀ ပြည့်နှစ်အကျော်မှ ၁၉၈၀ ပြည့်နှစ်ခန့်အထိ တေးဂီတနယ်ပယ်တွင် ဓာတ်ပြားသီချင်း၊ ဓာတ်ပြားဇာတ်လမ်းများ အများအပြား ထွက်ပေါ်ခဲ့ဖူးသည်။ ဓာတ်စက်ခေါ် စက်တွင် ထည့်ပြီးဖွင့်ရသည်။ ဓာတ်ပြားတစ်ချပ်လျှင် ခြောက်မိနစ်မှ ၁၀ မိနစ်အထိ အသံသွင်းထားသည်။ ကိုထွန်းရွှေက ထိုဓာတ်ပြားတစ်ခေတ်က နာမည်ကြီး အဆိုတော်ဖြစ်သည်။ သီချင်းဓာတ်ပြားချပ်ရေ ၂၀၀ ကျော်၊ ဓာတ်ပြားဇာတ်လမ်း ၅၀ ခန့် သီဆိုထုတ်လုပ်ခဲ့သူဖြစ်သည်။

## မြန်မာ့အသံတွင် ဓာတ်ပြားရ

ကိုထွန်းရွှေက သုံးခွသားဖြစ်ပြီး ၁၉၃၃ ခုနှစ်ဖွားဖြစ်သည်။ ရန်ကုန်သို့ သူဝါသနာပါသော သီချင်းသီဆိုနိုင်ရန် ရောက်လာသူဖြစ်သည်။ သူတို့တစ်မျိုးလုံးက ဂီတဝါသနာပါသည်။ အရပ်တီးဝိုင်းများတွင် အစွမ်းပြသူများဖြစ်သလို နောင်တွင် တေးဂီတနယ်ပယ်တွင် အသက်မွေးဝမ်းကျောင်းသူများအထိ ဖြစ်လာသည်။ သူ၏လက်ဦးဆရာမှာ အလင်္ကာကျော်စွာ ဒေါ်စောမြကြည်ဖြစ်သည်။ အဆိုတော်သန်းဖေလေး၏ ဆက်သွယ်မှုဖြင့် မောင်ထော်လေးလမ်း (ယခု ဗိုလ်ဆွန်ပက်လမ်း) ရှိ ဆူပါဟိုက် တေးသံသွင်းနှင့် အဆက်အသွယ်ရခဲ့သည်။ ထိုအချိန်တွင် "ဗုဒ္ဓဝါဒီ" သီချင်းဖြင့် မြန်မာ့အသံတွင် ဓာတ်ပြားရထားပြီး ဖြစ်သည်။

သူ၏အသံကို သဘောကျပြီး ဓာတ်ပြားသွင်းသည်။ သူ၏ပထမဆုံးဓာတ်ပြားများမှာ လင်းရောင်ခြည်ဦး၊ မဟာဇနကနှင့် မဟာဗန္ဓုလဖြစ်သော်လည်း နောက်မှထွက်သည်။ အကြောင်းမှာ ထိုဓာတ်ပြားကို ခါတိုင်းအပ်နေကျ အိန္ဒိယနိုင်ငံသို့ မအပ်ဘဲ အမေရိကသို့ လှမ်းအပ်လိုက်သောကြောင့် ခြောက်လခန့် ကြာသွားသည်။ အမေရိကကို လှမ်းအပ်ရခြင်းမှာလည်း အမေရိကမှ ထုတ်လုပ်သော ဓာတ်ပြားများသည် အိန္ဒိယကထုတ်သော ဓာတ်ပြားများကဲ့သို့ ချိတ်ဖြင့်ပြုလုပ်ထားသည် မဟုတ် နိုင်လွန်ဖြင့် ပြုလုပ်ထားသည်။ အရည်အသွေးပိုကောင်းရန်ဖြစ်သော်လည်း ခရီးလမ်းပန်းဝေး၍ အချိန်ကြာသည်။ ထို့ကြောင့် နောက်ထပ် ဓာတ်ပြားများထပ်သွင်းပြီး အိန္ဒိယသို့ လှမ်းအပ်သည်။ တစ်လကြာတော့ ကိုထွန်းရွှေ၏ ဥမ္မာဒန္တီ ဓာတ်ပြားများထွက်လာသည်။ ၁၉၆၀ ကုန်ခါနီးတွင် ဖြစ်သည်။

ထို့နောက်ပိုင်းတွင် ဆူပါဟိုက်က ကိုထွန်းရွှေကို စာချုပ်ချုပ် အလုပ်လုပ်ရန် ကမ်းလှမ်းသည်။ ကိုထွန်းရွှေက ဓာတ်ပြားလောကတွင် ပထမဆုံးဓာတ်ပြားများနှင့်ပင် နာမည်ကြီးသွားသောကြောင့်ဖြစ်သည်။ တစ်ဆက်တည်း ယောက်ဖစန္ဒရားမောင်ညွန့်ကို ဦးစီးခိုင်းပြီး တီးဝိုင်းထောင်ထားသည်။ ဆူပါဟိုက်တေးသံသွင်းကပေးသော ထိုအခွင့်အရေးကို အရယူလိုက်သည်။ ကိုယ်ပိုင်တီးဝိုင်းနှင့် သီဆိုခွင့်ရလိုက်သည်။ နောက်ပိုင်းသီဆိုသောသီချင်းများသည် ကိုယ်ပိုင်ဝိုင်းနှင့် သီဆိုခြင်းဖြစ်သည်။

၁၉၆၂ ခုနှစ်တွင် ဆရာမြကလောင်က "မောင်ထွန်းရွှေရေ သီချင်းတစ်ပုဒ်လောက်ရေးရင်ကောင်းမယ်ကွ" ဆိုပြီး သူ့ကိုပြောသည်။ ရေးချင်သည့်သီချင်းက "မီးသတိပြု" ခေါင်းစဉ်ဖြင့်ဖြစ်သည်။ ကိုထွန်းရွှေသာမက ဆူပါဟိုက်ပိုင်ရှင် ဦးမောင်မောင်လေးပါ ပြောပြသည့်အခါ "ရောင်းရမှာကွ၊ ရေးသာရေးပါ" ဆိုသောကြောင့် ဆရာမြကလောင်က ရေးလာသည်။ ထိုသီချင်းရေးရသည့်အကြောင်းကလည်း ရှိသည်။

ဗိုလ်ချုပ်ကြီးအစိုးရ၊ အိမ်စောင့်အစိုးရလက်ထက်တွင် မြို့တော်ဝန် ဗိုလ်မှူးကြီးထွန်းစိန်က ရန်ကုန်မြို့ထဲရှိ ကျူးကျော်နေအိမ်များအားလုံးကို သာကေတ၊ ဥက္ကလာ စသည့်မြို့များ တည်ပေးခဲ့သည်။ တကယ်တော့ မြို့သာဆိုသည်၊ အားလုံးက တဲအိမ်သာသာတွေချည်းဖြစ်သည်။ တဲအိမ်များဖြစ်သောကြောင့် မီးကခဏခဏလောင်သည်။ နွေရာသီသာမက ဥတုသုံးပါးစလုံး မီးလောင်နေသည်။ ဆရာမြကလောင်က မြောက်ဥက္ကလာပမှာနေသည်။ သူနေသည့် မြောက်ဥက္ကလာပတွင် မီးကမကြာခဏလောင်တော့ လူတွေအတွက် မီးဘေးအန္တရာယ်သတိပေးရန် လိုအပ်သည်ဟု သူကတွက်ဆမိပြီး မီးသတိပြုသီချင်းရေးခြင်း ဖြစ်သည်။

**ခေတ်အဆက်ဆက် မီးဘေးအန္တရာယ်ကာကွယ်ရေးလှုံ့ဆော်တေးများ ရေးသားစပ်ဆိုခဲ့ကြသော်လည်း ထိုသီချင်းကို ကျော်လွှားနိုင်ခြင်းမရှိခဲ့။ သီချင်းစာသားများ၏အဓိပ္ပာယ်ကလည်း အပိုအလိုမရှိ။ သီချင်းဆိုသူ၏အသံကလည်း အသံဩဇာအပြည့်။ တေးဂီတသံကလည်း ရိုးရိုးလေးနှင့် ဆွဲဆောင်မှုရှိသည်။ နွေရာသီ တောင်လေလေး တဖြူးဖြူးတွင် ထိုသီချင်းသံကြားလိုက်ရသည်နှင့် သတိအနေအထားကို ရောက်စေသည်ကတော့ အမှန်ဖြစ်။**

စာမျက်နှာ ၁၇ သို့ ✻

# (၇၅)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**သာယာဝတီ မေ ၄**

(၇၅)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် မီးသတ်တပ်ဖွဲ့က စိန်ရတုအထိမ်းအမှတ် အစီအစဉ်များကို မေ ၄ ရက် နံနက်ပိုင်းတွင် သုံးဆယ်မြို့ ဓမ္မသုခဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ စေတီတော်မြတ်ကြီး၌ ဆောင်ရွက်ခဲ့ကြသည်။

ပြည်သူ့အကျိုးပြုလုပ်ငန်းများအဖြစ် သာယာဝတီခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိမ်းထွန်းဦးဆောင်၍ သန္ဓေ / အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား ၄၅ ဦးဖြင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်း၊ ဘုရားရင်ပြင်တော် ရေသပ္ပာယ်ခြင်းလုပ်ငန်းများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**





**မင်းလှ**

မေ ၅ ရက်တွင်ကျရောက်သည့် (၇၅)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် မီးသတ်ဦးစီးဌာနက ယမန်နေ့တွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးကျော်အောင်နှင့် တပ်ဖွဲ့ဝင်များက ထောက်ကြန့်ကွင်း(အမ်)ကျေးရွာ သဒ္ဓမ္မ မဏ္ဍိုင်ဘုန်းတော်ကြီးကျောင်း၌ စေတီတော်ကို ရေသပ္ပာယ်ခြင်း၊ ဘုရားပန်းအိုးများလဲလှယ်ခြင်းနှင့် ကျောင်းဝင်းအတွင်းသန့်ရှင်းရေးများ စုပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပေါက်စ(ပြန်/ဆက်)**

**ကော့ကရိတ်**

(၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကော့ကရိတ်မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များသည် ယနေ့ နံနက် ၇ နာရီက ကော့ကရိတ်မြို့ မင်္ဂလာဇေယျုံကျောင်းတိုက်ဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်ဖြိုး ဦးဆောင်၍ ခရိုင်/မြို့နယ် မီးသတ်တပ်ဖွဲ့ဝင် ၂၀ တို့က မင်္ဂလာဇေယျုံကျောင်းတိုက်ဝင်းအတွင်းရှိ အမှိုက်သရိုက်များ၊ မြက်ပင်၊ ပေါင်းပင်၊ ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

၂၀၂၂ ခုနှစ် မေ ၅ ရက်တွင် ကျရောက်သည့် (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့တွင်လည်း မင်္ဂလာဇေယျုံကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များ၊ ရှင်သာမဏေများအား ဆွမ်းဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

**စောအောင်မျိုးလွင်(ပြန်/ဆက်)**

**တောင်ငူ**

(၇၅)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ စိန်ရတုအထိမ်းအမှတ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ သမိုင်းဝင်မြစည်းခုံဘုရားကြီး၌ ယနေ့ နံနက်ပိုင်းက တောင်ငူခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နိုင်ထွန်း ဦးဆောင်၍ တောင်ငူခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းအင်အား ၅၀ ကျော်တို့က သန့်ရှင်းရေးပြုလုပ်ခြင်း၊ ဘုရားရေသပ္ပာယ်ခြင်းနှင့် နဝကမ္မအလှူတော်ငွေများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

မေ ၅ ရက်တွင် ကျရောက်သော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ စိန်ရတုအထိမ်းအမှတ် ကုသိုလ်အဖြစ်တောင်ငူခရိုင်မီးသတ်ဦးစီးမှူးရုံး၌ သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ **ဦးကျော်လှ(တောင်ငူ)**

**ရေဦး**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ခေတ္တာမြို့နယ် မီးသတ်ဦးစီးမှူး ဦးဆာမူအဲလ်၊ ဒုတိယမီးသတ်ဦးစီးမှူးများဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင်များသည် မေ ၅ ရက်တွင် ကျရောက်မည့် (၇၅) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် မင်္ဂလာရာမကျောင်းတိုက် အတွင်းရှိ ရှစ်မျက်နှာ ဆုတောင်းပြည့်စေတီတော်ကြီး၊ မဟာဗောဓိပင်နှင့် ဘုရားဆင်းတုတော်များ ရေသပ္ပာယ်ခြင်း၊ ဘုရားဝင်းအတွင်း သန့်ရှင်းရေးပြုလုပ်ခြင်းများကို ယနေ့နံနက် ၈ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သန်းထိုက်(ရေဦး)**

## မီးဘေးအန္တရာယ် တို့ကာကွယ်

○ သုံးရာသီ အခါမရွေး
မီးဘေးရှောင်လို့ တားကြကွယ်၊
ကလေးငယ် တွေးရှယ်ရှုစရာမို့
အရေးတကယ်ပြု သတိဆောင်ကာ
မီးမလောင်ခင် နှိုးဆော်မှု
ပြုကြစေဖွယ်။

○ ကိုယ်စီမှာ တာဝန်အသိတွေနဲ့
အမိမြေ ဘေးမသန်းအောင်ပဲ့
မပေါ့ဆဖို့ ကျိုးမျှော်ရှုယ်
တို့မြန်နယ် သာယာရေး။
အကြောင်းမျိုးစုံစွာ

○ လောင်နိုင်ရာ လောင်စာသင့်တာကြောင့်
ရှောင်ကာချင့် သုံးတတ်ပါလျှင်
ဥစ္စာနဲ့အသက်အိုးအိမ်ကို
တိုးအရှိန် ကာကွယ်ထိန်းလို့ရယ်
ငြိမ်းအေးမယ်လေး။

အောင်လံမြေ-နေရီမိုး

## ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက် ဆောင်ရွက်စို့

✻ စာမျက်နှာ ၁၆ မှ

**နှစ် ၆၀ သက်တမ်းရှိတော့မည်ဖြစ်**

ဆရာမြကလောင် ရေးထားသောသီချင်းက အတော်လေးရှည်သည်။ မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ထားသော သတိပေးဆောင်ပုဒ်များ အားလုံးနီးပါးထည့်ထားသည်။ ဆရာမြကလောင်၊ ဆူပါဟိုက်သူဌေးနှင့် ကိုထွန်းရွှေတို့ တိုင်ပင်ပြီး တော်တော်များများဖြုတ်လိုက်သည်။ ပြီးတော့ သံပြိုင်အပိုဒ်ကို ကိုထွန်းရွှေက ရေးဖွဲ့လိုက်သည်။ ထိုဓာတ်ပြားထွက်လာသောအခါ ဝက်ဝက်ကွဲရောင်းရသည်။ နောက်ပိုင်း တိပ်ခွေခေတ် ရောက်သည်အထိ ရောင်းနေရဆဲဖြစ်သည်။ ကိုထွန်းရွှေ၏ မီးသတိပြုသီချင်းသည် လာမည့် ၂၀၂၂ ခုနှစ်ဆိုလျှင် နှစ် ၆၀ သက်တမ်းရှိတော့မည်ဖြစ်သည်။

ထိုသီချင်း၏အရှိန်သည် ထိုမျှနှင့်ရပ်မသွားပါ။ ၁၉၇၉ ခုနှစ်တွင် မီးသတိပြုဇာတ်လမ်း ထပ်မံသွင်းရပြန်သည်။ သည်တစ်ခါတော့ စီးပွားရေးအရ လုပ်သည်မဟုတ်။ အကူအညီတောင်း၍ ဇာတ်လမ်းအသံသွင်းခဲ့ရခြင်းဖြစ်သည်။ ကျောက်ပန်းတောင်းမီးသတ်တပ်ဖွဲ့က သူ့ကိုမေတ္တာရပ်ခံ၍ လုပ်ပေးရခြင်း ဖြစ်သည်။ သူခိုးခိုးလျှင် ကျန်ခဲ့သေးသည်။ မီးလောင်လျှင် ဘာတစ်ခုမျှ မကျန်တော့ကြောင်း ပညာပေးဇာတ်လမ်းဖြစ်သည်။

ကိုထွန်းရွှေအကြောင်းပြောရလျှင် မီးသတ်သီချင်းကဲ့သို့သော မပြောမဖြစ်သီချင်းတစ်ပုဒ်ရှိသေးသည်။ "ဘော" ဆိုသော သီချင်းဖြစ်သည်။ ထိုသီချင်းကိုလည်း အစအဆုံးရချင်မှ ရကြပါလိမ့်မည်။ သို့သော် ထိုသီချင်း၏အစ ခြေဆင်းကိုမူ မီးသတ်သီချင်းကဲ့သို့ပင် လူတိုင်းရနေကြသည်။ စနေ၊ တနင်္ဂနွေနှင့် ဥပုသ်နေ့တိုင်း နံနက်စောစော အမြဲ ကြားရသည့်သီချင်းဖြစ်သည်။ "ဆွမ်းချက်ရန် ထတော်မူကြပါ၊ ဘွန္တော သပ္ပုရိသအပေါင်း သူတော်ကောင်းတို့"ဆိုသော ခြေဆင်းတေးသွားဖြစ်သည်။

**အသံကားမကျသေး**

ကျွန်တော် ကိုထွန်းရွှေနှင့် နှစ်နာရီနီးပါးကြာ စကားတွေ ထိုင်ပြောဖြစ်ခဲ့ကြသည်။ များသောအားဖြင့် သူဖြတ်သန်းလာသော၊ ကျွန်တော် သိထားသော ဂီတလောကအကြောင်းများဖြစ်သည်။ သူက "မီးသတ်သီချင်း" နားထောင်ဦးမလားဗျဆိုပြီး ဆိုပြနေသေးသည်။ ကျွန်တော်က သူ့အသက်ကို အားနာသည်။ အသက် ၈၈ နှစ် ရှိနေပြီဖြစ်သည်။ သို့သော် ဆိုင်းမပါ ဗုံမပါ သည်အတိုင်းဆိုပြတာ နားထောင်ခဲ့ရသည်။ အသံကားမကျသေး။ ဆိုနိုင်အော်နိုင်နေသေးသည်။ တစ်နေ့ကလည်း မီးသတ်ရုံးချုပ်မှာ ဆိုင်းဝိုင်းကြီးနှင့် သုံးလေးခေါက်ဆိုခဲ့သေးသည်ဆိုသည်။ သူ့သမီးအကြီးဆုံးက "အဖေက အဲဒီနေ့က အတော်ကိုပျော်နေတာ" ဟု ဝင်ပြောသည်။

ထိုနေ့က သူ့ထံမှပြန်လာပြီးနောက်ပိုင်း အနုပညာများနှင့်ပတ်သက်သည့် သူတို့၏ ခံယူချက်၊ လုပ်ဆောင်ချက်၊ ရပ်တည်ချက်နှင့် ပတ်သက်သော အတွေးများတန်းစီပြီး ကပ်ပါလာသည်။ ကိုထွန်းရွှေပြောသည့် စကားတွေအများကြီးထဲမှ စကားတစ်ခွန်းက ကျွန်တော့်စိတ်အစဉ်ကို စိုးမိုးနေခဲ့သည်။

"ကျွန်တော်က ငွေရဖို့အတွက် သီချင်းတွေဆိုခဲ့တာဖြစ်ပေမယ့် ကိုယ်ဆိုတဲ့သီချင်းတွေကြောင့် လူတွေအဆိပ်အတောက်ဖြစ်အောင် ဘာမှမလုပ်ခဲ့ဘူးဗျ။ သီချင်းကိုရောင်းစားပေမယ့် လူတွေ စာရိတ္တပျက်အောင်တော့ ကိုယ်ကျင့်သိက္ခာကို ရောင်းမစားခဲ့ဘူးဗျ။ အခုလို ကျွန်တော့်သီချင်းတစ်ပုဒ်က တိုင်းပြည်နဲ့လူမျိုးအတွက် ခုချိန်အထိ အသုံးဝင်နေတာကို အများကြီးဝမ်းသာတယ်" ။ ။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

**၂၀၂၁ ခုနှစ်၊ မေလ ၄ ရက်**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်နှင့် တွန်းဇံမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | ချင်းပြည်နယ် တီးတိန်မြို့နယ် မဲရုံ ၁၄၀ ရုံ | ၅၆၇၆၄ | ၅၈၅၆၇ | ၃၂၅၉ | ၆၂၀ | ၇၁၀၂ |
| ၂ | ချင်းပြည်နယ် တွန်းဇံမြို့နယ် မဲရုံ ၈၃ ရုံ | ၁၇၈၂၇ | ၁၇၄၁၆ | ၁၂၂၆ | ၉၀ | ၁၆၀၈ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်နှင့် တွန်းဇံမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာမြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၂၂၃ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၉၇၉၁၂ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၅၆၉၈၁၊ ကျန်ရှိရမည့်အရေအတွက်မှာ ၄၀၉၃၁၊ မြေပြင်လက်ကျန် ၃၇၉၁၀ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၃၂၆၄ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၂၄၃ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | တီးတိန်မြို့နယ် | ၁၄၀ | ၇၁၂၇၁ | ၄၁၄၁၇ | ၂၉၈၅၄ | ၂၇၂၅၈ | ၂၇၅၂ | ၁၅၆ |
| ၂ | တွန်းဇံမြို့နယ် | ၈၃ | ၂၆၆၄၁ | ၁၅၅၆၄ | ၁၁၀၇၇ | ၁၀၆၅၂ | ၅၁၂ | ၈၇ |
| | စုစုပေါင်း | ၂၂၃ | ၉၇၉၁၂ | ၅၆၉၈၁ | ၄၀၉၃၁ | ၃၇၉၁၀ | ၃၂၆၄ | ၂၄၃ |

**တီးတိန်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

၅။ မြေပြင်စစ်ဆေးချက်များအရ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်တွင် ရပ်ကွက် ၈ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၅ အုပ်စု၊ မဲရုံအရေအတွက် ၁၄၀ ရုံ ဖြစ်ပါသည်။ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၇၁၂၇၁ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၄၁၄၁၇၊ ကျန်ရှိရမည့်အရေအတွက်မှာ ၂၉၈၅၄ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၂၇၂၅၈ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုနှင့် လျော့နည်းပျောက်ဆုံးမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၆၆၄၀၀ | ၄၁၃၁၀ | ၂၅၀၉၀ | ၂၂၄၉၈ | ၂၇၄၈ | ၁၅၆ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၇၁ | ၁၀၇ | ၆၄ | ၆၀ | ၄ | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၄၇၀၀ | | ၄၇၀၀ | ၄၇၀၀ | | |
| | **စုစုပေါင်း** | ၇၁၂၇၁ | ၄၁၄၁၇ | ၂၉၈၅၄ | ၂၇၂၅၈ | ၂၇၅၂ | ၁၅၆ |

၆။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မဲလက်မှတ်အရေအတွက် ၂၇၄၈ ပျောက်ဆုံးနေပြီး ၁၅၆ စောင် ပိုသုံးထားကြောင်း တွေ့ရှိရသည်။ မြို့နယ် ကြိုတင်မဲလက်မှတ်တွင် ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက် ၁၇၁၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၀၇ ဖြစ်ပြီး မြေပြင်လက်ကျန်တွင် ၆၀ တွေ့ရှိရသောကြောင့် ၄ စောင် ပျောက်ဆုံးနေကြောင်း တွေ့ရှိရသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့်လက်ကျန်အရေအတွက် ၄၇၀၀ ဖြစ်ပြီး မြေပြင်စစ်ဆေးချက်တွင် ၄၇၀၀ ကျန်ရှိနေသောကြောင့် ကိုက်ညီမှုရှိကြောင်း တွေ့ရှိရသည်။



တီးတိန်မြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

၇။ အထက်ပါ မဲရုံအလိုက် မဲလက်မှတ် ထုတ်ပေး၊ သုံးစွဲ၊ လက်ကျန်အရေအတွက်များ ဖွင့်ဖောက်စစ်ဆေးရာတွင် တီးတိန်မြို့နယ်အတွင်းရှိ ကျိုန်းပီးကွတ်ကျေးရွာအုပ်စု မဲရုံအမှတ်(၁)၊ ဒမ်ပီးကျေးရွာအုပ်စု မဲရုံအမှတ်(၁) နှင့် ခိန်းဇန်ကျေးရွာအုပ်စု မဲရုံအမှတ်(၁)တို့မှ ပြည်သူ့လွှတ်တော်အတွက် မဲပေးအသုံးပြုထားသော မဲလက်မှတ်များသာ တွေ့ရှိရပြီး သုံးစွဲ၊ လက်ကျန်စာအုပ်များနှင့် မဲဆန္ဒရှင်စာရင်း ပုံစံ(၁)စာအုပ်တို့ ပျောက်ဆုံးနေကြောင်း စိစစ်တွေ့ရှိရပါသည်။

၈။ မြို့နယ်ကြိုတင်မဲပေးရာတွင် အသုံးပြုထားသည့် မဲလက်မှတ်ဖြတ်ပိုင်း ၁၀၇ ခုတွင် လက်ခံဖြတ်ပိုင်း၌ မဲဆန္ဒရှင်အမည်တစ်ခုတည်းသာ ပါဝင်ပြီး လက်မှတ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ ကျေးရွာအုပ်စုအမည်များ ထည့်သွင်းရေးသားထားခြင်းမရှိသည်ကို တွေ့ရှိရသည်။

၉။ တီးတိန်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | စကောလမ်းရပ်ကွက် | ၄ | ၄၀၀၀ | ၂၂၆၆ | ၁၇၃၄ | ၈၃၂ | ၉၀၂ | |
| ၂ | မြို့မရပ်ကွက် | ၃ | ၂၈၀၀ | ၁၇၀၀ | ၁၁၀၀ | ၁၁၀၀ | | |
| ၃ | လွှယ်ဘွားလ်ရပ်ကွက် | ၃ | ၂၅၅၀ | ၁၆၇၀ | ၈၈၀ | ၇၈၀ | ၁၀၀ | |
| ၄ | လေးလုမ်းရပ်ကွက် | ၂ | ၁၂၀၀ | ၉၁၀ | ၂၉၀ | ၂၉၀ | | |
| ၅ | ကပ်တဲလ်ကျေးရွာအုပ်စု | ၄ | ၂၇၅၀ | ၁၆၈၄ | ၁၀၆၆ | ၁၀၆၆ | | |
| ၆ | ကဂင်ကျေးရွာအုပ်စု | ၁ | ၅၀ | ၁၈ | ၃၂ | ၃၂ | | |
| ၇ | ကျိုန်းပီးကွတ်ကျေးရွာအုပ်စု | ၃ | ၁၃၅၀ | ၄၀၅ | ၉၄၅ | ၂၉၅ | ၆၅၀ | |
| ၈ | ကွေးလမ်းကျေးရွာအုပ်စု | ၂ | ၃၀၀ | ၁၃၈ | ၁၆၂ | ၁၆၂ | | |
| ၉ | ခိန်းဇန်ကျေးရွာအုပ်စု | ၅ | ၁၃၅၀ | ၈၁၆ | ၅၃၄ | ၄၈၄ | ၅၀ | |
| ၁၀ | ခေါ်ဆပ်ကျေးရွာအုပ်စု | ၃ | ၈၀၀ | ၄၀၁ | ၃၉၉ | ၃၉၉ | | |
| ၁၁ | ဂမ်ငိုင်ကျေးရွာအုပ်စု | ၂ | ၆၅၀ | ၃၇၅ | ၂၇၅ | ၂၇၅ | | |
| ၁၂ | ဂမ်လိုင်ကျေးရွာအုပ်စု | ၁ | ၃၀၀ | ၂၄၂ | ၅၈ | ၅၈ | | |
| ၁၃ | ငါလ်ဇန်ကျေးရွာအုပ်စု | ၄ | ၆၅၀ | ၂၉၃ | ၃၅၇ | ၃၀၆ | ၅၁ | |
| ၁၄ | ဆဲဇန်ကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၅၀ | ၁၅၀ | ၁၅၀ | | |
| ၁၅ | ဆိုင်းဇန်ကျေးရွာအုပ်စု | ၃ | ၂၃၀၀ | ၁၅၉၁ | ၇၀၉ | ၈၀၉ | | ၁၀၀ |
| ၁၆ | ဆွောင်းဇန်ကျေးရွာအုပ်စု | ၂ | ၁၁၅၀ | ၆၆၅ | ၄၈၅ | ၄၃၅ | ၅၀ | |
| ၁၇ | ဆွောင်းဆန်ကျေးရွာအုပ်စု | ၃ | ၉၅၀ | ၆၀၇ | ၃၄၃ | ၃၄၃ | | |
| ၁၈ | ဆွောင်းပီးကျေးရွာအုပ်စု | ၂ | ၁၂၅၀ | ၇၃၅ | ၅၁၅ | ၅၁၅ | | |
| ၁၉ | ဆွောင်းဖေကျေးရွာအုပ်စု | ၁ | ၄၅၀ | ၃၆၈ | ၈၂ | ၈၀ | ၂ | |
| ၂၀ | ဇိမ်ပီးကျေးရွာအုပ်စု | ၁ | ၂၅၀ | ၁၆၉ | ၈၁ | ၈၁ | | |
| ၂၁ | တက်လွီးကျေးရွာအုပ်စု | ၂ | ၉၅၀ | ၅၉၃ | ၃၅၇ | ၃၅၇ | | |
| ၂၂ | တုန်းဇန်ကျေးရွာအုပ်စု | ၂ | ၁၆၀၀ | ၉၂၆ | ၆၇၄ | ၆၇၄ | | |

စာမျက်နှာ ၁၉ သို့ ✻

❋ စာမျက်နှာ ၁၈ မှ

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၂၃ | တွာလ်မူးကျေးရွာအုပ်စု | ၂ | ၃၀၀ | ၁၄၇ | ၁၅၃ | ၁၅၃ | | |
| ၂၄ | တွီးထန်ကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၄၀၂ | ၇၉၈ | ၇၉၈ | | |
| ၂၅ | တွီးတော့ကျေးရွာအုပ်စု | ၁ | ၃၅၀ | ၂၂၈ | ၁၂၂ | ၁၂၂ | | |
| ၂၆ | တွီးဒိလ်းကျေးရွာအုပ်စု | ၃ | ၁၃၀၀ | ၈၁၂ | ၄၈၈ | ၄၈၈ | | |
| ၂၇ | တွီးပီးကျေးရွာအုပ်စု | ၂ | ၄၀၀ | ၂၀၉ | ၁၉၁ | ၁၄၁ | ၅၀ | |
| ၂၈ | ထေးဇန်ကျေးရွာအုပ်စု | ၂ | ၇၀၀ | ၄၁၀ | ၂၉၀ | ၂၈၀ | ၁၀ | |
| ၂၉ | ထာလ်မွလ်ကျေးရွာအုပ်စု | ၂ | ၆၅၀ | ၄၅၂ | ၁၉၈ | ၁၉၈ | | |
| ၃၀ | ထုတ်လိုင်ကျေးရွာအုပ်စု | ၁ | ၅၅၀ | ၂၆၉ | ၂၈၁ | ၂၈၁ | | |
| ၃၁ | ထန်းဇန်ကျေးရွာအုပ်စု | ၁ | ၃၅၀ | ၂၃၇ | ၁၁၃ | ၁၁၃ | | |
| ၃၂ | ဒိမ်ပီးကျေးရွာအုပ်စု | ၁ | ၈၀၀ | ၅၄၅ | ၂၅၅ | ၁၅၅ | ၁၀၀ | |
| ၃၃ | ဒမ်ပီးကျေးရွာအုပ်စု | ၃ | ၁၀၅၀ | ၅၇၉ | ၄၇၁ | ၂၂၁ | ၂၅၀ | |
| ၃၄ | ဒေါ်လွှင်ကျေးရွာအုပ်စု | ၈ | ၃၃၀၀ | ၁၉၅၆ | ၁၃၄၄ | ၁၁၈၄ | ၁၆၀ | |
| ၃၅ | ပတ်ဇန်ကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၃၀ | ၁၇၀ | ၁၇၀ | | |
| ၃၆ | ပင်းပိကျေးရွာအုပ်စု | ၂ | ၆၅၀ | ၃၈၈ | ၂၆၂ | ၂၆၂ | | |
| ၃၇ | ပန့်ဆပ်ကျေးရွာအုပ်စု | ၃ | ၁၂၅၀ | ၉၅၀ | ၃၀၀ | ၃၀၄ | | ၄ |
| ၃၈ | ဖူနွမ်းကျေးရွာအုပ်စု | ၅ | ၁၈၀၀ | ၉၂၅ | ၈၇၅ | ၇၂၄ | ၁၅၁ | |
| ၃၉ | ဖိုင်ယားကျေးရွာအုပ်စု | ၁ | ၇၀၀ | ၄၂၈ | ၂၇၂ | ၂၇၂ | | |
| ၄၀ | ဗာလ်ဂွမ်းကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၇၇၆ | ၅၂၄ | ၄၇၄ | ၅၀ | |
| ၄၁ | ဗန်းတဲ့ကျေးရွာအုပ်စု | ၂ | ၁၂၅၀ | ၉၅၁ | ၂၉၉ | ၂၉၉ | | |
| ၄၂ | ဘွင်မံကျေးရွာအုပ်စု | ၄ | ၅၅၀ | ၂၅၆ | ၂၉၄ | ၂၉၄ | | |
| ၄၃ | ဘွန်လီကျေးရွာအုပ်စု | ၁ | ၂၀၀ | ၁၁၇ | ၈၃ | ၈၃ | | |
| ၄၄ | ဘုမ်ဇန်ကျေးရွာအုပ်စု | ၁ | ၂၀၀ | ၁၃၃ | ၆၇ | ၆၇ | | |
| ၄၅ | ဘွင်ကျေးရွာအုပ်စု | ၁ | ၇၅၀ | ၄၈၇ | ၂၆၃ | ၂၆၃ | | |
| ၄၆ | ဘုတ်ဖီရ်ကျေးရွာအုပ်စု | ၃ | ၁၂၀၀ | ၇၈၂ | ၄၁၈ | ၄၆၈ | | ၅၀ |
| ၄၇ | မွာလ်လုမ်းကျေးရွာအုပ်စု | ၃ | ၁၀၀၀ | ၅၉၆ | ၄၀၄ | ၄၀၃ | ၁ | |
| ၄၈ | မွာလ်ဘင်းကျေးရွာအုပ်စု | ၃ | ၁၄၀၀ | ၆၆၁ | ၇၃၉ | ၇၄၁ | | ၂ |
| ၄၉ | မွီဇောလ်ကျေးရွာအုပ်စု | ၁ | ၄၅၀ | ၃၃၉ | ၁၁၁ | ၁၁၁ | | |
| ၅၀ | လမ်းဇန်ကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၈၇၅ | ၄၂၅ | ၄၂၅ | | |
| ၅၁ | လိမ်ခိုင်ကျေးရွာအုပ်စု | ၂ | ၅၀၀ | ၂၄၁ | ၂၅၉ | ၂၅၉ | | |
| ၅၂ | လိုင်လိုးကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၁၂၇၅ | ၂၂၅ | ၂၂၀ | ၅ | |
| ၅၃ | လိုင်တွီးကျေးရွာအုပ်စု | ၄ | ၃၀၀၀ | ၂၁၆၇ | ၈၃၃ | ၈၃၃ | | |
| ၅၄ | လိုင်လွီးကျေးရွာအုပ်စု | ၂ | ၁၀၅၀ | ၅၉၀ | ၄၆၀ | ၄၁၀ | ၅၀ | |
| ၅၅ | လိုင်ဘုန်ကျေးရွာအုပ်စု | ၃ | ၅၅၀ | ၃၂၀ | ၂၃၀ | ၂၃၀ | | |
| ၅၆ | ဝေါင်မွာလ်ကျေးရွာအုပ်စု | ၁ | ၁၀၀ | ၅၄ | ၄၆ | ၄၆ | | |
| ၅၇ | ဟောလေးကျေးရွာအုပ်စု | ၁ | ၈၀၀ | ၅၆၁ | ၂၃၉ | ၂၃၉ | | |
| ၅၈ | ဟောက်ပီးကျေးရွာအုပ်စု | ၁ | ၄၅၀ | ၂၇၆ | ၁၇၄ | ၁၇၄ | | |
| ၅၉ | အန်းလန့်ကျေးရွာအုပ်စု | ၂ | ၁၀၅၀ | ၈၅၀ | ၂၀၀ | ၁၈၈ | ၁၂ | |
| ၆၀ | အမှတ်(၁)ရပ်ကွက်၊ ခိုင်ကမ်း | ၁ | ၇၅၀ | ၅၂၇ | ၂၂၃ | ၂၂၃ | | |
| ၆၁ | အမှတ်(၂)ရပ်ကွက်၊ ခိုင်ကမ်း | ၁ | ၄၀၀ | ၂၆၉ | ၁၃၁ | ၄၁ | ၉၀ | |
| ၆၂ | အမှတ်(၃)ရပ်ကွက်၊ ခိုင်ကမ်း | ၁ | ၅၅၀ | ၃၁၁ | ၂၃၉ | ၂၃၅ | ၄ | |
| ၆၃ | အမှတ်(၄)ရပ်ကွက်၊ ခိုင်ကမ်း | ၁ | ၉၀၀ | ၅၀၇ | ၃၉၃ | ၃၈၃ | ၁၀ | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၁၄၀ | ၆၆၄၀၀ | ၄၁၃၁၀ | ၂၅၀၉၀ | ၂၂၄၉၈ | ၂၇၄၈ | ၁၅၆ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၁၇၁ | ၁၀၇ | ၆၄ | ၆၀ | ၄ | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၄၇၀၀ | | ၄၇၀၀ | ၄၇၀၀ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၄၀ | ၇၁၂၇၁ | ၄၁၄၁၇ | ၂၉၈၅၄ | ၂၇၂၅၈ | ၂၇၅၂ | ၁၅၆ |

## တွန်းဇံမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၀။ မြေပြင်စစ်ဆေးချက်များအရ ချင်းပြည်နယ်၊ တွန်းဇံမြို့နယ်တွင် ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၁ အုပ်စုမှ မဲရုံအရေအတွက် ၈၃ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၆၆၄၁ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၅၅၆၄၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၁၀၇၇ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၁၀၆၅၂ ဖြစ်ကြောင်း စိစစ် တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် လျော့နည်းပျောက်ဆုံးမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-



တွန်းဇံမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၂၅၅၀၀ | ၁၅၅၅၁ | ၉၉၄၉ | ၉၅၃၁ | ၅၀၅ | ၈၇ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၄၁ | ၁၃ | ၂၈ | ၂၁ | ၇ | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၁၀၀ | | ၁၁၀၀ | ၁၁၀၀ | | |
| | စုစုပေါင်း | ၂၆၆၄၁ | ၁၅၅၆၄ | ၁၁၀၇၇ | ၁၀၆၅၂ | ၅၁၂ | ၈၇ |

၁၁။ တွန်းဇံမြို့နယ်တွင် ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၁ အုပ်စု၊ မဲရုံအရေအတွက် ၈၃ ရုံတို့တွင် မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် ၅၀၅ စောင် ပျောက်ဆုံးနေပြီး ၈၇ စောင် ပိုသုံးထားကြောင်း တွေ့ရှိရသည်။ မြို့နယ်ကြိုတင်မဲလက်မှတ်တွင် ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်မှာ ၄၁ စောင်၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၃ စောင်ဖြစ်ပြီး ကျန်ရှိရမည့် မဲလက်မှတ်အရေအတွက်မှာ ၂၈ စောင်ဖြစ်သော်လည်း မြေပြင်လက်ကျန်တွင် ၂၁ စောင်သာ တွေ့ရှိရသောကြောင့် ၇ စောင် ပျောက်ဆုံးနေကြောင်း တွေ့ရှိရသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက် ၁၁၀၀ ဖြစ်ပြီး မြေပြင်စစ်ဆေးချက်တွင် ၁၁၀၀ ကျန်ရှိနေသောကြောင့် ကိုက်ညီမှုရှိကြောင်း တွေ့ရှိရသည်။

၁၂။ ထိုသို့ မြေပြင်ဖွင့်ဖောက်စစ်ဆေးရာတွင် ဆွောင်းပက်ကျေးရွာအုပ်စု၊ ဆူရ်ပီးကျေးရွာ မဲရုံ အမှတ်(၃)မှ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်လွှတ်တော်တို့၏ သုံးစွဲ၊ လက်ကျန်စာအုပ်များ၊ ပုံစံ(၁) တို့ ပါဝင်သိမ်းဆည်းထားသော မဲရုံအိတ်ပျောက်ဆုံးနေကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၃။ သို့ဖြစ်ပါ၍ တွန်းဇံမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက သက်ဆိုင်ရာကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးမှတစ်ဆင့် မဲရုံအမှတ်(၃) မဲရုံမှူးထံသို့ ဆက်သွယ်မေးမြန်းခဲ့ရာ မဲရုံတည်ရှိရာ အခြေခံပညာမူလတန်းကျောင်း၊ ဆူရ်ပီးကျေးရွာတွင် သိမ်းဆည်းထားသည်ဟုသိရှိရသဖြင့် ပြန်လည်လာရောက်အပ်နှံရန် အကြောင်းကြားခဲ့ပါသည်။ မဲရုံမှူးက အဆိုပါ သုံးစွဲ၊ လက်ကျန် ဆန္ဒမဲလက်မှတ်စာအုပ်များပါဝင်သော ချိပ်ပိတ်ထားခြင်းမရှိသည့် ကြွပ်ကြွပ်အိတ်အား မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံသို့ ၁၂-၄-၂၀၂၁ ရက်နေ့ ၁၄:၃၀ အချိန် ခန့်တွင် လာရောက်အပ်နှံခဲ့သဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများ၏ရှေ့မှောက်တွင် ၁၅-၄-၂၀၂၁ ရက်နေ့ ၀၉:၀၀ နာရီ၌ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရပါသည်။

၁၄။ တွန်းဇံမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ခေါဝုန်/လေးဆန်ရပ်ကွက် | ၂ | ၂၅၅၀ | ၁၇၉၉ | ၇၅၁ | ၇၅၁ | | |
| ၂ | ခေါလိုင်/ဂိုးဇန်ရပ်ကွက် | ၁ | ၈၀၀ | ၅၅၃ | ၂၄၇ | ၂၄၇ | | |
| ၃ | ဂဲလ်မွာလ်ကျေးရွာအုပ်စု | ၂ | ၃၅၀ | ၁၇၇ | ၁၇၃ | ၁၇၃ | | |
| ၄ | စိန်းပျဲလ်ကျေးရွာအုပ်စု | ၂ | ၉၀၀ | ၅၃၆ | ၃၆၄ | ၃၆၄ | | |
| ၅ | စိပက်ကျေးရွာအုပ်စု | ၃ | ၄၀၀ | ၁၉၇ | ၂၀၃ | ၂၀၃ | | |
| ၆ | ဆာလ်ဇန်ကျေးရွာအုပ်စု | ၂ | ၇၀၀ | ၄၂၉ | ၂၇၁ | ၂၇၁ | | |
| ၇ | ဆဲနမ်ကျေးရွာအုပ်စု | ၂ | ၃၀၀ | ၁၁၂ | ၁၈၈ | ၁၄၃ | ၄၅ | |
| ၈ | ဆဲဘောက်ကျေးရွာအုပ်စု | ၇ | ၁၄၅၀ | ၈၃၈ | ၆၁၂ | ၆၁၂ | | |
| ၉ | ဆွောင်းပက်ကျေးရွာအုပ်စု | ၉ | ၂၄၅၀ | ၁၃၃၆ | ၁၁၁၄ | ၁၁၁၆ | | ၂ |
| ၁၀ | တုံးတွောင်ကျေးရွာအုပ်စု | ၂ | ၆၀၀ | ၃၀၅ | ၂၉၅ | ၂၄၇ | ၄၈ | |
| ၁၁ | ဖိုင်တူကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၄၈ | ၁၅၂ | ၁၅၂ | | |
| ၁၂ | ဘာလ်းဘီလ်ကျေးရွာအုပ်စု | ၃ | ၅၀၀ | ၂၈၄ | ၂၁၆ | ၂၁၆ | | |
| ၁၃ | မွာလ်ပီးကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၁၆ | ၁၈၄ | ၁၈၄ | | |

စာမျက်နှာ ၂၀ သို့ ❋

✻ စာမျက်နှာ ၁၉ မှ

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁၄ | လင်နှကွတ်ကျေးရွာအုပ်စု | ၂ | ၂၅၀ | ၁၀၈ | ၁၄၂ | ၁၄၂ | | |
| ၁၅ | လမ့်ထန်ကျေးရွာအုပ်စု | ၁ | ၇၀၀ | ၄၉၇ | ၂၀၃ | ၁၆၉ | ၃၄ | |
| ၁၆ | ဟန်ကင်ကျေးရွာအုပ်စု | ၂ | ၆၀၀ | ၂၉၃ | ၃၀၇ | ၃၀၇ | | |
| ၁၇ | အန်းလွန်ကျေးရွာအုပ်စု | ၁ | ၂၀၀ | ၁၃၄ | ၆၆ | ၆၆ | | |
| ၁၈ | အမှတ်(၁)ရပ်ကွက်၊ ကျီခါး | ၁ | ၈၅၀ | ၅၁၄ | ၃၃၆ | ၃၃၆ | | |
| ၁၉ | အမှတ်(၂)ရပ်ကွက်၊ ကျီခါး | ၁ | ၇၅၀ | ၅၁၀ | ၂၄၀ | ၂၄၀ | | |
| ၂၀ | ကန့်ဆောက်ကျေးရွာအုပ်စု | ၃ | ၈၀၀ | ၄၉၇ | ၃၀၃ | ၃၀၃ | | |
| ၂၁ | ခေါဘဲမ်းကျေးရွာအုပ်စု | ၂ | ၄၀၀ | ၂၁၆ | ၁၈၄ | ၁၃၄ | ၅၀ | |
| ၂၂ | ဂမ်ပုမ်းကျေးရွာအုပ်စု | ၁ | ၁၅၀ | ၇၁ | ၇၉ | ၇၉ | | |
| ၂၃ | ဆိုင်ပီးမွာလ်ကျေးရွာအုပ်စု | ၂ | ၃၅၀ | ၁၇၅ | ၁၇၅ | ၁၇၅ | | |
| ၂၄ | ဆွေ့ာင်းဇန်ကျေးရွာအုပ်စု | ၃ | ၅၀၀ | ၂၇၁ | ၂၂၉ | ၁၇၉ | ၅၀ | |
| ၂၅ | ဇမ်ပီးကျေးရွာအုပ်စု | ၄ | ၈၀၀ | ၄၈၈ | ၃၁၂ | ၃၁၂ | | |
| ၂၆ | တုန်ကျင်းကျေးရွာအုပ်စု | ၂ | ၄၀၀ | ၂၂၄ | ၁၇၆ | ၂၀၆ | | ၃၀ |
| ၂၇ | တွီးတွမ်းကျေးရွာအုပ်စု | ၃ | ၈၀၀ | ၃၁၈ | ၄၈၂ | ၃၃၂ | ၁၅၀ | |
| ၂၈ | တွီးမန်ကျေးရွာအုပ်စု | ၂ | ၉၅၀ | ၇၃၆ | ၂၁၄ | ၂၁၄ | | |
| ၂၉ | တွီးမွီကျေးရွာအုပ်စု | ၃ | ၉၀၀ | ၅၉၂ | ၃၀၈ | ၃၀၈ | | |
| ၃၀ | ဒါရိုခိုင်းကျေးရွာအုပ်စု | ၃ | ၁၂၀၀ | ၈၄၉ | ၃၅၁ | ၂၂၃ | ၁၂၈ | |
| ၃၁ | ပန်မွာလ်ကျေးရွာအုပ်စု | ၁ | ၂၅၀ | ၁၃၂ | ၁၁၈ | ၁၁၈ | | |
| ၃၂ | ဘပီးကျေးရွာအုပ်စု | ၁ | ၂၅၀ | ၁၄၃ | ၁၀၇ | ၁၀၇ | | |
| ၃၃ | လုံတပ်ကျေးရွာအုပ်စု | ၁ | ၃၅၀ | ၁၉၉ | ၁၅၁ | ၁၅၁ | | |
| ၃၄ | ဟိုင်ကျင်းကျေးရွာအုပ်စု | ၆ | ၁၇၀၀ | ၁၀၉၄ | ၆၀၆ | ၆၆၁ | | ၅၅ |
| ၃၅ | ဟိုင်ပီးကျေးရွာအုပ်စု | ၁ | ၁၅၀ | ၆၀ | ၉၀ | ၉၀ | | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၈၃ | ၂၅၅၀၀ | ၁၅၅၅၁ | ၉၉၄၉ | ၉၅၃၁ | ၅၀၅ | ၈၇ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၄၁ | ၁၃ | ၂၈ | ၂၁ | ၇ | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၁၁၀၀ | | ၁၁၀၀ | ၁၁၀၀ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၈၃ | ၂၆၆၄၁ | ၁၅၅၆၄ | ၁၁၀၇၇ | ၁၀၆၅၂ | ၅၁၂ | ၈၇ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ CRPH အမည်ခံ မတရားအသင်း၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် CRPH မတရားအသင်းနှင့် ၎င်းအသင်းနှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့် ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများသာဖြစ်သဖြင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ တိမ်းရှောင်နေရသူများအနေဖြင့် အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရအရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## အုတ်တွင်းမြို့နယ်တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲ ပြုလုပ်

**အုတ်တွင်း မေ ၄**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း သုံးသပ်ဆွေးနွေးပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စုပေါင်းရုံးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းအေးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုနွယ်ဝင်းက မြစိမ်းရောင်စီမံကိန်း ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် စီမံကိန်းနှင့်ပတ်သက်သော အကြောင်းအရာများအား ရှင်းလင်းဆွေးနွေးသည်။



ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းနှင့်ပတ်သက်၍ တွေ့ကြုံရသည့် အခက်အခဲများအား ဆွေးနွေးတင်ပြခြင်းအပေါ် မြို့နယ် ကော်မတီဝင်များက ပြန်လည်ညှိနှိုင်းဆွေးနွေးခဲ့သည်။

ယနေ့ပြုလုပ်သည့် အခမ်းအနားသို့ မြစိမ်းရောင်စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်လျက်ရှိသည့် ကျေးရွာ ၃၉ ရွာမှ ကော်မတီဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ အောင်ပန်းဒေသထွက်အာလူးများ ဖြန့်ဖြူးရောင်းချ

**မန္တလေး မေ ၄**

ရှမ်းပြည်နယ်တောင်ပိုင်း/အရှေ့ပိုင်း သမဝါယမအသင်းစုချုပ်သည် ရှမ်းပြည်နယ်၏ ဒေသထွက်ကုန်များဖြစ်သည့် အာလူးနှင့် ကြက်သွန်ဖြူများအား တိုင်းဒေသကြီး/ပြည်နယ်သမဝါယမအသင်းတို့နှင့် ချိတ်ဆက်၍ ဝယ်ယူဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ အောင်ပန်းဒေသထွက်အာလူးများကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ အမရပူရမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ မြစ်သားမြို့နယ်၊ တံတားဦးမြို့နယ်၊ မိတ္ထီလာမြို့နယ်၊ သာစည်မြို့နယ်၊ ဝမ်းတွင်းမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီးသမဝါယမဦးစီးဌာနများရှိ သမဝါယမအသင်းသားပြည်သူများသို့ အာလူးပိဿာချိန်စုစုပေါင်း ၄၅၀၀ ကို သမဝါယမ၏ No Profit, No Lost မူအတိုင်း သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲ ပြုလုပ်

**ကဝ မေ ၄**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ ကျေးရွာပေါင်း ၂၈ ရွာတွင် ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မိသားစုဝင်ငွေတိုးစေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုလက်ရှိအခြေအနေတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေလည်ပတ်မှု မှန်ကန်စေရေးအတွက် ကျေးရွာများမှ မြစိမ်းရောင်စီမံကိန်းကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံ၍ ကြုံတွေ့ရသည့်အခက်အခဲ၊ ဖြစ်ပေါ်နိုင်သည့် အခက်အခဲများနှင့် ပတ်သက်၍ သုံးသပ်ဆွေးနွေးခြင်းကို ယနေ့တွင် အဆိုပါရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးလှဝင်းကျော်ထံမှ သိရသည်။

**ချစ်နှင်းသုန်**

# လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အလယ်ကျေးရွာ အနော်ရထာလမ်း လူသတ်မှုနှင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)ရပ်ကွက် အောင်ဇေယျကြိုးတံတားထိပ်၌ မူးယစ်ဆေးဝါးများလက်ဝယ်တွေ့ရှိမှု ကျူးလွန်ခဲ့သူများအား ပြစ်ဒဏ်အသီးသီးချမှတ်

**နေပြည်တော် မေ ၄**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အလယ်ကျေးရွာ အနော်ရထာလမ်းရှိ ပိုင်ကြီးဆိုင်ကယ်ပြုပြင်ရေးဆိုင်၌ စွမ်းခန့်သူ(ဘ) ဦးသန်းဇော်မျိုးသည် ညီအစ်ကို ဝမ်းကွဲတော်စပ်သူ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အလယ်ကျေးရွာနေ အောင်ပိုင်(ခ)အေးမင်းပိုင်(ဘ)ဦးစိုးအေးနှင့်အတူ အရက်သောက်စားမူးယစ်ကာ စကားများရန်ဖြစ်ကြစဉ် စွမ်းခန့်သူက ဆိုင်ကယ်ပြင်ဆိုင်အမိုးတွင် ထိုးထားသော အရိုးအသွား ၁၀ လက်မခန့်ရှိ စကေဘာဓားဖြင့် ထိုးခဲ့ရာ အောင်ပိုင်(ခ) အေးမင်းပိုင်သည် ရင်ဘတ်ထိုးသွင်းဒဏ်ရာကြောင့် သေဆုံးခဲ့သဖြင့် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီး ရာဇသတ်ကြီး ပုဒ်မ-၃၀၂(၂) အရ မေ ၃ ရက်တွင် "အလုပ်နှင့်ထောင်ဒဏ် အနှစ်(၂၀)" အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

ထို့ပြင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)ရပ်ကွက် အောင်ဇေယျကြိုးတံတားထိပ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မော်တော်ယာဉ်ဖြတ်သန်းသွားလာမှုများအား စစ်ဆေးဆောင်ရွက်စဉ် မတ် ၃၀ ရက် ည ၇ နာရီ ၅ မိနစ်ခန့်တွင် ဦးဝင်းမြင့်မောင်းနှင်လာသည့် အဖြူရောင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ကျော်မြင့်ဦး(ခ)ရေခဲ(ဘ)ဦးတင်ရွှေ၏ ပြောက်ကျားဘေားလွယ်အိတ်အတွင်းမှ ပလတ်စတစ်အကြည်ရောင်အိတ်ဖြင့် ထည့်ထားသည့် WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား သုံးပြား၊ အအေး စုပ်ပိုက် တစ်ချောင်း၊ မူးယစ်ဆေးဝါး သုံးစွဲထားသည့် ခဲပြား နှစ်ခု၊ ခဲပြား အသစ် နှစ်ခုတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါး(သို့မဟုတ်)စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကို လက်ဝယ်ထားရှိခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါး များဆိုင်ရာဥပဒေပုဒ်မ - ၁၆(ဂ) အရ မေ ၃ ရက်တွင် "အလုပ်နှင့် ထောင်ဒဏ် (၁၀)နှစ်" အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့တွင် အထည်ချုပ်စက်ရုံများ၊ အခြေခံပညာအထက်တန်းကျောင်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများအား မီးရှို့ဖျက်ဆီးခြင်း၊ မီးငြိမ်းသတ်မှု မဆောင်ရွက်နိုင်ရန် တားဆီးနှောင့်ယှက်မှုများ ဆောင်ရွက်သည့်အပြင် အကြမ်းဖက်မှုများကိုပါ ဆောင်ရွက်လာသဖြင့် စစ်အုပ်ချုပ်ရေးအမိန့် ( Martial Law) အား မတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ကြေညာထားသည့်



တရားခံ စွမ်းခန့်သူ



တရားခံ ကျော်မြင့်ဦး(ခ)ရေခဲ

မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၌ အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုရန်အတွက် လက်လုပ်ချိန်ကိုက်မိုင်း စမ်းသပ်ပြုလုပ်ရာမှ ပေါက်ကွဲမှုဖြစ်ပွားပြီး NLD ပါတီဝင် လွှတ်တော်ကိုယ်စားလှယ်ဟောင်းပါ အမျိုးသား ငါးဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

**နေပြည်တော် မေ ၄**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၌ မေ ၃ ရက်တွင် အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုရန်အတွက် လက်လုပ်ချိန်ကိုက်မိုင်း စမ်းသပ်ပြုလုပ်ရာမှ ပေါက်ကွဲမှုဖြစ်ပွားပြီး NLD ပါတီဝင် လွှတ်တော်ကိုယ်စားလှယ်ဟောင်း အပါအဝင် အမျိုးသား ငါးဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၃ ရက် ညနေ ၅ နာရီခန့်တွင် ပြည်မြို့နယ် နတ္တလင်းကျေးရွာအုပ်စု ကမ္ဘီလာကျေးရွာနေ ဦးမောင်စယ်(၆၁)နှစ် (ဘ) ဦးမြမောင်၏ သံပရာခြံအတွင်း၌ ပြင်းထန်သည့် တုန်လှုပ်မှုနှင့် အသံကျယ်လောင်စွာ ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း အဆိုပါနေရာတစ်ဝိုက်ရှိ ပြည်သူလူထုအချို့က လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ ဆက်သွယ်အသိပေးအကြောင်းကြားလာခဲ့သဖြင့် ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ ပြည်မြို့နယ် စံပြကျေးရွာနေ သက်ဝင်းလှိုင် (၃၅)နှစ်(ဘ)ဦးစိန်လှိုင် တိုင်း(၁) လွှတ်တော်ကိုယ်စားလှယ်ဟောင်း NLD ပါတီဝင် ဦးစီး၍ အမျိုးသား ခြောက်ဦးသည် ဆိုင်ကယ် သုံးစီးဖြင့် ၎င်းခြံဝင်းအတွင်းသို့ ညနေ ၅ နာရီဝန်းကျင်တွင် ရောက်ရှိလာခဲ့ပြီး ခဏအကြာ ပေါက်ကွဲသံ ပြင်းပြင်းထန်ထန် ကြားခဲ့ရခြင်းဖြစ်ကြောင်းနှင့် အဆိုပါပေါက်ကွဲမှုကြောင့် ပြည်မြို့နယ် စံပြကျေးရွာနေ သက်ဝင်းလှိုင်(၃၅)နှစ် (ဘ)ဦးစိန်လှိုင် တိုင်း(၁) လွှတ်တော်ကိုယ်စားလှယ်ဟောင်း NLD ပါတီဝင်၊ ပြည်မြို့ ရွာဘဲရပ်ကွက်နေ အောင်မင်းဖြိုး (၂၃)နှစ် (ဘ)ဦးသိန်းဇော်၊ ပြည်သာယာရပ်ကွက်နေ အေးမင်းသိန်း (၂၂)နှစ် (ဘ)ဦးမြင့်အေးနှင့် ဟန်ဇော်ဌေး



(၂၂)နှစ်(ဘ)ဦးဟန်ရှင်တို့ လေးဦးသည် အခင်းဖြစ်နေရာတွင် သေဆုံးကာ ကမ္ဘီလာကျေးရွာနေ ချစ်သဲ(၃၀)နှစ်(ဘ) ဦးလှကြိုင်နှင့် ရွာဘဲရပ်ကွက်နေ စည်သူအောင်(၃၀)နှစ်(ဘ) ဦးထွန်းရှိန်တို့ နှစ်ဦးတွင် ဒဏ်ရာပြင်းထန်စွာ ရရှိထားသည်ကို တွေ့ရသဖြင့် ၎င်းတို့နှစ်ဦးအား ဆေးဝါးကုသမှုခံယူနိုင်ရေး ပြည်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးစဉ် ချစ်သဲမှာ ပြင်းထန်စွာ ရရှိထားသော ဒဏ်ရာများကြောင့် အဆိုပါနေ့ ညနေပိုင်းတွင် သေဆုံးသွားခဲ့သည်။

ပေါက်ကွဲမှုဖြစ်ပွားသည့် နေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက အသေးစိတ် စစ်ဆေးခဲ့ရာ အခင်းဖြစ်ပွားရာနေရာ၏ အနောက်ဘက် ပေ ၂၀ ခန့်အကွာ၌ ဝါယာကြိုးအား ကွိုင်ဖြင့်ဆက်သွယ်ထားပြီး တိတ်အပြာဖြင့် ပတ်ထားသည့် ဓာတ်ခဲ သုံးလုံး၊ Hello တံဆိပ်ပါ Keypad ဖုန်းကာဗာအကွဲ တစ်ခု၊ Vivo တံဆိပ်ပါ ဖုန်းကိုယ်ထည် စတီးပြား တစ်ခုနှင့် ဘက်ထရီ တစ်ခု၊ သုံးလက်မခန့် ဓာတ်ခဲအလွတ် တစ်လုံး၊ မူလီခေါင်း ဆိုဒ်စုံ ငါးခု၊ ပျက်စီးနေသော Samsung အပြာရောင်ဖုန်း တစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်းနှင့် ဖြစ်စဉ်နှင့်ပတ်သက်၍ အသေးစိတ်ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မြို့နယ်အချို့၌ နိုင်ငံတော်ပိုင်အဆောက်အအုံများအား ဆူပူအကြမ်းဖက်သူများက မီးကွင်း၊ မီးပုလင်းများဖြင့် ပစ်ပေါက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်

**နေပြည်တော် မေ ၄**

ဆူပူအကြမ်းဖက်လူအုပ်စုများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်အချို့၌ နိုင်ငံတော်ပိုင်အဆောက်အအုံများအား မီးကွင်း၊ မီးပုလင်းများဖြင့် ပစ်ပေါက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်လျက်ရှိသည်။

**မီးပုလင်းများဖြင့်ပစ်ပေါက်**

ထိုသို့လုပ်ဆောင်လျက်ရှိရာ မေ ၃ ရက် နံနက် ၂ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ကျုံလမုကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ လူနေထိုင်ခြင်းမရှိသည့် နေအိမ်လိုင်းခန်းကို လည်းကောင်း၊ ည ၇ နာရီ ၅၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ပဲခူးလမ်းရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး





လယ်ဝေးမြို့နယ်၌ ဒုတိယပညာရေးမှူး နေအိမ်အား မီးပုလင်းဖြင့် ပစ်ပေါက်ထားသည်ကို တွေ့ရစဉ်။

ကိုလည်းကောင်း၊ ယနေ့နံနက် ၄ နာရီတွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက် မနော်ဟရီလမ်း ၄၅ လမ်းနှင့် ၄၆ လမ်းကြားရှိ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးကိုလည်းကောင်း၊ နံနက် ၇ နာရီတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် သဲကောလေးကျေးရွာရှိ ဒုတိယမြို့နယ်ပညာရေးမှူး၏ နေအိမ်ကို လည်းကောင်း ဆူပူအကြမ်းဖက်သမားများက ဆိုင်ကယ်များဖြင့် လာရောက်၍ မီးပုလင်းများ၊ မီးကွင်းများဖြင့် ပစ်ပေါက်ခဲ့ရာ မီးလောင်ကျွမ်းမှုများ ဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့သည်။ အဆိုပါမီးလောင်မှုများကြောင့် နေအိမ်အဆောက်အအုံများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများ မီးလောင်ပျက်စီးခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် အကြမ်းဖက်ဖျက်ဆီးမှုလုပ်ရပ်များအား လုပ်ဆောင်

**နေပြည်တော် မေ ၄**

နိုင်ငံတော်အတွင်း နိုင်ငံတော်ပိုင်အဆောက်အအုံများ၊ အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထုအချို့၏ နေအိမ်များ၊ အများပြည်သူ သွားလာလှုပ်ရှားနေသော လမ်းမကြီးများပေါ်တွင် လက်လုပ်ဗုံးများ ပစ်ဖောက်ခြင်း၊ ထောင်ထားခြင်းများအား လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ မေ ၃ ရက် ညနေ ၄ နာရီ ၃၅ မိနစ်အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် (၆)ရပ်ကွက် လသာလမ်းရှိ RH & RV ဖုန်းအရောင်းဆိုင်ရှေ့တွင် ရပ်တန့်ထားသော ယာဉ်အားလည်းကောင်း၊ ည ၆ နာရီ ၃၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက် ၇၈ လမ်းနှင့် စစ်ကိုင်းလမ်းထောင့်ရှိ ရပ်ကွက်စီမံအုပ်ချုပ်ရေး အဖွဲ့ရုံးအားလည်းကောင်း၊ ည ၈ နာရီ ၁၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့ မေတ္တာမြိုင်ရပ်ကွက် မြို့နယ်ပညာရေးမှူးရုံး အားလည်းကောင်း၊ ည ၈ နာရီ ၂၅ မိနစ်တွင် ကရင်ပြည်နယ် ကျုံဒိုးမြို့ (၁)ရပ်ကွက်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီခရိုင် ဥက္ကဋ္ဌဖြစ်သူ ဦးစောရွှေ၏ နေအိမ်အားလည်းကောင်း၊ ည ၉ နာရီ ၁၅ မိနစ်တွင် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် သိမ်းကုန်းကျေးရွာနှင့် မြောက်မန်းကြားကျေးရွာ ရွာချင်းဆက်လမ်းပေါ်၌လည်းကောင်း၊ ည ၉ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဆ)ရပ်ကွက် ၁၂၈ လမ်းနှင့် ၁၂၉ လမ်းကြားရှိ မြို့နယ်ပညာရေးမှူးရုံးအားလည်းကောင်း။

### လက်ပစ်ဗုံးများဖြင့်ပစ်ပေါက်

အလားတူ ယနေ့နံနက် ၃ နာရီတွင် ကရင်ပြည်နယ် လှိုင်းဘွဲမြို့ (ဃ)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနှင့် ရွှေတဆုပ်လမ်းကြားရှိ မြို့နယ်ပညာရေးမှူးရုံးအနီးရှိ ပျံကျဈေးတန်း အဟောင်းအားလည်းကောင်း၊ နံနက် ၄ နာရီခွဲတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ မန္တလေးရပ်ကွက်ရှိ မော်လမြိုင်ပညာရေးဒီဂရီကောလိပ်ဝင်းအတွင်းရှိ ကောလိပ်ဆိုင်းဘုတ်အနီး၌လည်းကောင်း၊ နံနက် ၄ နာရီ ၄၅ မိနစ်တွင် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်ရှိ မြို့နယ်ပညာရေးမှူးရုံးနှင့် မြို့နယ်တရားရုံးတို့အားလည်းကောင်း၊ နံနက် ၅ နာရီ မိနစ် ၂၀ တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ရွှေမြိုင်သီရိရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအနီးအားလည်းကောင်း၊ နံနက် ၆ နာရီ ၅ မိနစ်တွင် ချင်းပြည်နယ် ဟားခါးမြို့ ဖလမ်း-ဟားခါးကားလမ်း မြို့အဝင် (၆)လမ်းဆုံအနီးအားလည်းကောင်း၊ နံနက် ၇ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက်နေ ဦးရဲထွဋ်မှူး (၅၆)နှစ် (ဘ) ဦးသောင်းညွန့်၏ နေအိမ် ဈေးဆိုင်အားလည်းကောင်း၊ ယနေ့နံနက် ၇ နာရီ ၅၀ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက် စက္ကဝတ်(၆)လမ်းရှိ ရာအိမ်မှူး ဦးရဲထွဋ်မှူး၏ နေအိမ်အားလည်းကောင်း၊ နံနက် ၉ နာရီ မိနစ် ၄၀ ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ဇီးကုန်းရပ်ကွက် ပန်းခြံစု(၃) လမ်းရှိ ရာအိမ်မှူး ဦးသန်းဌေး၏ နေအိမ်အားလည်းကောင်း၊ နံနက် ၁၀ နာရီခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ စော်ဘွားအင်းရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံးအားလည်းကောင်း၊ နံနက် ၁၁ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရှင်စောပုရပ်ကွက် ဟံသာဝတီဘောလုံးကွင်းအတွင်းသို့လည်းကောင်း၊ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ကယားပြည်နယ် ဖရူဆိုမြို့ ထီးတရဲ ရပ်ကွက်ရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအားလည်းကောင်း၊ မွန်းလွဲ ၁၂ နာရီခွဲတွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့ မြို့နယ်ပန်းခြံအားလည်းကောင်း၊ မွန်းလွဲ ၁ နာရီခန့်တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် (၁၇)ရပ်ကွက် ရွှေရင်အေးကျောင်းလမ်းရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းအားလည်းကောင်း ဆူပူအကြမ်းဖက်သူများက ဆိုင်ကယ်များဖြင့် လာရောက်၍ လက်လုပ်မိုင်းများ၊ လက်ပစ်ဗုံးများဖြင့် ပစ်ပေါက်ဖောက်ခွဲခဲ့ရာ ရပ်ကွက်ရုံးများ၊ နေအိမ်၊ အဆောက်အအုံများနှင့် ယာဉ်များ အနည်းငယ်ထိမှန်ပျက်စီးခဲ့ပြီး အပြစ်မဲ့ပြည်သူသုံးဦး ဗုံးစထိမှန်ဒဏ်ရာ အနည်းငယ်ရရှိခဲ့ကြောင်း သိရသည်။



လသာမြို့နယ်၌ လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲမှု

### လက်လုပ်ဗုံးများတွေ့ရှိ

ထို့ပြင် ယနေ့နံနက် ၇ နာရီတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ကျိုက်ဖနဲရပ်ကွက် ဒိုင်းဝန်းကွင်းလမ်းနေ ဦးကျော်နိုင်ဦး (၄၄)နှစ် (ဘ) ဦးကျော်စိုး၏ နေအိမ်ရှေ့၌လည်းကောင်း၊ နံနက် ၈ နာရီ ၁၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့ အမှတ်(၄) ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဘေးလမ်း ပလက်ဖောင်းပေါ်၌လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့ မေတ္တာမြိုင်ရပ်ကွက်ရှိ မြို့နယ်တရားရုံးဝင်းအတွင်း၌ လည်းကောင်း မပေါက်ကွဲသေးသည့် လက်လုပ်ဗုံးများတွေ့ရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အများပြည်သူအန္တရာယ်မဖြစ်စေရေး သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့ကြောင်း သိရသည်။

တရားမဝင်အဖွဲ့အစည်းအဖြစ်ကြေညာထားသော NUG အဖွဲ့အနေဖြင့် နိုင်ငံတစ်ဝန်း ဆူပူအကြမ်းဖက်မှုများလုပ်ဆောင်ရန် ကြေညာချက်များ ထုတ်ပြန်ခြင်း၊ တိုက်တွန်းခြင်းများ ဆောင်ရွက်လျက်ရှိပြီး ယခုကဲ့သို့အကြမ်းဖက်ဖြစ်စဉ်များ ဖြစ်ပွားအောင် ဆောင်ရွက်လျက်ရှိသဖြင့် အပြစ်မဲ့ပြည်သူများအနေဖြင့် ထိတ်လန့်ကြောက်ရွံ့ စိုးရိမ်ပူပန်ခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေသူများအား ပြည်သူများနှင့်အတူ ပူးပေါင်း၍ ဖမ်းဆီးရမိရေးနှင့် တရားဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

■

## မြစ်ကြီးနားမြို့နယ်အတွင်း လမ်းပြုပြင်ရေး လုပ်ငန်းဆောင်ရွက်နေသည့် လမ်းလုပ်သားများအား KIA အဖွဲ့က လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် မေ ၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မြစ်ကြီးနား- ဆွမ်ပရာဘွမ်လမ်း မိုင်တိုင်အမှတ် ၁၀၁ ကီလိုမီတာနှင့် ၁၀၂ ကီလိုမီတာကြား၌ လမ်းပြုပြင်ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းလမ်းအထူးအဖွဲ့(၂)မှ ဇင်မျိုးအောင်(ဘ) ဦးစိန်လှအောင် မောင်းနှင်ပြီး လမ်းလုပ်သားကိုးဦး လိုက်ပါလာသည့် SKAT အမျိုးအစား ယာဉ်အမှတ်၊ 5G/--- သည် လမ်းပြုပြင်ရန်အတွက် ၁၀၃ ကီလိုမီတာသို့သွားရောက်စဉ် ဧပြီ ၃၀ ရက် ည ၇ နာရီ ၁၅ မိနစ်ခန့်တွင် တီယန်ဇွတ် ကျေးရွာ၏မြောက်ဘက် ၇ မိုင်ခန့်အကွာနေရာသို့အရောက်၌ KIA အဖွဲ့က လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ပစ်ခတ်မှုကြောင့် လမ်းလုပ်သားများဖြစ်ကြသည့် ကျော်မြင့်(ဘ)ဦးဘိုနီ၊ မတင်မာအေး (ဘ)ဦးထွန်းစိန်နှင့် မခင်နွေဦး(ဘ)ဦးတင်ငွေတို့တွင် လက်နက်ငယ်ထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် နယ်မြေအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကလေးမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ ရန်ပြုတိုက်ခိုက်ခဲ့သည့် လက်နက်ကိုင်အကြမ်းဖက်သူများအား လူစုခွဲရှင်းလင်း

**နေပြည်တော် မေ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ ယမန်နေ့တွင် လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား အကြမ်းဖက်ရန်ပြုတိုက်ခိုက်ခဲ့သည့် လက်နက်ကိုင်အကြမ်းဖက်သူများအား လူစုခွဲခြင်းများ ဆောင်ရွက်ခဲ့ရာ အမျိုးသားနှစ်ဦးအား တူမီးသေနတ်၊ လက်လုပ်သေနတ်များနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန်ခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လှည့်ကင်းဆောင်ရွက်စဉ် ဆည်တောကျေးရွာအထွက်အရောက်၌ ဦးဆောင်သူ လက်နက်ကိုင်အကြမ်းဖက်သူအင်အား ၁၀၀ ခန့်က တူမီးသေနတ်၊ လက်လုပ်သေနတ်များဖြင့် ဝိုင်းဝန်းရန်ပြု ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ် လူစုခွဲခဲ့ရာ ညနေ ၆ နာရီ မိနစ် ၄၀ တွင် လက်နက်ကိုင်အကြမ်းဖက်သူများ လူစုကွဲဆုတ်ခွာသွားခဲ့ပြီး အဆိုပါ လူအုပ်စုအတွင်းမှ တင်သားကျေးရွာနေ သိန်းဇော်(၅၃)နှစ် (ဘ) ဦးအေးမောင်နှင့် မြောက်စည်းရွာသစ် ကျေးရွာနေ ဌေးအောင် (၅၆)နှစ် (ဘ) ဦးတင်အုံးတို့ နှစ်ဦးအား လက်လုပ်သေနတ်အကြီး နှစ်လက်၊ လက်လုပ်မိုင်းလေးလုံး၊ တူမီးသေနတ် တစ်လက်၊ ယမ်းကြိုးခွေတစ်ခွေ၊ ဝိုင်ယာကြိုးခွေတစ်ခွေ၊ ဘက်ထရီအိုးနှစ်လုံးတို့နှင့် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်မှ ဖမ်းဆီးရမိသူများနှင့် ပါဝင်ပတ်သက်သူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

## ကချင်ပြည်နယ် မံစီမြို့နယ်ရှိ ရဲတပ်ဖွဲ့စခန်းအား လက်နက်ကိုင်သောင်းကျန်းသူများက လာရောက်တိုက်ခိုက်

**နေပြည်တော် မေ ၄**

ကချင်ပြည်နယ် မံစီမြို့နယ်ရှိ ရဲတပ်ဖွဲ့စခန်းအား ယမန်နေ့တွင် လက်နက်ကိုင် သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးကျဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ ည ၈ နာရီ ၄၅ မိနစ်တွင် မံစီမြို့နယ်ရှိ ရဲတပ်ဖွဲ့စခန်းအား လက်နက်ကိုင်သောင်းကျန်းသူများက ရဲစခန်း၏ အရှေ့တောင်ဘက် ကိုက် ၅၀၀ ခန့်အကွာရှိ သစ်တောအတွင်းမှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ရဲစခန်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပြန်လည်ခုခံတိုက်ခိုက်ခဲ့ရာ ည ၉ နာရီ မိနစ် ၅၀ ခန့်တွင် လက်နက်ကိုင်သောင်းကျန်းသူများ အရှေ့ဘက်သို့ ပြန်လည်ဆုတ်ခွာသွားခဲ့ပြီး ဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ကျဆုံးခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

# တစ်ပိုင်တစ်နိုင်စိုက်ခင်းများနှင့် ဘဝရှင်သန်ခြင်း

နွေဦးမောင်

မြန်မာနိုင်ငံသည် စိုက်ပျိုးရန် မြေလွတ်မြေလပ်များ ကျယ်ပြန့်စွာတည်ရှိနေသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ အဆိုပါ မြေလွတ်မြေလပ်များကို အသုံးမပြုဘဲနှင့်ပင်လျှင် အသုံးပြုဆဲ ယာမြေ၊ လယ်မြေများပေါ်တွင် သီးနှံပင်မျိုးစုံကို စိုက်ပျိုးပြီး ထွက်ရှိသမျှသည် တစ်နိုင်ငံလုံး လုံလောက်အောင် စားသုံးနိုင်ကာ ပိုလျှံသည်များကို နိုင်ငံခြားသို့ တင်ပို့ရောင်းချလျက်ရှိပါသည်။ တစ်နိုင်ငံလုံးရှိ မြို့ရွာကျေးလက်အားလုံးတွင် မြေပိုမြေလွတ်များရှိနေသည်ဖြစ်သောကြောင့် မြို့ပြနှင့်ကျေးလက်တွင် နေထိုင်ကြသော နိုင်ငံသူ နိုင်ငံသားများအနေဖြင့် တစ်ပိုင်တစ်နိုင် ကိုယ်ပိုင်စိုက်ခင်းလေးများ တည်ထောင်ကာ စိုက်ပျိုးရေးမှ ရရှိသော အကျိုးကျေးဇူးများကို ရရှိခံစားနိုင်ပါသည်။

**လူသားတို့၏ အသက်ဓာတ်ဖြစ်သော အောက်ဆီဂျင်ဓာတ်**

လူနေမှုထူထပ်သည့် မြို့ကြီးပြကြီးများမှ တိုက်တာ၊ အဆောက်အအုံများပေါ်တွင် နေထိုင်ကြသူများမှလွဲပြီး မြေလွတ်မြေလပ်ပေါ်တွင် စိုက်ပျိုးကြသူများအဖို့ မိမိကိုယ်တိုင် ခွန်အားနှင့် ချွေးစက်များကို အရင်းတည်လျက် စိုက်ပျိုးထားသည့် စိုက်ခင်းလေးမှ ထွက်ရှိသော ဟင်းသီးဟင်းရွက်များကို နေ့စဉ်စားသုံးသည့် ဟင်းလျာအဖြစ် အသုံးပြုနိုင်ခြင်း၊ စိုက်ခင်းလေးတွင် ဝင်ရောက်လုပ်ကိုင်ရသောကြောင့် ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားပြီးသား ဖြစ်သွားခြင်း၊ မိမိစိုက်ခင်းလေး၏ တိုးတက်ဖြစ်ထွန်းမှုကို အမြဲမြင်တွေ့နေရသောကြောင့် စိတ်ချမ်းသာပျော်ရွှင်မှုရရှိခြင်း၊ မိမိစိုက်ခင်းလေးမှ လူသားတို့၏ အသက်ဓာတ်ဖြစ်သော အောက်ဆီဂျင်ဓာတ်ကိုရရှိနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

လူသားတို့သည် မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်တွင် သစ်တောသစ်ပင်နှင့် ကင်းကွာ၍ မရစကောင်းပါ။ သစ်ပင်များကြောင့် လူသားတို့ နေထိုင်နိုင်သည့် ရာသီဥတုပေါ်ပေါက်လာသလို ထိုရာသီဥတုကပင် လူသားများအပါအဝင် သစ်တောသစ်ပင်များကို ပြန်လည်ဖန်တီးနေပါသည်။ သို့တစေ သစ်ပင်မပေါက်သော သဲကန္တာရတွင် တည်ရှိသည့် အစ္စရေးနိုင်ငံသည်ပင် သဲမြေအတွင်း စိုက်ပျိုးရေးလုပ်ငန်းများဖြင့် စိမ်းလန်းစိုပြည်စေကာ လူသားတို့ နေထိုင်နိုင်သည့် ဝန်းကျင်ဖြစ်စေရန် ဖန်တီးနေထိုင်သည့် သာဓကရှိပါသည်။ ထို့ကြောင့်ပင် အပူပိုင်းဒေသဆိုင်ရာ စိုက်ပျိုးရေးနည်းစနစ်များနှင့်ပတ်သက်လာလျှင် တစ်ကမ္ဘာလုံးက အစ္စရေးနိုင်ငံမှပင် နည်းပညာများ ရယူကြရသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးမြေရော ပလပ်မြေပါ ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ရန်ကုန်မြို့ကဲ့သို့ မြို့ကြီးများ၏ ဆင်ခြေဖုံးတွင် နေထိုင်သူများအတွက်မူ ကျေးလက်များကဲ့သို့ လယ်ကွင်းများ၊ စိုက်ခင်းများ ကျယ်ပြောစွာ မရှိသော်လည်း မိမိတို့အိမ်၏ တံစက်မြိတ်ရှေ့တွင်ပင် စိုက်ပျိုးရန်မြေနေရာ ရှိနေပါသည်။ အိမ်ရှေ့၊ နောက်ဖေး၊ အိမ်ဘေးတစ်နေရာမဟုတ်တစ်နေရာတွင် စိုက်စရာ မြေဧရိယာတစ်ထွာတစ်မိုက်မျှ ရှိနေစမြဲ ဖြစ်ပါသည်။ ယုတ်စွအဆုံး မိမိတို့၏ ခြံအတွင်း စိုက်ပျိုးစရာမြေ လုံးဝမရှိသည့်တိုင် အိမ်အပြင် ခြံရှေ့တွင် စိုက်ပျိုးနိုင်ပါသေးသည်။ ပန်းအိုးများကို အသုံးပြုလျက် စင်တစ်စင်တွင် ဆင့်ကာ စီတင်ထားပြီး နေရာကျဉ်းကျဉ်းတွင် အပင်များများ စိုက်ပျိုးထားနိုင်ပါသည်။ အိမ်တံစက်မြိတ်တွင် ဆိုင်းအိုးများဖြင့် ကောင်းစွာစိုက်ပျိုးနိုင်ပါသေးသည်။

လူနေမှုသိပ်သည်းသည့် မြို့ကြီးပြကြီးရှိ တိုက်တာအဆောက်အအုံများတွင် နေထိုင်ကြသောသူများမှာပင် စိုက်စရာမြေမရှိသော်လည်း နေရာတော့ ရှိနေပါသေးသည်။ အကြောင်းမှာ မိမိတို့၏ ကျဉ်းမြောင်းလှစွာသော တိုက်ခန်းလေးများတွင် တစ်ပေပတ်လည်၊ နှစ်ပေပတ်လည်မျှ နေရာလွတ်လေးရှိရုံဖြင့် စိုက်ပျိုးရေးကို ကြံဆလုပ်ဆောင်နိုင်သောကြောင့် ဖြစ်ပါသည်။ ထိုစိုက်ခင်းလေးများကို ရာသီအလိုက် ဟင်းသီးဟင်းရွက်ပင်များဖြင့် မိမိစိတ်တိုင်းကျ ပြောင်းလဲစိုက်ပျိုးဖန်တီးနိုင်ပါသည်။

အဓိကမှာ စိုက်ပျိုးလိုစိတ်သာ ဖြစ်ပါသည်။ စိုက်ချင်ပျိုးချင် စိတ်ရှိသူများအဖို့ မြေတစ်ထွာတစ်မိုက်ဖြစ်စေ၊ နေရာတစ်ပေမျှဖြစ်စေ အလဟဿ အဖြစ်မခံကြပါ။ မြေရှိလျှင် ဟင်းသီးဟင်းရွက်ပင်များကို မြေတွင်တိုက်ရိုက်ချကာ စိုက်ပျိုးနိုင်ကြပြီး တိုက်တာအဆောက်အအုံများတွင် နေထိုင်ပြီး နေရာလွတ်အနည်းငယ်သာ ရရှိကြသူများအဖို့ ရသမျှနေရာလေးတွင် ဖြစ်နိုင်သမျှ နည်းစနစ်များဖြင့် သီးပင်စားပင်၊ ပန်းပင်များကို စိုက်ပျိုးနိုင်ကြပါသည်။ ငွေကုန်ကြေးကျလည်း မများလှပါ။ အားလပ်ချိန်များတွင် မိမိတို့၏ ကိုယ်စိတ်နှစ်မျိုးစလုံးကို အချည်းနှီးမဖြစ်စေဘဲ မိမိတို့ စိုက်ခင်းလေးများတွင် အကျိုးရှိသော အချိန်များအဖြစ် ကုန်ဆုံးစေနိုင်ပါသည်။ တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းဖြစ်သောကြောင့် မိမိတို့၏ခွန်အားကို အလွန်အမင်း စိုက်ထုတ်စရာလည်း မလိုအပ်လှပါ။

တိုက်ခန်းများတွင် နေသူများအဖို့ ကျဉ်းမြောင်းလှသော တိုက်ခန်းဧရိယာကို မိမိတို့၏ မိသားစုအတွက် နေရာချနိုင်သည့်အပြင် စိုက်ပျိုးရန်အတွက်လည်း ခွဲဝေအသုံးချလေ့ရှိကြသည်။ မိမိတို့စိုက်ပျိုးသည့် ဟင်းသီးဟင်းရွက်ပင် အမျိုးအစားအလိုက် စင်လေးများဖြင့် အဆင့်လိုက် စိုက်ပျိုးကြသည်။ သို့မဟုတ်ပါက ကြိုးတန်းပြီး ပန်းအိုးကဲ့သို့ ထည့်သိုစရာ တစ်ခုခုတွင် စိုက်ပျိုးကြပြီး ဆိုင်းကြိုးများဖြင့် ထားကြသည်။ စင်တစ်ခုရိုက်ပြီး မိမိတို့၏ အပင်ငယ်လေးများကို ထည့်သိုစရာများဖြင့် ထည့်ကာဆင့်ကာစီကာ စိုက်ပျိုးတတ်ကြသည်။ မိမိတို့ မသုံးတော့သည့် ရေပုံး၊ ရေခွက်၊ ရေသန့်ဘူးအဟောင်းများသည် စိုက်ပျိုးရန် အကောင်းဆုံးကုန်ကြမ်းပစ္စည်းများ ဖြစ်ကြသည်။ မြို့ပြလူနေမှုအခက်အခဲကြောင့် မိမိတို့၏ ပတ်ဝန်းကျင်ကမ္ဘာလေးကို ရနိုင်သမျှလှပစေရန် ဖန်တီးကြရသည်။

**သီးပင်စားပင်လေးများမှ ရနံ့များက စိတ်ကိုကြည်လင်စေ**

ထိုသို့ စိုက်ပျိုးထားသည့်အတွက် မိမိတို့၏ အိမ်ဂေဟာကို အလှဆင်ပြီးသားပင် ဖြစ်သွားပါသည်။ သစ်ရွက်သစ်ခက် စိမ်းစိမ်းစိုစိုလေးများက ဝန်းကျင်ပသာဒဖြစ်စေပြီး နှလုံးဟဒယကို ရွှင်လန်းစေပါသည်။ အလုပ်ခွင်မှ ပင်ပန်းလာသမျှ အပင်လေးများကို ကြည့်ရင်း အပန်းဖြေနိုင်ပါသည်။ မိမိတို့ မီးဖိုချောင် ကုန်ကျစရိတ်အတွက်လည်း အတိုင်းအတာတစ်ခုအထိ အထောက်အကူ ဖြစ်စေနိုင်ပါသည်။ လတ်ဆတ်ပြီး ကိုယ်တိုင်စိုက်ပျိုးထားသည့် စိုက်ခင်းမှရသော ဟင်းသီးဟင်းရွက်ကို စားသုံးရသည့်အတွက် ရရှိသော ကျေနပ်ပီတိသည် မည်သည့်အရာနှင့်မျှ မလဲနိုင်ပါ။ ထို့ပြင် သီးပင်စားပင်လေးများမှ ရနံ့များက စိတ်ကိုကြည်လင်စေပါသည်။ အပင်လေးများမှရရှိသော အောက်ဆီဂျင်ဓာတ်ငွေ့ကလည်း ကျန်းမာရေးကို ထောက်ကူပါသေးသည်။

မိမိတို့၏ ပတ်ဝန်းကျင်တွင် သစ်ပင်ပန်းမန်များ ရှိနေခြင်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရာတွင် တစ်တပ်တစ်အား ပါဝင်ခြင်း ဖြစ်ပါသည်။ ယနေ့ လူသားအားလုံးကို ခြိမ်းခြောက်နေသည့် ကမ္ဘာကြီး ပူနွေးလာမှုပြဿနာကို မိမိတို့တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကြိုးပမ်းလျှော့ချခြင်းလည်း မည်ပါသည်။ သစ်ပင်ပန်းမန်များ ရှိနေခြင်းကျေးဇူးကြောင့် ဂေဟစနစ်ကို ထိန်းသိမ်းရာရောက်ပါသည်။ သစ်ပင်ကြီးငယ်များနှင့် တိရစ္ဆာန်ပိုးမွှားများသည် အချင်းချင်း အမှီပြုနေကြသကဲ့သို့ လူသားများကိုလည်း အသက်ရှင်ရပ်တည်နိုင်မှု ဘဝစက်ဝန်းအတွက်များစွာ အထောက်အကူပြုကြပါသည်။ လောကသုံးပါးသည် အချင်းချင်း အမှီသဟဲပြုနေကြသည်ဖြစ်ရာ ထိုထိုသော လောကများတွင် နေထိုင်ကြသူများအနေဖြင့် လောကများကို ပြန်လည်အကျိုးပြုပြီး နေထိုင်ကြမှသာလျှင် လောကအကျိုး သယ်ပိုးခြင်းဟု မည်ပါသည်။ တစ်နည်းအားဖြင့် လောက၏ ကျေးဇူးတရား သိတတ်ခြင်းပင် ဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံသားတိုင်းအနေဖြင့် မိမိတို့နေထိုင်ရာ အဆောက်အအုံများတွင် မိမိတို့ချည်းသာ နေထိုင်နိုင်ကြရန် ဖန်တီးမနေကြဘဲ မိမိတို့၏ နေရာလေးမှပင် လောကကြီးကို ပြန်လည်အကျိုးပြုရန် တတ်နိုင်သမျှ အားထုတ်ဆောင်ရွက်သင့်ကြပါသည်။ မိမိစိုက်ပျိုးလိုက်သော သီးပင်လေးတစ်ပင်၊ စားပင်လေးတစ်ပင်မှသည် အရိပ်ရသစ်ပင်ကြီးငယ် အရွယ်စုံတို့ကြောင့် မိမိတို့၏ ပတ်ဝန်းကျင်တစ်ခိုစိမ်းစိမ်းစိုလျက် သာယာအေးချမ်းစေသင့်ပါသည်။ လူသားတို့နှင့် ယှဉ်တွဲနေထိုင်နိုင်ကြသည့် ကျေးငှက်သာရကာ တိရစ္ဆာန်များအတွက် မိမိတို့၏ ဆောင်ရွက်မှုသည် အားကိုးထိုက်ဖွယ် ဖြစ်သင့်ပါသည်။

**အဘိုးအိုနှင့် မင်းသားတို့ပါဝင်သည့် ပုံပြင်ကဲ့သို့**

မြေနေရာ ကျယ်ကျယ်ရှိသူများကလည်း မိမိတို့ နေရာရှိသလောက် တတ်နိုင်သမျှ အရိပ်ရပင်၊ နှစ်ရှည်ပင်၊ ပန်းပင်၊ သီးပင်စားပင်များကို စိုက်ပျိုးသင့်ကြပါသည်။ မိမိတို့ စိုက်ပျိုးလိုက်သည့် သစ်ပင်ပန်းမန်တို့သည် မိမိတို့ တစ်သက်တာအတွက် သုံးစွဲအားထားရသင့်သကဲ့သို့ နောင်လာနောက်သားများအတွက်လည်း ရည်စူးကာ စိုက်ပျိုးသင့်ကြပါသည်။ မူလတန်း မြန်မာဖတ်စာတွင် ပြဋ္ဌာန်းခဲ့ဖူးသည့် သရက်ပင်ပေါက်လေး စိုက်နေသော အဘိုးအိုနှင့် မင်းသားတို့ ပါဝင်သည့် ပုံပြင်ကဲ့သို့ပင် ဖြစ်ပါသည်။

စင်စစ် မိမိတို့ နေ့စဉ်စားသုံးသည့် အစာအာဟာရများတွင် မိမိတို့ပတ်ဝန်းကျင်ရှိ သစ်ပင်ပန်းပင်မျိုးစုံမှ ရရှိသော စားစရာများသည် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပါဝင်နေပါသည်။ ထို့ကြောင့် အဆိုပါ စားစရာများသည် မိမိ၏ခွန်အားကို အရင်းတည်ပြီး ဖြစ်ပေါ်လာသည့် ရလဒ်များဖြစ်သည့်အတွက် အစားအစာကိုသာမက ပီတိကိုပါ စားသုံးရမိခြင်းဖြစ်လေရာ များစွာ ဂုဏ်ယူဖွယ်ရာ ကောင်းလှပါသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်ကျော် ကာလများက နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြလေ့ရှိသည့် "ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ"ဆိုသည့် ဆောင်ပုဒ်အတိုင်း စိုက်ရေးပျိုးရေးကို အာရုံစိုက်ကာ မိမိတို့၏ အားလပ်ချိန်များကို အကျိုးရှိစွာ ကုန်ဆုံးသင့်ပါသည်။ တစ်ယောက်ကစ တစ်ရွာ၊ တစ်ထောင်၊ တစ်သောင်းတိုင်အောင် စိုက်ကြပျိုးကြပါလျှင် စိမ်းလန်းသော ပတ်ဝန်းကျင်များကို နိုင်ငံအနှံ့ တည်ထောင်နိုင်ကြပါလိမ့်မည်။ ထိုမှတစ်ဆင့် ဒေသအလိုက် ဂေဟစနစ်ကောင်းများကို ဖန်တီးနိုင်ကြပါလိမ့်မည်။ စိမ်းလန်းသောမြို့များကို တည်ထောင်နိုင်ကြပါလိမ့်မည်။ အနီးကပ်ဆုံး အကျိုးဆက်အဖြစ် မိမိတို့၏ မိသားစုဝင်များ ကျန်းမာရေး တိုးတက်ကောင်းမွန်လာပါလိမ့်မည်။

အတ္တဟိတ၊ ပရဟိတ ဆိုသည့်စကားအတိုင်း မိမိစိုက်ပျိုးသမျှ၏ ရလဒ်ကို မိမိကိုယ်တိုင် အဦးဆုံး ရရှိခံစားရမည်ဖြစ်ပေရာ စိုက်ပျိုးခြင်းသည် မိမိအတွက်သာမက အများအတွက်ပါ အကျိုးသက်ရောက်မှုရှိစေသည့်အတွက် လူတိုင်း အားထည့်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ထို့ကြောင့် နိုင်ငံသူ နိုင်ငံသားတိုင်း မိမိပတ်ဝန်းကျင်တွင် သစ်ပင်၊ ပန်းပင်၊ သီးပင်၊ စားပင်များကို တတ်နိုင်သမျှ ကြိုးပမ်းစိုက်ပျိုးကြပါရန် တိုက်တွန်းလိုက်ရပါသည်။ ။

**အဓိကမှာ စိုက်ပျိုးလိုစိတ်သာ ဖြစ်ပါသည်။ စိုက်ချင်ပျိုးချင်စိတ်ရှိသူများအဖို့ မြေတစ်ထွာတစ်မိုက်ဖြစ်စေ၊ နေရာတစ်ပေမျှဖြစ်စေ အလဟဿအဖြစ်မခံကြပါ။ မြေရှိလျှင် ဟင်းသီးဟင်းရွက်ပင်များကို မြေတွင် တိုက်ရိုက်ချကာ စိုက်ပျိုးနိုင်ကြပြီး တိုက်တာအဆောက်အအုံများတွင် နေထိုင်ပြီး နေရာလွတ်အနည်းငယ်သာ ရရှိကြသူများအဖို့ ရသမျှနေရာလေးတွင် ဖြစ်နိုင်သမျှ နည်းစနစ်များဖြင့် သီးပင်စားပင်၊ ပန်းပင်များကို စိုက်ပျိုးနိုင်ကြပါသည်။ ငွေကုန်ကြေးကျလည်း မများလှပါ။ အားလပ်ချိန်များတွင် မိမိတို့၏ ကိုယ်စိတ်နှစ်မျိုးစလုံးကို အချည်းနှီးမဖြစ်စေဘဲ မိမိတို့စိုက်ခင်းလေးများတွင် အကျိုးရှိသောအချိန်များအဖြစ် ကုန်ဆုံးစေနိုင်။**

## အနုပညာ

# ကလေးများနေ့အထိမ်းအမှတ် လှူဒါန်းခဲ့ကြတဲ့ ဂျေဟုတ် နဲ့ ဆူဇီ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့ BTS ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျေဟုတ်နဲ့ ကျော်ကြားတဲ့ တေးသံရှင်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ဆူဇီတို့ဟာ လတ်တလောမှာ ကျရောက်ခဲ့တဲ့ ကလေးများနေ့အမှတ်တရ လှူဒါန်းမှုတွေ ပြုလုပ်ခဲ့ကြတဲ့ ကိုရီးယားကြယ်ပွင့်တွေဖြစ်ကြကြောင်း အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဆူဇီဟာ တောင်ကိုရီးယားဝမ်သန်းတစ်ရာကို လှူဒါန်းခဲ့ကြောင်း သူ့ရဲ့ အေဂျင်စီက ထုတ်ဖော်ပြောကြားခဲ့တာပါ။ ဆူဇီဟာ မိဘမဲ့ဂေဟာမှာ နေထိုင်နေတဲ့ ကလေးငယ်တွေနဲ့ ကလေးစောင့်ရှောက်ရေးဂေဟာတွေက ဆက်လက်စောင့်ရှောက်မှုမပေးနိုင်တော့တဲ့ ကလေးတွေအတွက် ဝမ်သန်း ၁၀၀ လှူဒါန်းခဲ့တာဖြစ်ပါတယ်။

ဂျေဟုတ်ကတော့ ကလေးများဖွံ့ဖြိုးရေးအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ ကိုရီးယားကလေးများရန်ပုံငွေအဖွဲ့ကနေတစ်ဆင့် ဝမ်သန်း ၁၀၀ လှူဒါန်းခဲ့တာပါ။ အဆိုပါအဖွဲ့အစည်းရဲ့ ပြောကြားချက်အရ အလှူငွေတွေကို တန်ဇန်းနီးယားက ကလေးငယ်တွေအတွက် အသုံးပြုသွားမှာဖြစ်ကြောင်း သိရပါတယ်။ တန်ဇန်နီးယားက အကြမ်းဖက်ခံနေရတဲ့ ကလေးငယ်တွေကို ကူညီနိုင်ဖို့ One Stop Center တစ်ခု တည်ဆောက်ရာမှာ ထည့်သွင်းအသုံးပြုသွားမှာဖြစ်ပြီး အဆိုပါစင်တာမှာ ကလေးငယ်တွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုတွေ၊ ဥပဒေပိုင်းဆိုင်ရာ အထောက်အပံ့တွေ၊ နှစ်သိမ့်ဆွေးနွေးတာတွေ၊ မျက်မြင်သက်သေစုဆောင်းတာတွေနဲ့ အခြားမှတ်တမ်းပြုစုတာတွေ လုပ်ဆောင်သွားနိုင်မှာဖြစ်ကြောင်းလည်း သိရပါတယ်။

ဂျေဟုတ်က သူ့ရဲ့ လှူဒါန်းမှုနဲ့ပတ်သက်ပြီး ဒေသတွင်း ကလေးငယ်တွေအတွက် ထောက်ပံ့မှုတွေ ပြုလုပ်ခဲ့ပြီးနောက် နိုင်ငံခြားက ကလေးငယ်တွေကိုပါ လှူဒါန်းခြင်းဖြစ်ကြောင်းနဲ့ လူသားတွေရဲ့ နွေးထွေးမှုကို မျှဝေရာမှာ ကမ္ဘာကြီးရဲ့ ချောင်ကျတဲ့ နေရာတွေအထိပါ ရောက်ရှိစေလိုတာကြောင့် ယခုလို လှူဒါန်းခြင်းဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။



## ဆိုရယ်ဂျီ ရုပ်သံဇာတ်လမ်းတွဲသစ်မှ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း အတည်ပြု

တောင်ကိုရီးယား မင်းသမီးတစ်ဦးဖြစ်သူ ဆိုရယ်ဂျီဟာ သူပါဝင်သရုပ်ဆောင်လျက်ရှိတဲ့ ရုပ်သံဇာတ်လမ်းတွဲမှ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း သူ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီက လတ်တလောမှာ အတည်ပြုခဲ့ကြောင်း အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဆိုရယ်ဂျီဟာ Island လို့ အမည်ပေးထားတဲ့ ဇာတ်လမ်းတွဲရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်နေတာဖြစ်ပါတယ်။ သူဟာ ကျောင်းတွင်း အနိုင်ကျင့်မှုတွေမှာ ပါဝင်ကြောင်း သတင်းတွေထွက်ခဲ့ပြီးနောက် အချစ်ဟောင်းနဲ့ပတ်သက်တဲ့ သတင်းတွေလည်း ဆက်တိုက်ပေါ်ထွက်ခဲ့ပါတယ်။ သူဟာ ယခင်က ချစ်သူတွေဖြစ်ခဲ့ကြတဲ့ မင်းသား ကင်ဂျန်ယွန်းရဲ့ ရိုက်ကူးရေးတွေမှာ ပါဝင်ပတ်သက်ခဲ့တာပါ။ သူဟာ မင်းသားအတွက် ဇာတ်ညွှန်းတွေမှာ ဝင်ရောက်စွက်ဖက်ပြင်ဆင်ခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒီလို သတင်းတွေ ဆက်တိုက်ပေါ်ထွက်ခဲ့ပြီးနောက် သူ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီက ဆိုရယ်ဂျီအနေနဲ့ Island မှာ ပါဝင်သရုပ်ဆောင်တော့မှာ မဟုတ်ကြောင်း မေ ၄ ရက်မှာ ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။

Island ဇာတ်လမ်းတွဲမှာ ပါဝင်နေတဲ့ အခြားသော ဇာတ်ကောင်တွေကိုတော့ ပြောင်းလဲခြင်းမရှိဘဲ ဆိုရယ်ဂျီ ပါဝင်သရုပ်ဆောင်ထားတဲ့ ဇာတ်ကောင် ဝန်မင်ဟိုကိုတော့ ပြန်လည်ပြင်ဆင်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

## မိန်းကလေးဆန်တဲ့ အသွင်အပြင်နဲ့ လှနေတဲ့ ဂျီစူး

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Black Pink ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျီစူးဟာ အမျိုးသမီးဝတ် အဝတ်အထည်အမှတ်တံဆိပ်တစ်ခုဖြစ်တဲ့ it MICHAA အတွက် နွေရာသီဝတ်စုံတွေကို ဝတ်ဆင်ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေကို လတ်တလောမှာ ထုတ်ဖော်ပြသခဲ့ပါတယ်။ အဆိုပါ ဓာတ်ပုံတွေမှာ ဂျီစူးဟာ မိန်းကလေးဆန်ဆန်လှပနေကြောင်း အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

it MICHAA ရဲ့ ၂၀၂၁ ခုနှစ် နွေရာသီအတွက် ထုတ်ကုန်အရောင်းမြှင့်တင်ရေးလှုပ်ရှားမှုမှာ ဂျီစူးဟာ မော်ဒယ်အဖြစ် လုပ်ဆောင်ခဲ့တာပါ။ အဆိုပါ ဝတ်စုံတွေအနက် ပန်းပွင့်တွေပါဝင်တဲ့ ဒီဇိုင်းပုံစံ၊ တည်ငြိမ်တဲ့ ပုံစံမျိုးတွေနဲ့ ဝတ်ဆင်ရိုက်ကူးထားတာကြောင့် အမြဲလွတ်လွတ်လပ်လပ်ဖက်ရှင်ကျကျ ဝတ်ဆင်လေ့ရှိတဲ့ ဂျီစူးရဲ့ဝတ်ဆင်နေကျပုံစံနဲ့မတူတဲ့ အသွင်အပြင်မျိုးကို တွေ့မြင်ရပါတယ်။

မကြာသေးမီက ဂျီစူးကို အမှတ်တံဆိပ်အတွက် ပင်တိုင်မော်ဒယ်အဖြစ် ရွေးချယ်ခဲ့ပြီးနောက် ယခုလို နွေရာသီဝတ်စုံတွေကို ဝတ်ဆင်ရိုက်ကူးခဲ့တာပါ။ ဒါ့အပြင် အဆိုပါ အမှတ်တံဆိပ်ရဲ့ မိုးရာသီနဲ့ ဆောင်းရာသီအတွက် ရည်ရွယ်ထုတ်လုပ်ထားတဲ့ ဝတ်စုံသစ်တွေကို ဝတ်ဆင်ရိုက်ကူးထားတဲ့ ဂျီစူးရဲ့ ဓာတ်ပုံတွေကိုလည်း မကြာမီ ထုတ်ဖော်ပြသသွားမှာဖြစ်ကြောင်း သိရပါတယ်။



**အေးပြည့် – စုစည်းသည်**

---

### ❒ ၂၀၂၂ ကမ္ဘာ့ဖလားမှ

